**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့၊ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၃၈)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၂၂ ရက်၊ တနင်္ဂနွေနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အိမ်မဲမြို့နယ်၌ ယခုနွေသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားကေအားလုံးစိုက်ပျိုးပြီးစီး

**အိမ်မဲ မတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ယခုနွေသီးနှံစိုက်ပျိုးရာသီတွင် စပါးလျာထားကေအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အိမ်မဲမြို့နယ်၌ ယခုနွေသီးနှံစိုက်ပျိုးရာသီတွင် စပါး ၇၆၇၆၈ ကေကို ယခုနှစ်ဇန်နဝါရီလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ကေအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ်အိမ်မဲမြို့နယ်မှာ နွေစပါး ၇၆၇၆၈ ကေ စိုက်ပျိုးဖို့လျာထားခဲ့ပါတယ်။ လက်ရှိမှာ စပါးကေအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိနွေစပါးတွေ လျာထားကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့နဲ့

**စာမျက်နှာ ၁၇ ကော်လံ ၃ ■**



## ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး

စာ - ၁၆ သို့

**ဆောင်းပါး**

## ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျား၊ မတန်းတူပါဝင်စို့

စာ - ၁၃ သို့

. . . . . . . . . . . . .

## ကလေးသူငယ်များနှင့် ဖန်သားမျက်နှာပြင်ကြည့်ရှုချိန် (Screen Time)

စာ - ၈ သို့

## ညောင်ရွှေမြို့နယ် အင်းလေးကန်ပတ်လည်တွင် မြေအသုံးချမှုပြောင်းလဲမှုများအား ဝေဟင်မှကြည့်ရှုစစ်ဆေး

စာ - ၁၇ သို့

. . . . . . . . . . . . . . . . . . . . . . .

## ကျောက်ဆည်မြို့နယ်၌ နွေနှမ်း ၁၀၄၅၉ ကေစိုက်ပျိုးမည်

စာ - ၅ သို့



## ကျောက်စံနှင့်ကမ်းနီဆိုလာလျှပ်စစ်နှင့်မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးကေ ၃၅၀ လျာထားစိုက်ပျိုးလျက်ရှိ

စာ - ၇ သို့



## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၂၂ ရက်)

# ရေကဏ္ဍစုံစီမံရေး ကျား၊ မ တန်းတူပါဝင်ပေး

လူသားတို့နေ့စဉ်အသက်ရှင်သန်နေထိုင်ရေးအတွက် အဓိကလိုအပ်ချက်များတွင် ရေသည်လည်း ထိပ်ဆုံးကပါဝင်သည်။ မြန်မာစကားတွင် "ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်"ဟုဆိုသည့်အတိုင်း ရေသည်အသက်ရှင်ရေးအတွက်အရေးပါလှသည်။ ကမ္ဘာကြီးကို မြေ၊ ရေ၊ လေ၊ မီးဟူသော ဓာတ်ကြီးလေးပါးဖြင့်ဖွဲ့စည်းထားသောကြောင့် ရေသည် လူသားတို့အတွက်မရှိမဖြစ်သောမိတ်ဆွေဖြစ်သည်။ လူသားတို့အတွက်သာမက သစ်ပင်ပန်းမန်များရှင်သန်ကြီးထွားနေစေရေးအတွက်လည်း အဓိကဖြစ်သည်။

ထို့ကြောင့် လူသားတို့အနေဖြင့် ရေနှင့်ပတ်သက်လာလျှင် တန်ဖိုးထားကာသုံးစွဲနိုင်ရေးအတွက် နှစ်စဉ်မတ်လ ၂၂ ရက်နေ့အား ကမ္ဘာ့ရေနေ့အဖြစ်သတ်မှတ်ထားသည်။ ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့ရေနေ့ ဆောင်ပုဒ်မှာ "ရေကဏ္ဍစုံစီမံရေး ကျား၊ မ တန်းတူပါဝင်ပေး (Water and Gender)" ဟူ၍ဖြစ်သည်။ ကမ္ဘာ့ရေနေ့အဖြစ်သတ်မှတ်ရန်အတွက် ဘရာဇီးနိုင်ငံတွင် ၁၉၉၂ ခုနှစ်ကကျင်းပသော ကုလသမဂ္ဂ ပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာညီလာခံတွင် အစီအစဉ်အမှတ်(၂၁)ဖြင့် ပဏာမအဆိုပြုခဲ့သည်။ ၁၉၉၃ ခုနှစ် မတ်လ ၂၂ ရက်နေ့မှစ၍ ယခုနှစ်တိုင်အောင် ကမ္ဘာ့ရေနေ့အခမ်းအနားအား ကမ္ဘာတစ်ဝန်းလုံးတွင် နှစ်စဉ်ကျင်းပကြရာ ယခု ၂၀၂၆ ခုနှစ်သည် (၃၄)နှစ်မြောက်သို့ရောက်ရှိပြီဖြစ်သည်။

ကမ္ဘာ့ရေနေ့၏အဓိကရည်ရွယ်ချက်များမှာ ရေသယံဇာတထိန်းသိမ်းရေး၊ ရေအခက်အခဲမကျရောက်စေရေး၊ ရေကိုစနစ်တကျသုံးစွဲကြစေရေး၊ သန့်ရှင်းသည့်သောက်သုံးရေနှင့် မိလ္လာစနစ်တို့မရရှိသူများအတွက် အလေးထားဖြေရှင်းပေးရေးနှင့် ရေ၏အရေးပါမှုကို လူသားတို့ ဂရုပြုလာကြစေရေးဟူသည့် ရည်ရွယ်ချက်များဖြင့်ကျင်းပသည့် ကမ္ဘာ့ရေနေ့သည် မြန်မာနိုင်ငံအဖို့လည်း ပူပြင်းခြောက်သွေ့သည့်ရာသီတွင်ကျရောက်နေပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးသည့်ကာလ၊ ရေခန်းခြောက်သည့်ကာလဖြစ်၍ ရေအရင်းအမြစ်များထိန်းသိမ်းရန်လိုအပ်ချက်များအား သတိပြုမိစေရန်နှင့် တွေ့ကြုံရသည့်စိန်ခေါ်မှုများအား မတူကွဲပြားသောနည်းလမ်းများဖြင့် စုပေါင်းဖြေရှင်းနိုင်ကြရန်ဖြစ်သည်။ ရေသည် ဤကမ္ဘာမြေအတွက် သဘာဝတရား၏ အကောင်းဆုံးသောလက်ဆောင်မွန်ဖြစ်သည်။ ကမ္ဘာ့ရေထု၏ ၉၇ ရာခိုင်နှုန်းသည် ပင်လယ်ရေငန်ဖြစ်ပြီး ၃ ရာခိုင်နှုန်းသာလျှင် ရေချိုဖြစ်သည်။ ထူးခြားသည်မှာ ထိုရေချို၏ ၇၀ ရာခိုင်နှုန်းသည် ရေခဲပြင်ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းသည် မြေအောက်ရေများဖြစ်သည်။ မြစ်ချောင်းများအတွင်းတွင် စုစုပေါင်းရေချိုပမာဏ၏ သုညဒသမ ၅ ရာခိုင်နှုန်းသာရှိသည်။

မြန်မာနိုင်ငံသည် ရေအရင်းအမြစ်ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်ပြီး အဓိကမြစ်ကြီးလေးစင်းနှင့် မြစ်ချောင်းများစွာတို့ ဒေသအနှံ့အပြားတွင် စီးဆင်းနေကြသော်လည်း "ရွှေကိုမလို၊ ငွေကိုမလို၊ ရေကိုသာလိုသည်"ဆိုသည့် ဒေသများစွာလည်းရှိနေကြသည်။ သန့်ရှင်းသောသောက်သုံးရေသည် လူတို့၏ကျန်းမာရေးနှင့်သန့်ရှင်းရေးအတွက် မရှိမဖြစ်အရေးကြီးသည့်အလျောက် လူတိုင်းသန့်ရှင်းသော သောက်သုံးရေကို လက်လှမ်းတမီလွယ်ကူစွာသုံးစွဲခွင့်ရရှိနိုင်ဖို့လိုသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့်နိုင်ငံများအတွက် ကုလသမဂ္ဂကချမှတ်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် စတင်ခဲ့သည့် ၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်ဖြစ်သော "စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်(၁၇)ချက်တွင် "လူတိုင်းအတွက် ရေနှင့်သန့်ရှင်းမှုရရှိရန်နှင့် ထိုသို့ရရှိရန်အတွက် စဉ်ဆက်မပြတ်စီမံခန့်ခွဲမှုရှိရန်" ဟူသောအချက်ကို ပန်းတိုင်(၆)အဖြစ် ချမှတ်ထားသည်။ နေရာတိုင်း၌ ဆင်းရဲမှုအမျိုးမျိုးကိုအဆုံးသတ်ရန်အတွက် ရေသည်လိုအပ်သည့်အရာဖြစ်သည်။ ကမ္ဘာတစ်ခွင်ကိုကြည့်မည်ဆိုလျှင် သန်းထောင်ပေါင်းများစွာသောပြည်သူများ၊ မရေတွက်နိုင်လောက်အောင်များပြားလှသည့် စာသင်ကျောင်းများ၊ စီးပွားရေးလုပ်ငန်းခွင်များ၊ ဆေးကုသရာနေရာဆေးရုံဆေးခန်းများ၊ စိုက်ပျိုးမွေးမြူလယ်ယာများ၊ ကုန်ထုတ်လုပ်သည့်အလုပ်ရုံများ စသည့်နေရာများတွင် သန့်ရှင်းသောသောက်သုံးရေနှင့် သန့်စင်ခန်းများ၊ မိလ္လာစနစ်များ လိုအပ်နေကြသည်။ ယင်းသို့သောအခြေအနေကို မြန်မြန်ဆန်ဆန်ပြောင်းလဲနိုင်ရန်အတွက် လက်ရှိကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကစီးပွားရေးအဖြစ် အားထားနေရသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရေအရင်းအမြစ်များ မပျက်စီးမဆုံးရှုံးစေရေး၊ စိုက်ပျိုးရေနှင့်သောက်သုံးရေများကို အလဟဿလေလွင့်ပြုန်းတီးမှုမဖြစ်စေရေးနှင့် စနစ်တကျသုံးစွဲရေး၊ ရေသယံဇာတများကို စနစ်တကျစီမံခန့်ခွဲရေးတို့တွင် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် **"ရေကဏ္ဍစုံစီမံရေး ကျား၊ မ တန်းတူပါဝင်ပေး"**ဆောင်ပုဒ်နှင့်အညီ အားလုံးကတက်ကြွစွာပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြှင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။




# ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေး တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်

မင်းဘူး မတ် ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ဥယျာဉ်ဇင် ကျေးရွာအုပ်စု သိမ်ကုန်းနည်းပညာပြန့်ပွားရေးစင်တာဝင်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူပညာပေးသင်တန်းကျောင်း၌ ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေး တောင်သူနည်းပညာပေးသင်တန်းဖွင့်ပွဲကို မတ်လ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းက ဒေသတွင်းစိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြေနိမ့်ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် လိုအပ်သည့်နည်းပညာနှင့် မျိုးစေ့ပျိုးပင်များကို ဌာနမှပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး သင်တန်းသားတောင်သူများအား မြေနိမ့်ကော်ဖီပျိုးပင်များပေးအပ်သည်။

ဆက်လက်၍ သင်တန်းနည်းပြအရာရှိများနှင့် နတ်ရေကန်ကော်ဖီခြံတာဝန်ခံတို့က ကော်ဖီစိုက်ပျိုးနည်းပညာဘာသာရပ်များကို စနစ်တကျသင်ကြားပို့ချပေးရာ သင်တန်းသားများ၏ ဆွေးနွေးမေးမြန်းချက်များကိုတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** – ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** – ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** – ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** – ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ဟိုပုံးမြို့နယ်၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေး

ဟိုပုံး မတ် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို မတ်လ ၂၁ ရက်တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဆန်းဦးက ယခုပွင့်လင်းရာသီတွင် တောမီးနှင့် တခြားမီးလောင်မှုကြောင့် ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် မြန်မာနိုင်ငံအပါအဝင် မဲခေါင်ဒေသ အဖွဲ့ဝင်နိုင်ငံများအတွက် သိသာထင်ရှားသည့် ဆိုးကျိုးတစ်ခုဖြစ်ကြောင်း၊ မီးခိုးမြူငွေ့ကြောင့် ဖြစ်ပေါ်လာသည့်ဆိုးကျိုးများအနေဖြင့် မီးခိုးများတွင်ပါသည့် အမှုန်အမွှားများကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ပြင်းပြင်းထန်ထန်ခံစားရတတ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် Fire Hotspot ဖြစ်ပေါ်မှု လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် တောင်စောင်းဒေသများတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းအစား ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်များဖြစ်သည့် ကွန်တို/တောင်စောင်းစိုက်ပျိုးစနစ်နှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်ကိုကျင့်သုံးခြင်း၊ ကုန်းမြင့်လယ်ယာစိုက်ပျိုးရေးစနစ်ကို ကျင့်သုံးခြင်း၊ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများနှင့် လူနေအိမ်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ရေးနှင့် မီးရှို့ခြင်းအစား သဘာဝမြေသြဇာပြုလုပ်ပြီး ပြန်လည်အသုံးပြုခြင်း၊ သစ်တောစိုက်ခင်းများတွင်လည်း မီးမရှို့ဘဲ စိုက်ပျိုးသည့်အလေ့အကျင့်များကျင့်သုံးခြင်းတို့ကို အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းက နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းများနှင့် ပတ်သက်၍ဆွေးနွေးပြောကြားကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



# မအူပင်မြို့နယ်၌ ငါးပြေမများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



မအူပင် မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ငါးပြေမများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ဌေး၏ပြောဆိုချက်အရ သိရသည်။

မအူပင်မြို့နယ်၌ ယခုနှစ်မတ်လတတိယပတ်မှစ၍ ငါးပြေမများ ဝယ်လိုအားကောင်းလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ တစ်ရက်လျှင် ငါးပြေမပိဿာ ၅၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''မအူပင်မြို့နယ်ကနေထွက်တဲ့ငါးပြေမတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ တစ်ရက်ကို ငါးပြေမပိဿာ ၅၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေပါတယ်။ ဒီဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကနေ တစ်ဆင့် တခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်''ဟု ဒေါ်ခင်ဌေးကပြောသည်။

မအူပင်မြို့နယ်၌ လယ်ငါးပြေမနှင့်မွေးမြူရေးငါးပြေမနှစ်မျိုးထွက်ရှိပြီး ထွက်ရှိလာသည့်ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# သဲကုန်းမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

သဲကုန်း မတ် ၂၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို မတ်လ ၂၀ ရက်က ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပြည့်ဖြိုးသူက ကလေးအလုပ်သမား၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အသက်အရွယ်အပိုင်းအခြားနှင့် အလုပ်ချိန်ကန့်သတ်ချက်များအကြောင်း အသိပညာပေးဟောပြောပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် မြန်မာနိုင်ငံရှိ ကလေးငယ်များအား ကျောင်းနေအရွယ်တွင် ပြင်ပလုပ်ငန်းခွင်များ၌ ခိုင်းစေမှုလျော့နည်းပပျောက်စေရန် စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကိုကျော် (သဲကုန်း)**

# မုံရွာမြို့၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

မုံရွာ မတ် ၂၁

အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ်လ ၂၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း သစ်တောပြုစု ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် မုံရွာတက္ကသိုလ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မုံရွာမြို့ မြို့သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ခန်းမအတွင်းခင်းကျင်းပြသထားသည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် ပိုစတာများကို လိုက်လံကြည့်ရှုကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

မြဝတီ ကာတွန်း



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

စိတ်အိုက်နေသော သက်သက်ကမူ အအေးဒဏ်ကို သတိမထားမိချေ။ ပူသလိုလို အိုက်သလိုလိုပင်ဖြစ်နေလေသည်။

'ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းရှိလို့တဲ့'

'ဘာပဲဖြစ်ဖြစ်ဟယ်၊ မိုးရွာရွာ၊ နေပူပူပေါ့၊ ခေတ်ပုံပြပွဲတော့ သွားကြည့်ရအောင်'

'ဘာတွေများပါလို့လဲ'

'ရှေးခေတ်တက္ကသိုလ်အကြောင်း သိရတာပေါ့ဟယ်၊ တက္ကသိုလ်နှစ် ၅၀ နဲ့ ကြုံလို့ ကြည့်ရတာဟဲ့ မိသက်ရဲ့၊ နှစ် ၁၀၀ ဆိုရင် ဒို့ကြုံနိုင်မှာ မဟုတ်တော့ဘူး ထင်တယ်'

'ဘာလို့လဲ'

'ဟယ်၊ နောင် နှစ် ၅၀ ဆို ဒို့အိုလှပေါ့၊ သေချင်ရင်တောင် သေလောက်ပြီ'

သက်သက်သည် ဦးစိတ်တိုနှင့်သာ အလိုက်သင့်စကားပြောနေရသော်လည်း စိတ်မဝင်စားလှပေ။ ရင်ထဲတွင် ကိန်းအောင်းနေသော မကျေမချမ်းစိတ်လေးကလည်း ပျောက်မသွားချေ။ 'ငါ့နှယ် မနေနိုင်မထိုင်နိုင် မလာချင်မှန်းသိလျက်နဲ့ အလကားသွားပြောမိတယ်၊ မိုက်လိုက်တာ'ဟုတွေးရင်း ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်နေလေသည်။

သို့သော် ဆေးရုံပေါ်တက်လာသော စုလှိုင်နှင့်ပက်ပင်းတွေ့ရအခါ သက်သက်၏ရင်ထဲမှ မကျေနပ်စိတ်များ ချက်ချင်းလွင့်ပါးသွားကြသည်။ မပြုံးမရယ် တည်တည်လေးကြည့်နေသောစုလှိုင်၏လက်ကို ပြေး၍ဆုပ်ကိုင်ကာ ဝမ်းသာအားရ လှုပ်ယမ်းမိသည်။ 'ကိုကိုရဲ့၊ သက်သူငယ်ချင်း စုလှိုင်က စိတ်ထားကောင်းတယ် သိရဲ့လား၊ ထွန်းကိုလာကြည့်တယ်၊ သက်ပြောတဲ့စကားကို နားထောင်တယ်' ဟု စိတ်ထဲမှ အော်ဟစ်ပြောနေမိသည်။

ခေတ္တထွက်သွားသော နာနီသည် ထွန်းအနားသို့ပြန်ရောက်မလာသေးပေ၊ ဘေးဘက်တွင် တန်းလေးများကာရံထားသော ခုတင်လေးပေါ်တွင် ထွန်းသည် မျက်လုံးလေးစုံမှိတ်ကာ မှိန်းနေလေသည်။

'စုမှာ နောက်ထပ် မောင်ထပ်ရတော့မှာ မဟုတ်တော့ဘူး သိလား သက်သက်၊ သူက စုရဲ့တစ်ဦးတည်းသော မောင်ပဲဖြစ်နေပြီ'

စုလှိုင်က ထွန်းကိုငေးကြည့်ရင်း အိပ်မက်မက်နေသူလို တိုးတိုးလေးပြောသည်။ သက်သက်ကို ဦးတည်ပြောနေဟန်ရှိသည်။ သို့သော်လည်း စင်စစ် မည်သူ့ကိုမျှပြောခြင်းမဟုတ်ဘဲ တစ်ဦးတည်း ညည်းညူနေခြင်းဖြစ်ကြောင်း သက်သက်နားလည်လိုက်သည်။

"စုမှာ နောက်ထပ် မောင်ထပ်ရတော့မှာ မဟုတ်တော့ဘူး သိလား သက်သက်၊ သူက စုရဲ့တစ်ဦးတည်းသောမောင်ပဲဖြစ်နေပြီ။
စုလှိုင်က ထွန်းကိုငေးကြည့်ရင်း အိပ်မက်မက်နေသူလို တိုးတိုးလေးပြောသည်။ သက်သက်ကို ဦးတည်ပြောနေဟန်ရှိသည်။ သို့သော်လည်း စင်စစ် မည်သူ့ကိုမျှပြောခြင်းမဟုတ်ဘဲ တစ်ဦးတည်း ညည်းညူနေခြင်းဖြစ်ကြောင်း သက်သက်နားလည်လိုက်သည် . . ."

'ဘာဖြစ်လို့လဲ'

'မာမီရော၊ ဒက်ဒီရော နှစ်ယောက်စလုံး ကလေးမရအောင်တားလိုက်ကြတယ်တဲ့လေ၊ ဟင်း ဟင်း နှစ်ယောက်စလုံးပေါ့'

စုလှိုင်သည် မပွင့်တပွင့်လေးရယ်နေသည်။ နှုတ်ခမ်းဖျားလေးသည် သရော်သလိုတွန့်နေပြီး မျက်လုံးအစုံကမူ မှုန်မှိုင်းရီဝေနေလေသည်။

စုလှိုင်၏ ရယ်သံလေးကိုကြားသောအခါ ထွန်း၏မျက်လုံးလေးများသည် ဖျတ်ခနဲပွင့်လာသည်။ သူ့ခုတင်ဘေးတွင်ရပ်နေသောစုလှိုင်အား မယုံသလိုငေးကြည့်ရင်း ဖြူရော်သောမျက်နှာလေးတွင် သွေးရောင်ရိပ်ရိပ်လေး လျှမ်းတက်လာသည်။

အသက်ဆယ့်ခြောက်နှစ်ခန့်ကွာသော မကြီးနှင့်မောင်ငယ်ထွေးတို့သည် တစ်ဦးကိုတစ်ဦးငေးကြည့်ရင်း မျက်ရည်ရစ်ဝဲနေကြစဉ် သက်သက်သည် ထိုနေရာမှ တိတ်တိတ်လေးပြန်ထွက်လာခဲ့လေသည်။

၁၊ ၁၂၊ ၇၀

'ထွန်း'ဆေးရုံတက်ရတာကို စုလှိုင်လာကြည့်တယ်၊ စုလှိုင်မှာ အကြင်နာတရားရှိပါတယ်၊ မေတ္တာတရားရှိပါတယ်၊ ထွန်းကိုငုံ့ကြည့်ရင်း မျက်ရည်လေးဝဲနေတဲ့ပုံဟာ ငါ့မျက်စိမှာစွဲနေတယ်၊ ငါသာ ပန်းချီဆွဲတတ်ရင်လေ အဲဒီပုံကိုဆွဲမယ်၊ နောက်ပြီး 'မေတ္တာရိပ်' လို့ နာမည်ပေးမယ်။

■ ■ ■ ■ ■

တက္ကသိုလ် ရွှေရတုသဘင်ပွဲတွင် အမာညိုတို့ ဗိသုကာဌာနက ပလတ်စတစ်ပစ္စည်းများရောင်းလေသည်။ ပလတ်စတစ်ပေတံ၊ ဆပ်ပြာခွက်၊ ရေခွက်လေးများမှ အစပြု၍ အင်္ကျီချိတ်၊ ရေဇလုံ၊ ရေပုံးများအထိ ပလတ်စတစ်ပစ္စည်းအစုံရောင်းသည်။

ဘင်္ဂလားပင်လယ်အော် မုန်တိုင်းကြောင့် သဝေထိုးပြီး ရောက်လာသော မိုးသည် ပွဲတော်ကို အတော်လေး ကသိကအောက်ဖြစ်စေသည်။ သို့သော် အမာညိုတို့ကိုကား မိုးကအကျိုးပေးလေသည်။ ဆောင်းစရာထီးမပါသော လူငယ်များသည် ပလတ်စတစ်ရေပုံးအသေးစားလေးများကိုဝယ်၍ ဆောင်းကြသည်။ အနီ၊ အဝါ၊ အပြာ၊ အစိမ်း၊ အရောင်စုံလှသော ရေပုံးလေးများသည် မိုးရေခံဦးထုပ်အဖြစ် ဘဝပြောင်းသွားပြီး လက်မလည်အောင်ရောင်းရလေသည်။

'မိမာညို ငါတို့ဝယ်ထားတဲ့ မုန့်တီလက်မှတ်တွေ အလကားဖြစ်တော့မယ်၊ ရေခဲမုန့်လက်မှတ်ရော၊ နောက်ပြီး ရဟတ်စီးဖို့လက်မှတ်လည်း လေးစောင်တောင်ရှိသေးတယ်'

'ဒီလောက်လူတွေကျပ်နေတာ ဆိုင်ပြင်ထွက်ချင်သေးလို့လား မိမိလေးရာ'

'လူကတော့ တစ်ချိန်လုံးကျပ်မှာပဲ'

အဓိပတိလမ်းတစ်လျှောက်လုံး ကြိတ်ကြိတ်တိုးနေသော လူအုပ်ကိုကြည့်ပြီး ဆိုင်ပြင်ထွက်ရမည်ကိုကြောက်သည်။ လမ်းဘေးတစ်လျှောက် ဆိုင်များဆက်နေသည်။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဘဝမှနေပြီး နေ့ချင်းညချင်း ဈေးသည်ဖြစ်ကုန်ကြသော ဈေးသည်များကလည်း တကြော်ကြော်ဖြင့် ဈေးခေါ်ကောင်းလှသည်။ အဓိပတိလမ်း ဟိုဘက်ထိပ်မှ ဒီဘက်ထိပ်ရောက်အောင် သွားရလျှင် တစ်နာရီခွဲ၊ နှစ်နာရီခန့်ကြာမည်ထင်သည်။ ကြက်ပျံမကျစည်ကားသည်ဟူသော စကားကို အမာညိုသည် ယခုမှ လက်တွေ့သိရလေသည်။ ပဲကြီးလှော် ပဲကြီးလှော် တိုင်းလုံးကျော်တဲ့ပဲကြီးလှော်၊ နည်းနည်းလေးဝါးရင် ကျဲကျဲလေး အားမပါပေမယ့် တော်တော်လေးစားရင် မော်တော်လေး သွားသလို တဖွတ်ဖွတ်နဲ့၊ ပေါင်ကြားမှာ စက်တပ်လို့ လိုရာခရီးကို မြန်မြန်နီးနိုင်တဲ့ ပဲကြီးလှော်'

ကျောင်းသားတစ်ဦးက ပဲကြီးလှော်ထုပ်လေးကိုမြှောက်ကာ မြှောက်ကာပြရင်း သံနေသံထားဖြင့်အော်နေသည်။

'ပလတ်စတစ် ပလတ်စတစ် တအားဟစ်လို့ ရောင်းလိုက်မယ် ပလတ်စတစ်'

ပေါက်ကျိုင်းသည် ရေပုံးအဝါတစ်လုံးကိုဆောင်းထားပြီး သူ့လက်ထဲတွင်လည်း ပလတ်စတစ်ပစ္စည်းစုံကိုဆွဲကိုင်ကာ အသံကုန်အော်နေလေသည်။ သူတကာလိုလည်း ကာရန်၊ နဘေဖြင့် မအော်တတ် မဟစ်တတ်သဖြင့် ကျယ်လောင်သောအသံတစ်ခုတည်းကိုသာ အားကိုးအားထားပြုနေရရှာလေသည်။ အမာညိုသည် ဆိုင်နောက်ဘက်ရှိ ခပ်ကြမ်းကြမ်းရိုက်ထားသော ဝါးကွပ်ပျစ်လေးပေါ်တွင်ထိုင်နေသည်။ အားရပါးရအော်ဟစ်ရောင်းချနေသော ပေါက်ကျိုင်းကိုကြည့်ကာ ရယ်ချင်နေသည်။ ပေါက်ကျိုင်းတစ်ယောက်တည်းသာ ဈာန်ဝင်ပြီးအော်ဟစ်နေသည်မဟုတ်ချေ။ သူ့ဘေးတွင် ကျောင်းသားလေးငါးယောက်ကလည်း ပစ္စည်းမျိုးစုံကို မြှောက်ကိုင်ရင်း တစ်ယောက်တစ်ပေါက် အော်ဟစ်ပြီး ဈေးခေါ်နေကြသည်။ ဆိုင်တွင်းမှဖွင့်ထားသော သီချင်းသံနှင့် သူတို့အသံသည် ဗလုံးဗထွေးရောကာ ဆူညံနေသော်လည်း အားလုံးပျော်နေကြလေသည်။

'စုလှိုင်၊ မဝယ်တော့ဘူးလား'

လူအုပ်တွင်းမှ စုလှိုင်ကို မိမိလေးက အော်ခေါ်သည်။ စုလှိုင်သည် အရပ်မြင့်မြင့် ယောကျ်ားပျိုတစ်ဦး၏ လက်မောင်းကို ဆွဲကိုင်ကာ လူကြားထဲမှ ခဲခဲယဉ်းယဉ်းတိုးရင်း သူတို့နားရောက်လာသည်။ ပျော်ရွှင်တက်ကြွနေသော သူတို့တစ်တွေကိုကြည့်ကာ ပြုံးရယ်လိုက်သော်လည်း ငြီးငွေ့နေသောဟန်က ပေါ်လွင်နေလေသည်။

'လူတွေကျပ်လိုက်တာ၊ ဘာများ ဒီလောက်တိုးဝှေ့ပြီး ပျော်နေကြတယ် မသိဘူး'

စုလှိုင်၏ညည်းသံကို မည်သူမျှ အရေးမထားမိကြချေ။ သူ့လက်တွင်းသို့ ဆပ်ပြာခွက်၊ ပေတံ၊ ရေခွက်များ အတင်းကောက်ထည့်ပြီး သူပေးသောတစ်ဆယ်တန်ကို ပြန်၍မအမ်းဘဲ ယူထားလိုက်ကြလေသည်။ ခါတိုင်းအချိန်ဆိုလျှင် စုလှိုင်ကို ဒီမျှ တရင်းတနှီးမဆက်ဆံရဲကြသော်လည်း အားလုံးပျော်ရွှင်နေချိန်မို့ ဇွတ်အတင်း အနိုင်ကျင့်မိကြခြင်းဖြစ်သည်။ အမာညိုသည် စုလှိုင်စိတ်များဆိုးသွားမလားဟုစိုးရိမ်မိသော်လည်း စိတ်ဆိုးဟန်မရှိချေ။ သူ့ပိုက်ဆံအကြွေပြန်မအမ်းသည်ကိုပင် သတိထားမိပုံမရချေ။ယောကျ်ားလေးအများစုကမူ စုလှိုင်၏ဘေးမှ ကိုလူချောကို ဝိုင်း၍အကဲခတ်ကြသည်။ မနာလိုသောမျက်လုံးများဖြင့် ကြည့်မိကြလေသည်။ **ဆက်လက်ဖော်ပြပါမည်။**

## ကျောက်ကြီးမြို့နယ်၌ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကိုယ်ဝန်ဆောင်မေးခိုင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်

ကျောက်ကြီး မတ် ၂၁

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံ၌ မတ်လ ၂၀ ရက်က ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကိုယ်ဝန်ဆောင် မေးခိုင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသက်နှစ်လမှ သုံးနှစ်အောက်ကလေးများအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုရောဂါကာကွယ်ဆေး၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး စသည့်ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပေါင်ချိန်ခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ဆောင်ရန်/ရှောင်ရန်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ ကလေးမွေးဖွားရာတွင် အခက်အခဲမရှိစေရန် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများအလိုက် တာဝန်ထမ်းဆောင်နေသည့် သားဖွားဆရာမများနှင့် ချိတ်ဆက်ထားရေးတို့ကို အသိပညာပေးပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပုံမှန်ထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီး ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကိုယ်ဝန်ဆောင်မေးခိုင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို မတ်လ ၁၉ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျန်ရှိသူများကို ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံနေမှုအခြေအနေကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ချမ်းမြေ့

## မြင်းခြံမြို့နယ်၌ မြင်းခြံမူလတန်းကြိုကျောင်း၏ ကျောင်းဆင်းဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲကျင်းပ

မြင်းခြံ မတ် ၂၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် မြင်းခြံမူလတန်းကြိုကျောင်း၏ ကျောင်းဆင်းဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲကို မတ်လ ၂၀ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြင်းခြံခရိုင် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်းက ကျောင်းဆင်းဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

မြင်းခြံမူလတန်းကြိုကျောင်း၌ တက်ရောက်သင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူလေးများအား ကျောင်းဆင်းဂုဏ်ပြုလက်မှတ်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြင်းခြံခရိုင် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူလေးများက အကပဒေသာများဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

ချစ်ဦးနွေ့(မြင်းခြံ)



## မွေးရာပါ သမိုင်းပေးတာဝန်

**နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာအပေါ်ထိပါးနှောင့်ယှက်လာတဲ့ ရန်စွယ်မှန်သမျှ တပ်မတော်ကိုမဏ္ဍိုင်ပြုထားတဲ့ ပြည်သူတစ်ရပ်လုံးရဲ့ စုပေါင်းအားတွေနဲ့ တွန်းလှန်ချေမှုန်းသွားကြရမှာက နိုင်ငံသားတိုင်းရဲ့ မွေးရာပါ သမိုင်းပေးတာဝန်ပဲဖြစ်ကြောင်း လေးလေးနက်နက်ပြောကြားလိုတယ်။**

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း
အမှတ်စဉ်(၆၇)သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှကောက်နုတ်ချက်)
၃-၁၂-၂၀၂၅

(၆၆) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့
၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်

"သဘာဝဘေး ကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့"
"Observing Today, Protecting Tomorrow"

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန




# ကျောက်ဆည်မြို့နယ်၌ နှမ်းနှမ်း ၁၀၄၅၉ ဧက စိုက်ပျိုးမည်

**ကျောက်ဆည် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ နှမ်းသီးနှံမျိုးစုံကို ဆည်ရေအဓိကအားထား၍ စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် စိုက်ပျိုးရေမြောင်းသုံးမြောင်းမှရေဖြင့် နှမ်းနှမ်း ၁၀၄၅၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာ၌ နွားတက်မြောင်းရေဖြင့် ဟံမြင့်မိုရ်ကျေးရွာအုပ်စု၌ ၇၀၂ ဧက၊ လယ်ကြီးကျေးရွာအုပ်စု၌ ၁၀၅၁ ဧက၊ ပုန်းညက်ကျေးရွာအုပ်စု၌ ၁၂၈၇ ဧက၊ သင်းဒီးမြောင်းရေဖြင့် ဆူးလေကုန်းကျေးရွာအုပ်စု၌ ဧက ၉၄၀၊ ပေါက်ပင်ကွေ့ကျေးရွာအုပ်စု၌ ၁၀၄၅ ဧက၊ မြေစိုမိုးကျေးရွာအုပ်စု၌ ၁၂၀၃ ဧက၊ ပဲခင်းကျေးရွာအုပ်စု၌ ၁၃၀၂ ဧက၊ ပေါင်လောင်ကျေးရွာအုပ်စု၌ ဧက ၈၂၀၊ နွားတက်၊ မြောင်းရေဖြင့် ကျားကာကျေးရွာအုပ်စု၌ ၁၂၀၅ ဧက၊ ခါးတက္ကုန်းကျေးရွာအုပ်စု၌ ၂၄၄ ဧက၊ အထက်လင်းဇင်းမြောင်းရေဖြင့် ဧက ၆၅၀ တို့ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

နှမ်းနှမ်းသီးနှံများ လျာထားချက်ပြည့်မီကျော်လွန်စွာစိုက်ပျိုးနိုင်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများကို အလှည့်ကျစနစ်ဖြင့် ပြည့်ဝစွာပေးဝေလျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



# ဂနိုင်ကန်လမ်းနှင့် ဂနိုင်ကန်သာယာ ကန်ပတ်လမ်းဖွင့်ပွဲအခမ်းအနားကျင်းပ

**တောင်ကြီး မတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ဂနိုင်ကန်လမ်းမပေါ်၌ မတ်လ ၂၀ ရက် နံနက်ပိုင်းတွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂနိုင်ကန်လမ်း (ကတ္တရာလမ်း + ကွန်ကရစ်လမ်း)နှင့် ဂနိုင်ကန်သာယာ ကန်ပတ်လမ်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးနေဝင်းအောင်နှင့်တာဝန်ရှိသူတို့က ဂနိုင်ကန်လမ်းနှင့်ဂနိုင်ကန်သာယာ ကန်ပတ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူတို့က ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ ဂနိုင်ကန်သာယာ (ကန် ၂၊ ကန် ၃) မုခ်ဦးရှေ့၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနနှင့် Ecocare Co., Ltd. တို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ကိန္နရီ ကိန္နရာ တိုးနရားအဖွဲ့နှင့် ဘင်ခရာပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုဆုများပေးအပ်ကာ ဂနိုင်ကန်သာယာကန်ပတ်လမ်းအား ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(၄၀၅)

**သဇင်(FM)အသံလွှင့်အစီအစဉ်** ၂၂-၃-၂၀၂၆(တနင်္ဂနွေနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၈:၀၀ | မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ | ၄။ ၁၄:၅၅ | Sporty Zone |
| ၂။ ၁၀:၄၀ | နိပါတ်တော်လာသိမှတ်စရာ | ၅။ ၁၈:၂၀ | Relaxing Moment |
| ၃။ ၁၃:၃၀ | Music Crazy | ၆။ ၂၁:၄၀ | အသံလွှင့်ဇာတ်လမ်း |

# ရန်ကုန်စတော့အိတ်ချိန်း၌ တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင်ရေ တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် မတ် ၂၁

ရန်ကုန်စတော့အိတ်ချိန်း၌ မတ်လ တတိယပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရေ တစ်သိန်းကျော်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ်စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ မတ်လ ၁၆ ရက်မှ ၂၀ ရက်အထိ စုစုပေါင်းငွေကျပ် ၄၆၉၉၄၇၈၅၀ တန်ဖိုးရှိစတော့ရှယ်ယာ ၁၀၂၄၀၉ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် ယခုတစ်ပတ်အတွင်း FMI ကုမ္ပဏီမှ ငွေကျပ် ၈၉၅၇၃၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၃၄၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၇၄၅၅၆၉၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၁၁၆၆၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၅၂၂၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၉၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၂၁၆၄၅၃၉၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၂၂၄၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ ထက်ဝက်ကျော် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၁၆၅၄၀၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၉၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၃၁၄၃၃၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၇၆၀၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ လေးပုံတစ်ပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၆၀၂၆၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၄၀၄၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ လေးပုံတစ်ပုံခန့် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၃၅၀၂၇၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၄၁၅ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် စတော့ရှယ်ယာအစောင်ရေ သုံးပုံနှစ်ပုံကျော် အရောင်းအဝယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

ခန့်ခန့်

## မိုးလေဝသ သတင်း




# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ပြောင်းတင်ပို့နေမှုကြည့်ရှုစစ်ဆေး



ကော့သောင်း မတ် ၂၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ကော့သောင်းကုန်သွယ်ရေးစခန်း တော်ဝင်ဆိပ်ကမ်း၌ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ပြောင်းတင်ပို့နေမှု အခြေအနေကို ကော့သောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦး၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးငွေအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မတ်လ ၂၀ ရက်က ကြည့်ရှုစစ်ဆေးကြသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသောပြောင်းကို ဖေဖော်ဝါရီလ ၁ ရက်မှစတင်၍ ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိရာ ရန်ကုန်-ကော့သောင်း-ရနောင်းရေလမ်းကြောင်းမှ သင်္ဘောဖြင့် ကော့သောင်းကုန်သွယ်ရေးစခန်းမှ မတ်လ ၂၀ ရက်အထိ ပြောင်းမက်ထရစ်တန် ၁၃၉၂၂ ဒသမ ၇၈၂ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၃၂ သန်းရရှိခဲ့ပြီး လက်ရှိတွင် ကုန်တင်သင်္ဘောသုံးစင်းမှ မက်ထရစ်တန် ၈၁၁၀ ဒသမ ၄ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၄၅ သန်းရရှိသဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မှု စုစုပေါင်းမက်ထရစ်တန် ၂၂၀၃၃ ဒသမ ၁၈၂ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၇၇ သန်းရရှိပြီဖြစ်သည်။

မြန်မာနိုင်ငံမှထွက်ရှိသော ပြောင်းများကို ရေလမ်းကြောင်းဖြင့် ထိုင်းနိုင်ငံသို့တင်ပို့ရာတွင် သယ်ယူရလွယ်ကူခြင်း၊ လမ်းခရီးလုံခြုံမှုရှိခြင်း၊ အရေအတွက်များများသယ်ယူပို့ဆောင်နိုင်ခြင်းကြောင့် လုပ်ငန်းရှင်များ တွက်ခြေကိုက်သကဲ့သို့ နိုင်ငံအတွက်လည်း နိုင်ငံခြားဝင်ငွေ ပိုမိုရရှိနိုင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# စားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ရောင်းချရက် တိုးမြှင့်ဆောင်ရွက်မည်

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီမှ စားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်ကို ရောင်းချရက် တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"အိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချတာကို စနေနေ့၊ တနင်္ဂနွေနေ့နဲ့ အစိုးရရုံးပိတ်ရက်တွေမပါ တစ်ပတ်ငါးရက် အမှာစာလက်ခံရာကနေ ဧပြီလမှာ သင်္ကြန်ရုံးပိတ်ရက်တွေများလို့ ဝယ်ယူသူတွေခက်ခဲမှုမရှိစေဖို့ရည်ရွယ်ပြီး မတ်လ ၂၁ ရက်ကစပြီး နံနက် ၉ နာရီကနေ ညနေ ၄ နာရီအတွင်း တနင်္လာနေ့ကနေ စနေနေ့အထိ (တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်မပါ) တစ်ပတ်ခြောက်ရက် မှာယူနိုင်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီအိမ်တိုင်ရာရောက်ဖြန့်ဖြူးရောင်းချရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခင်က တစ်ပတ်ငါးရက်မှာယူနိုင်ခြင်းအစား ယခုအခါ တစ်ပတ်ခြောက်ရက်အထိ မှာယူနိုင်မည်ဖြစ်ပြီး ပစ္စည်းရောက်ငွေချေစနစ်ဖြင့်သာ ရောင်းချပေးမည်ဖြစ်သည်။ အိမ်ထောင်စုတစ်စုလျှင် တစ်လနှစ်ပိဿာ ၅၀ ကျပ်သားနှုန်း (၅ လီတာဘူး) ဖြင့် ခရိုင် ၁၄ ခု မြို့နယ် ၄၄ မြို့နယ်၌ ခရိုင်အလိုက် Call Center များမှတစ်ဆင့် အမှာစာများ ပေးပို့ဝယ်ယူနိုင်ကြောင်း သိရသည်။

ဖြူဖြူ

# မြစ်ကြီးနားမြို့နယ် မလိခကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

မြစ်ကြီးနား မတ် ၂၁

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မလိခကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ်လ ၂၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေသူရိန်စိန်လှနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် မလိခကျေးရွာ၌ အရှည် ပေ ၂၃၀၀၊ အကျယ် ၁၂ ပေ၊ ထု ၃ ပေရှိ ကျေးလက်ကုန်ထုတ်လမ်းအပိုင်း(၁) နှင့် အရှည် ပေ၂၉၈၀ ၊အကျယ် ၁၂ ပေ၊ ထု ၃ ပေရှိ ကျေးလက်ကုန်ထုတ်လမ်းအပိုင်း (၂) သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကုန်ထုတ်လမ်း/တံတားများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၆၈၆ ဒသမ ၉၉၅ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

# မွန်ပြည်နယ်၌ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**မော်လမြိုင် မတ် ၂၁**

မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှင်းခန်းမ၌ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့တွင် ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ကို ၂၀၁၂ ခုနှစ်မှစတင်ပြီး ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက သစ်ပင်သစ်တောထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဗဟုသုတများတိုးပွားစေရန်၊ ကမ္ဘာတစ်ဝန်း အမျိုးအစားစုံလင်သော သစ်တောဂေဟစနစ်များ၏အရေးပါမှုကို ပိုမိုသိရှိနားလည်နိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး နှစ်စဉ် မတ်လ ၂၁ ရက်ကို သတ်မှတ်ပေးကြောင်း၊ သစ်ပင်သစ်တောများက နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ အချက်အလက်များနှင့် ဖော်ပြရလျှင် ကမ္ဘာ့ကုန်းနေ ဇီဝမျိုးစုံမျိုးကွဲ ၈၀ ရာခိုင်နှုန်း၏ ခိုလှုံရာဖြစ်ပြီး သစ်ပင်မျိုးစိတ်ပေါင်းခြောက်သောင်းကျော်ရှိကြောင်း၊ သစ်တောသစ်ပင်များမှ ရရှိသည့် အကျိုးကျေးဇူးများကို သိရှိနားလည်ပြီး ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန် လိုကြောင်း ပြောကြားသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် Video Clip ကို ပြသပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသော နံရံကပ်ပိုစတာများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# အရာတော်မြို့နယ်၌ ကုလားပဲ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

## တစ်ဧကလျှင် ၁၆ ဒသမ ၇၉ တင်းထွက်ရှိ

**အရာတော် မတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံဧက ၅၀၁၀ အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းကြရာ ယခုအခါ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၆ ဒသမ ၇၉ တင်းထွက်ရှိကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

“အရာတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ ကုလားပဲသီးနှံဧက ၅၀၁၀ အထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်”ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်စန်းစန်းမြင့်ကပြောသည်။

အရာတော်မြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း - ၈ နှင့် ရေဆင်း - ၁၁ မျိုးတို့ကို ရွေးချယ်စိုက်ပျိုးကြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာ၌ ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို တောင်သူများနှင့်ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပဲမျိုးစုံစိုက်ပျိုးချိန်တွင် ထရိုင်ကိုဒါးမားအကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး ပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများအား ချိတ်ဆက်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(၄၀၉)**

# ကျောက်စံနှင့်ကမ်းနီ ဆိုလာလျှပ်စစ်နှင့် မြစ်ရေတင်စီမံကိန်းဖြင့် နွေစပါးဧက ၃၅၀ လျာထားစိုက်ပျိုးလျက်ရှိ



**မင်းဘူး မတ် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် ကျောက်စံနှင့်ကမ်းနီ ဆိုလာလျှပ်စစ်နှင့် မြစ်ရေတင်စီမံကိန်းတို့ဖြင့် နွေစပါးဧက ၃၅၀ အတွက် ရေပေးဝေစိုက်ပျိုးလျက်ရှိကြောင်း မင်းဘူးမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) တာဝန်ခံအရာရှိ ဦးစိုးညွန့်လင်းထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း ဒေသခံတောင်သူများက ဆည်ရေသောက်ဧရိယာများ၊ အစိုးရဆည်တမံများ၊ လျှပ်စစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေစုပ်တင်ခြင်း စသောရေရရှိရေးနည်းလမ်းများဖြင့် စိုက်ပျိုးလျက်ရှိရာ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ကျောက်စံနှင့်ကမ်းနီ ဆိုလာလျှပ်စစ်နှင့် မြစ်ရေတင်စီမံကိန်းတို့ဖြင့် နွေစပါးဧက ၃၅၀ လျာထားစိုက်ပျိုးလျက်ရှိသည်။

မင်းဘူး(စကု)မြို့နယ်မှ ဒေသခံတောင်သူများ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ သီးနှံစိုက်စွမ်းအားနှင့် သီးနှံအထွက်နှုန်းတိုးတက်မြင့်မားရေးတို့အတွက် လျှပ်စစ်နှင့်ဆိုလာဓာတ်အားစနစ်သုံးစီမံကိန်းတို့ဖြင့် နွေစပါးများစိုက်ပျိုးလျက်ရှိရာ ကမ်းနီဆိုလာလျှပ်စစ်နှင့် မြစ်ရေတင်စီမံကိန်းမှ ဧက ၁၅၀ ကို ဖေဖော်ဝါရီလပထမပတ်တွင်လည်းကောင်း၊ ကျောက်စံဆိုလာလျှပ်စစ်နှင့် မြစ်ရေတင်စီမံကိန်းမှ ဧက ၂၀၀ ကို ဖေဖော်ဝါရီလ တတိယပတ်တွင်လည်းကောင်း စတင်ရေပေးဝေခဲ့ပြီး ယခုအခါ နွေစပါးများစိုက်ပျိုးလျက်ရှိကြောင်း မင်းဘူးမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှသိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

မြတ်နိုးဖွယ်ရာမြန်မာကဗျာ

## ရှမ်းတို့မြေ

✤ နှင်းပုလဲ စီရရီ။
မြရွက်လွှာ ငုံအခက်ကို
ခွန်းဆက်ကြသည်။
ထင်းရှူးနဲ့ ချယ်ရီ
အနီနဲ့ အစိမ်း။
ရှမ်းပြည်နယ် ရှမ်းအလှ
ချမ်းမြမြ ငြိမ်း။

✤ ဆေးပန်းချီ ခြယ်မသတဲ့
ရှမ်းမြေက အပျိုစင်။
ပါးအို့နီ ချယ်ရီပန်းသို့
နီမြန်းလို့ပင်။
ပင်နီချော ဝတ်ဆင်
ဖြူစင်လွှန်းပါပေ့။
မက်မန်း မက်မွန်နဲ့
ကြက်သွန်ဖြူ အစုံစိုက်လို့
နှစ်ခြိုက် ပျော်မွေ့။

✤ အိုးစည်သံ ခြိမ့်ခြိမ့်သဲတဲ့
အလှူပွဲဆိုလျှင်။
ပြုံးပန်းတွေ ကိုယ်စီဖူးလို့
မြူးကြသည်ပင်။
ခတ်တော့မည့် ဟန်ပြင်
ကြောက်ချင်ဖွယ်ပေပ။
ပျော်စရာ လူတွေဝိုင်းတဲ့
ကျွဲရိုင်း အက။

✤ ရွှေညောင်သည် ခါတစ်ခေါက်
လာရောက်မည် ဆိုလျှင်။
ရှမ်းခေါက်ညို ဖြူဖြူဖွေးကို
လွေးဖို့သာ ပြင်။
ပဲပုပ်လေး မီးကင်
မုန်ညင်းချဉ် ချိုမြ။
ရွှေဖရုံမြစ်ကို ဟင်းချိုချက်
လိုက်ဖက်ပေစွ။

✤ အရိုးခံ သဘာဝနဲ့
အလှသစ် တဝေဝေ
အေးချမ်းလှပေ။
လှမ်းခဲ့ပါ့ ဆွေ
ဖိတ်ခေါ်ပေ အထူး။
စိတ်ဝမ်း ကြည်စရာပေါ့
နီလာရောင် တောင်ခါးပန်းမှာ
လမ်းတွေက ဖြူး။ ။

**မြင်းမူမောင်နိုင်မိုး**

# ကလေးသူငယ်များနှင့် ဖန်သားမျက်နှာပြင်ကြည့်ရှုချိန် (Screen Time)

ဒေါက်တာဇင်ဇေယျာဝင်း

**ဖန်သားမျက်နှာပြင်ကြည့်ရှုချိန်(Screen Time)**

Screen Time ဆိုသည်မှာ စမတ်ဖုန်း၊ တီဗွီ၊ ကွန်ပျူတာ၊ Tablet နှင့် Video Game စက်များကဲ့သို့ ဖန်သားမျက်နှာပြင်ပါဝင်သော ဒစ်ဂျစ်တယ်ကိရိယာများကိုကြည့်ရှုခြင်း သို့မဟုတ် အသုံးပြုခြင်းတွင် ကုန်ဆုံးသည့်အချိန်ပမာဏကို ဆိုလိုသည်။ ထိုအချိန်အတွင်း တီဗွီကြည့်ခြင်း၊ ဗီဒီယိုကြည့်ရှုခြင်း၊ ဂိမ်းကစားခြင်း၊ အင်တာနက်အသုံးပြုခြင်းနှင့် ဆိုရှယ်မီဒီယာအသုံးပြုခြင်း စသည့်လှုပ်ရှားမှုများပါဝင်သည်။ ထို့ပြင် ပညာရေးဆိုင်ရာ Application များနှင့် အွန်လိုင်းသင်ခန်းစာများကို လေ့လာခြင်းလည်း ပါဝင်သည်။ ယနေ့ခေတ်တွင် နည်းပညာတိုးတက်လာခြင်းကြောင့် ကလေးများသည် စမတ်ဖုန်းများ၊ တီဗွီများ၊ ကွန်ပျူတာများနှင့်အတူ ကြီးပြင်းလာကြသည်။ အိမ်များတွင် ဒစ်ဂျစ်တယ်ပစ္စည်းများ အသုံးပြုမှုပိုမိုများပြားလာပြီး ကျောင်းပညာရေးစနစ်များတွင်လည်း နည်းပညာကို တဖြည်းဖြည်းအသုံးပြုလာကြသည်။ ထို့ကြောင့် Screen Time သည် ကလေးများ၏နေ့စဉ်ဘဝတွင် အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့သည်။ သို့သော် Screen Time များလာသည်နှင့်အမျှ ကလေးများ၏ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများကိုလည်း ပိုမိုစိုးရိမ်လာကြသည်။ ထို့ကြောင့် ကလေးများ၏ Screen Time ကို ထိန်းသိမ်းစီမံနိုင်ရေးသည် မိဘများနှင့်အုပ်ထိန်းသူများအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။

**"မိဘများသည် Screen အသုံးပြုမှုအပေါ် အိမ်တွင်းစည်းမျဉ်းများ သတ်မှတ်ပေးနိုင်သည်။ Screen Time ကို ဆုအဖြစ် အသုံးပြုခြင်းထက် ကလေးများ၏ ကျန်းမာရေးကို အဓိကထားစီမံခန့်ခွဲသင့်သည်။ Parental Control စနစ်များနှင့် Password ကာကွယ်မှုများ အသုံးပြုရန်လိုအပ်သည်။ Google Family Link ကဲ့သို့သော မိဘထိန်းချုပ်မှုကိရိယာများကို အသုံးပြုခြင်းဖြင့် Screen Time ကို စောင့်ကြည့်နိုင်သည်။ ကလေးအိပ်ခန်းအတွင်း တီဗွီနှင့် ဖုန်းများမထားရှိခြင်းသည် Screen Time လျှော့နည်းစေကြောင်း သုတေသနများက ဖော်ပြထားသည်။ အစားအစာစားချိန်နှင့် အိပ်ရာဝင်မည့်အချိန်မတိုင်မီ တစ်နာရီခန့်တွင် ဖုန်းအသုံးမပြုရန် စည်းမျဉ်းသတ်မှတ်နိုင်သည် . . . "**

**မှန်ကန်မျှတသော Screen Time ၏ အကျိုးကျေးဇူးများ**

Screen Media များတွင် ပညာရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ အကျိုးကျေးဇူးများစွာရှိသည်။ ဥပမာအားဖြင့် ကျောင်းများတွင် Blog များကို ပညာရေးကိရိယာအဖြစ်အသုံးပြုကာ ကလေးများ၏စာအရေးအသားစွမ်းရည်များတိုးတက်စေရန် ကူညီပေးနိုင်သည်။ အင်တာနက်သည် ကူးစက်ရောဂါများနှင့် စိတ်ကျန်းမာရေးဆိုင်ရာအချက်အလက်များအပါအဝင် ကျန်းမာရေးပညာများကိုလည်း ပံ့ပိုးပေးနိုင်သည်။ အသက်နှစ်နှစ်အထက် ကလေးများအတွက် ပညာရေးရည်ရွယ်ချက်ဖြင့် ဒီဇိုင်းထုတ်ထားသော အရည်အသွေးမြင့် ရုပ်မြင်သံကြားအစီအစဉ်များသည် ဘာသာစကားနှင့် စာဖတ်စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သည်။ ထိုအစီအစဉ်များက ကလေးများ၏ဉာဏ်ရည်ဖွံ့ဖြိုးမှုကို အားပေးနိုင်ပြီး လူမှုရေးအပြုအမူများကိုလည်း ကောင်းမွန်စေနိုင်သည်။ ထို့ပြင် စိတ်ကူးယဉ်ကစားခြင်းနှင့် ဖန်တီးမှုစွမ်းရည်များကိုလည်း မြှင့်တင်ပေးနိုင်သည်။ e-books နှင့် စာဖတ်လေ့ကျင့်ရေး Application များသည် ကလေးများ၏ စာဖတ်စွမ်းရည်များကို တိုးတက်စေနိုင်သည်။ ထို့ကြောင့် Screen Media ကို ပညာရေးရည်ရွယ်ချက်ဖြင့် အသုံးပြုခြင်းသည် ကလေးများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးရှိလာသည်။

**ကလေးသူငယ်များ၏ခန္ဓာကိုယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုအပေါ်အကျိုးသက်ရောက်မှုများ**

Screen Media များသည် ပညာရေးနှင့်သင်ယူမှုအတွက် အခွင့်အလမ်းများပံ့ပိုးပေးနိုင်သည်။ သို့သော် Screen Time ကို အလွန်အကျွံအသုံးပြုပါက ဉာဏ်ရည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတချို့ကို ထိခိုက်စေနိုင်သည်။ ထို့ပြင် Screen Media အသုံးပြုမှုများလာခြင်းကြောင့် ပညာရေးဆိုင်ရာစွမ်းဆောင်ရည်များကို လျော့နည်းစေနိုင်သည်။ ထို့ပြင် Screen Time များလာခြင်းကြောင့် သင်္ချာနှင့် တခြားဘာသာရပ်များတွင် စွမ်းဆောင်ရည်လျော့နည်းလာနိုင်သည်။ Screen Time များလာသည်နှင့်အမျှ ကိုယ်လက်လှုပ်ရှားမှုများလျော့နည်းလာပြီး အဝလွန်ခြင်းနှင့် ကျန်းမာရေးပြဿနာများဖြစ်ပေါ်စေနိုင်သည်။ စမတ်ဖုန်းကို အသက် ၁၂ နှစ်မတိုင်မီ အသုံးပြုသောကလေးများတွင် အိပ်စက်ချိန်မလုံလောက်ခြင်းဖြစ်နိုင်ခြေ ၆၀ ရာခိုင်နှုန်းခန့်၊ အဝလွန်ခြင်းဖြစ်နိုင်ခြေ ၄၀ ရာခိုင်နှုန်းခန့်၊ စိတ်ကျရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းခန့် တိုးလာနိုင်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် မျက်လုံးပင်ပန်းနွမ်းနယ်မှုနှင့် လည်ပင်းနာကျင်မှုကဲ့သို့သော ခန္ဓာကိုယ်ဆိုင်ရာပြဿနာများလည်း ဖြစ်ပေါ်လာနိုင်သည်။ ထို့ကြောင့် Screen Media အသုံးပြုမှုကို စနစ်တကျထိန်းသိမ်းရန် လိုအပ်သည်။

**ကလေးသူငယ်များ၏ဘာသာစကား လူမှုရေးနှင့် စိတ်ခံစားမှု ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးသက်ရောက်မှုများ**

ဘာသာစကားဖွံ့ဖြိုးတိုးတက်မှုသည် ကလေးဘဝအစောပိုင်းကာလတွင် အလွန်အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ကလေးများသည် ဝေါဟာရကြွယ်ဝမှုနှင့် အသံထွက်မှန်ကန်မှုကဲ့သို့သော ဘာသာစကားကျွမ်းကျင်မှုများ တဖြည်းဖြည်းဖွံ့ဖြိုးလာကြသည်။ ထိုကျွမ်းကျင်မှုများကို အများအားဖြင့် မိဘများ၊ အရွယ်ရောက်သူများနှင့် ဆက်ဆံပြောဆိုခြင်းမှတစ်ဆင့် သင်ယူကြရသည်။ သို့သော် Screen Time များလာခြင်းကြောင့် မိဘနှင့် ကလေးကြားဆက်ဆံပြောဆိုမှုလျော့နည်းလာနိုင်သည်။ ထိုအခြေအနေသည် ကလေးများ၏ဘာသာစကားလေ့လာမှုအခွင့်အလမ်းများကို ထိခိုက်စေနိုင်သည်။ ထို့ပြင် Screen Time များလွန်းပါက စကားလုံးဖွံ့ဖြိုးတိုးတက်မှုနည်းပါးနိုင်သည်။ လူမှုရေးနှင့် စိတ်ခံစားမှုဖွံ့ဖြိုးတိုးတက်မှုအပေါ်လည်း သက်ရောက်မှုများရှိနိုင်သည်။ Screen Time များလာခြင်းသည် အိပ်စက်မှု



ပြဿနာများ၊ စိုးရိမ်ပူပန်မှုများ၊ စိတ်ဓာတ်ကျခြင်းတို့နှင့် ဆက်စပ်နိုင်သည်။ အကြမ်းဖက်မှုပါဝင်သော မီဒီယာများကို ကြည့်ရှုခြင်းသည် ကြမ်းတမ်းခက်ထန်သောအပြုအမူများကို တိုးပွားစေနိုင်သည်။ လူမှုဆက်ဆံရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် Screen Time ကို သင့်လျော်စွာစီမံခြင်းသည် ကလေးများ၏လူမှုရေးနှင့် စိတ်ခံစားမှုဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည်။

**မိဘများအတွက် ကလေးသူငယ်များ၏ Screen Time ကို စီမံခန့်ခွဲရန်အကြံပြုချက်များ**

ကလေးများ၏ Screen Time ကို စီမံခန့်ခွဲရာတွင် မိဘများ၏အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ မိဘများသည် Screen အသုံးပြုမှုအပေါ် အိမ်တွင်းစည်းမျဉ်းများ သတ်မှတ်ပေးနိုင်သည်။ Screen Time ကို ဆုအဖြစ် အသုံးပြုခြင်းထက် ကလေးများ၏ကျန်းမာရေးကို အဓိကထားစီမံခန့်ခွဲသင့်သည်။ Parental Control စနစ်များနှင့် Password ကာကွယ်မှုများ အသုံးပြုရန်လိုအပ်သည်။ Google Family Link ကဲ့သို့သော မိဘထိန်းချုပ်မှုကိရိယာများကို အသုံးပြုခြင်းဖြင့် Screen Time ကို စောင့်ကြည့်နိုင်သည်။ ကလေးအိပ်ခန်းအတွင်း တီဗွီနှင့်ဖုန်းများ မထားရှိခြင်းသည် Screen Time လျော့နည်းစေကြောင်း သုတေသနများကဖော်ပြထားသည်။ အစားအစာစားချိန်နှင့် အိပ်ရာဝင်မည့်အချိန်မတိုင်မီ တစ်နာရီခန့်တွင် ဖုန်းအသုံးမပြုရန် စည်းမျဉ်းသတ်မှတ်နိုင်သည်။ သုတေသနများအရ အသက်အလိုက် Screen Time ကို ကန့်သတ်သင့်ပြီး အသက် ၃ နှစ်မှ ၇ နှစ်တွင် ၃၀ မိနစ်မှ တစ်နာရီ၊ အသက် ၇ နှစ်မှ ၁၂ နှစ်တွင် တစ်နာရီ၊ အသက် ၁၂ နှစ်မှ ၁၅ နှစ်တွင် တစ်နာရီ ၃၀ မိနစ်နှင့် အသက် ၁၆ နှစ်အထက် လူငယ်များအတွက် နှစ်နာရီခန့်ကသင့်လျော်သည်ဟု အကြံပြုထားသည်။ မိဘများကိုယ်တိုင် Screen အသုံးပြုမှု နမူနာကောင်းပြသခြင်းသည် ကလေးများ၏ Screen Time အပေါ် များစွာသက်ရောက်မှုရှိသည်။ တီဗွီကြည့်ခြင်းကို အားပေးသည့်အိမ်ပတ်ဝန်းကျင် (ဥပမာ-ထမင်းစားချိန်တွင် တီဗွီကြည့်ခြင်း)တွင် နေထိုင်သောကလေးများသည် Screen Time ပိုများလေ့ရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ကလေးများနှင့်အတူ ကစားခြင်း၊ စာဖတ်ခြင်း၊ ကိုယ်လက်လှုပ်ရှားပြုလုပ်ခြင်းက Screen Time ကို လျော့နည်းစေနိုင်မည်ဖြစ်သည်။

**နည်းပညာတတ်မြောက်မှု (Digital Literacy)ကို အားပေးခြင်း**

ကလေးများတွင် နည်းပညာတတ်မြောက်မှု (Digital Literacy) ကို တိုးတက်လာစေရန် မိဘဆရာသမားများက အားပေးသင်ကြားပေးရန် အရေးကြီးသည်။ ယနေ့ခေတ်တွင် မိုဘိုင်းဖုန်းများသည် မိဘများနှင့်အရေးပေါ်အချိန်တွင် ဆက်သွယ်နိုင်ခြင်း၊ သူငယ်ချင်းများနှင့် ဆက်ဆံရေးထိန်းသိမ်းနိုင်ခြင်း၊ ပညာရေးဆိုင်ရာအချက်အလက်များကို လေ့လာနိုင်ခြင်းနှင့် ဖျော်ဖြေရေးများရရှိနိုင်ခြင်းတို့ကြောင့် ကလေးများအတွက် အသုံးဝင်သောကိရိယာတစ်ခုဖြစ်လာသည်။ သို့သော် တစ်ချိန်ချိန်တွင် ကလေးများသည် မိဘဆရာသမားများမလိုလားသည့် အွန်လိုင်းအကြောင်းအရာများနှင့်တွေ့ကြုံနိုင်သည်။ ထိုအခြေအနေများကိုကြိုတင်ရှင်းပြထားပြီး မည်သို့ပြုမူသင့်ကြောင်း အသိပညာပေးထားသင့်သည်။ ကလေးများအား အွန်လိုင်းပေါ်တွင် မြင်တွေ့ရသောအကြောင်းအရာများကို မှန်၊ မမှန်စဉ်းစားသုံးသပ်နိုင်အောင် လေ့ကျင့်ပေးရမည်။ ထို့ပြင် အင်တာနက်ပေါ်တွင် ကြော်ငြာများနှင့် စီးပွားရေးဆိုင်ရာ ရည်ရွယ်ချက်များလည်း ပါဝင်နိုင်ကြောင်း ရှင်းပြရမည်။ မသမာသူများက နည်းပညာကိုအသုံးပြု၍ မိမိတို့၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို ခိုးယူနိုင်ကြောင်းလည်း သိရှိစေရန် လိုအပ်သည်။ သို့မှသာ ကလေးများသည် အင်တာနက်ကိုအသုံးပြုရာတွင် သတိထားပြီးအသုံးပြုတတ်လာမည်ဖြစ်သည်။

**အွန်လိုင်းပေါ်က လူမှုဆက်ဆံရေး**

ယနေ့ခေတ်တွင် လူမှုမီဒီယာနှင့်အွန်လိုင်းဆက်ဆံရေးများသည် ဆယ်ကျော်သက်ဘဝ၏ အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ပညာရှင်များက ကလေးများအား အနည်းဆုံး အသက် ၁၂ နှစ်ခန့်အထိ ဖုန်းအသုံးမပြုရန် အကြံပြုကြသည်။ ဆယ်ကျော်သက်များအနေဖြင့် အင်တာနက်ပေါ်တွင် မသင့်လျော်သောစာများနှင့် ပုံများမျှဝေခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း၊ အင်တာနက်ပေါ်တွင် သတိမထားဘဲ ပြုလုပ်မိသည့်အရာများကို လူအများက မိမိတို့၏ဘဝတစ်လျှောက်လုံး မြင်တွေ့သွားနိုင်ကြောင်း သတိပေးရမည်။ ကလေးများအနေဖြင့် မီဒီယာကိုအသုံးပြုရာတွင် အလေးမထား၊ ဂရုမစိုက်ပါက မိမိနှင့် တခြားသူများကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာထိခိုက်စေနိုင်သည့်အပြင် ဥပဒေချိုးဖောက်မှုများအထိ ဖြစ်စေနိုင်သည်။ ထို့ကြောင့် မိဘဆရာသမားများသည် ကလေးများနှင့် ရင်းနှီးချစ်ခင်စွာဆက်ဆံပြီး Screen Time အသုံးပြုမှုမှ အကျိုးရှိသောအသိအမြင်များရရှိနိုင်အောင် ကူညီရမည်။ ထို့ပြင် မိမိ၏ Screen Time ကိုလည်း ကလေးကကြည့်ရှုနေကြောင်း သတိထားကာ မည်သို့အသုံးပြုသင့်သည်ကို စံနမူနာကောင်းပြသင့်သည်။ ကလေးများ၏ Screen Time နှင့် ဒစ်ဂျစ်တယ်မီဒီယာအသုံးပြုမှုကို ထိန်းသိမ်းခြင်းသည် စိန်ခေါ်မှုတစ်ခုဖြစ်နေသော်လည်း အိမ်တွင်းစည်းမျဉ်းများသတ်မှတ်ခြင်းနှင့် ကလေးကြီးပြင်းလာသည်နှင့်အမျှ ထိုစည်းမျဉ်းများကို ပြန်လည်သုံးသပ်ပြင်ဆင်ခြင်းဖြင့် လုံခြုံပြီးအကျိုးရှိသော Screen Time အသုံးပြုမှုဖြစ်အောင် စီမံနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# ဘားအံမြို့နယ်၌ ဆောင်းမြေပဲနုတ်သိမ်းနေမှုစစ်ဆေး

**ဘားအံ မတ် ၂၁**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ရှိ သမဝါယမကဏ္ဍမှ စိုက်ပျိုးထားသော ဆီထွက်သီးနှံဆောင်းမြေပဲ နုတ်သိမ်း နေမှုအခြေအနေများကို ပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်အေးပွင့်နှင့်တာဝန်ရှိသူများက မတ်လ ၂၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေး သည်။

ထိုသို့စစ်ဆေးရာတွင် ပြည်နယ် ဦးစီးမှူးက အသင်းသားတောင်သူများ နှင့်တွေ့ဆုံ၍ မြေပဲနုတ်သိမ်းရာတွင် အလေအလွင့်မရှိစေရေးနှင့် ထွက်ရှိလာ သော ကုန်ကြမ်းများကို ဈေးနှုန်းမှန်ကန်စွာ ရရှိစေရန်အတွက် ဆီစက်လုပ်ငန်းရှင်များ နှင့် သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါဆောင်းမြေပဲစိုက်ပျိုးရေးစီမံကိန်း ကို နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မတည်ကာ မျိုးနှင့်သွင်းအားစုများ ပံ့ပိုးကူညီပေးခြင်းဖြစ်ပြီး ဘားအံမြို့နယ် မုက္ကဒိကျေးရွာရှိ ရွှေဘုန်းကံစိုက်ပျိုးရေး နှင့် အထွေထွေလုပ်ငန်း သမဝါယမ အသင်းမှ အသင်းသားတောင်သူ ၇၀ ဦး၏ စိုက်ဧက ၄၃၀ ၌ စိုက်ပျိုးထားသော မြေပဲများနုတ်သိမ်းရာတွင် တစ်ဧကလျှင် မြေပဲ ၇၅ တင်းခန့်ထွက်ရှိသည်။

နုတ်သိမ်းရာမှ ထွက်ရှိလာသည့် ဆီများကို အသင်းသားများ၊ ဒေသခံ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများထံ သက်သာသောဈေးနှုန်းဖြင့် ပြန်လည် ဖြန့်ဖြူးရောင်းချနိုင်ရေးကိုလည်း ဆွေးနွေး ကြကြောင်း သိရသည်။ **ဇော်မျိုး(မြဝတီ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ် များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါ သည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါ ကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူ သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မျိုးချစ်စစ်သည် အာဇာနည်

- မျိုးချစ်စစ်သည်၊ အာဇာနည်
  သာကီလော ဘာမထီလော။
- ဟုတ်တည်း စွန့်စား စွန့်စား။
  မှန်တည်း စစ်သား စစ်သား။
  ဟုတ်တည်း ယောကျ်ား ယောကျ်ား။
  မှန်တည်း ဝင့်ကြွား ဝင့်ကြွား။
  မျိုးချစ်စစ်သည် ဇာနည် ဇာနည်။
- မျိုးချစ်စစ်သည်၊ မြန်မာပြည်
  ယုံကြည် ကာကွယ်မယ် ကာကွယ်တယ်။
- မျိုးချစ်အင်အား၊ စစ်သည်များ
  စွန့်စား တိုက်ခိုက်မယ် တိုက်ခိုက်တယ်။
- မျိုးချစ်ဇာနည်၊ ကမ္ဘာတည်
  မြန်ပြည် စောင့်ရှောက်မယ် စောင့်ရှောက်တယ်။
- မျိုးချစ်စစ်သား၊ ပြည့်သွေးသား
  ကြိုးစား ပြည့်ဝန်လွယ် ပြည့်ဝန်သယ်။
- မျိုးချစ်ရဲဘော်၊ နိုင်ငံတော်
  တည်ဖော် ကြိုးစားမယ် ကြိုးစားတယ်။
- မျိုးချစ်ဂုဏ်လွှမ်း၊ ခေတ်အောင်ပန်း
  တောင်ခမ်းသက်သေကွယ် မျက်မြင်ခြယ်။
- တောင်ခမ်းမှသည်၊ အောင်ပွဲချီ
  အလီလီ ဆွတ်ခူးမယ် ဆွတ်ခူးတယ်။
- တောင်ခမ်းတိုက်ပွဲ၊ သတ္တိခဲ
  ရဲရဲ တိုက်ခဲ့တယ် တိုက်ခဲ့တယ်။
- မျိုးချစ်သွေးနော်၊ တပ်မတော်
  ထင်ပေါ် သမိုင်းကြည့်ကွယ် သမိုင်းရှိတယ်။
- မျိုးချစ်စိတ်ဓာတ်၊ ရင်ဝယ်ထပ်
  မလပ် ကြိုးပမ်းမယ် ကြိုးပမ်းတယ်။
- မျိုးချစ်တပ်မတော်၊ ပြည်သူ့ပေါ်
  အစဉ်သော် ကောင်းကျိုးသယ် ကောင်းကျိုးခြယ်။
- မျိုးချစ်တို့မြေ၊ တို့မြန်ပြည်
  တည်စေ ကာကွယ်မယ် ကာကွယ်တယ်။
- မျိုးချစ်စစ်သည်၊ မျိုးသာကီ
  စစ်ချီ ရဲရင့်မယ် ရဲရင့်တယ်။
- တောင်ခမ်း ဗန်းမော်၊ သမိုင်းပေါ်
  ရဲသော် ဂုဏ်ရေးခြယ် ဂုဏ်ရေးကြွယ်။
- မျိုးချစ်လော။
  ပြည်ချစ်လော။
  ပြည်အနှစ်လော။ ။

**အောင်နိုင်သူ(ဖွဲ့ကပင်)**

# ထားဝယ်မြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပ

ထားဝယ် မတ် ၂၂

၂၀၂၆ ခုနှစ်သစ်တောများနှင့်စီးပွားရေး ဟူသည့်ဆောင်ပုဒ်နှင့်အညီ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် အခမ်းအနားကို မတ်လ ၂၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ၂၀၁၂ ခုနှစ်မှ စတင်ပြီး ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက သစ်ပင်သစ်တောထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန်၊ ကမ္ဘာ့တစ်ဝန်း အမျိုးအစားစုံလင်သည့် သစ်တောဂေဟစနစ်များ၏ အရေးပါမှုကို ပိုမိုသိရှိနားလည်နိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး နှစ်စဉ် မတ်လ ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အဖြစ်သတ်မှတ်ပေးခဲ့ကြောင်း၊ သစ်ပင်သစ်တောများသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်ပြီး သစ်တောထွက်ပစ္စည်းအခြေပြုလုပ်ငန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိကြောင်း၊ သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုသည် တိုက်ရိုက်ဆက်စပ်နေပြီး သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ မိမိတို့နယ်မြေဒေသအတွင်း သဘာဝသယံဇာတများထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု မျှခြေရှိရေးဖော်ဆောင်မှုတွင် သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး၊ သစ်တောဖုံးလွှမ်းမှုတိုးတက်စေရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပစေရေးတို့အတွက် သစ်ပင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက၊ ဒေသခံပြည်သူအားလုံး တက်ကြွစွာပူးပေါင်းပါဝင်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် Video နှင့် ခန်းမအတွင်း ခင်းကျင်းပြသထားသည့်ပြခန်းကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ကျော်ကျော်လတ်

# တိုက်ကြီးမြို့နယ်၌ (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဟောပြောပွဲ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပ

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို မတ်လ ၂၀ ရက်တွင် မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က တပ်မတော်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ နိုင်ငံတော်၏နယ်မြေအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်၏အခန်းကဏ္ဍများ၊ ခေတ်အဆက်ဆက်ပေးဆပ်ခဲ့မှုများ၊ နောင်လာနောက်သားလူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်ထက်သန်စေရေးနှင့် နိုင်ငံတော်ကို ချစ်မြတ်နိုးစေရေးအကြောင်းများကို အသိပညာပေးဟောပြောသည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းများပါဝင်သည့် နံရံကပ်စာစောင်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးနံရံကပ်စာစောင်များသုတရသစာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ဝတ်ရည် (ပြန်/ဆက်)

# မိတ္ထီလာသူနာပြုသင်တန်းကျောင်း၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းဆွေးနွေး

မိတ္ထီလာ မတ် ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သူနာပြုသင်တန်းကျောင်း၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို မတ်လ ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဒုတိယဗိုလ်မှူးကြီးမျိုးလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြင့်သင်းကြိုင်က ဗလငါးတန်ဖွံ့ဖြိုးရေးအကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မိတ္ထီလာ သူနာပြုသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ရီက လူငယ်စကားဝိုင်းကျင်းပမှုနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မိတ္ထီလာသူနာပြုသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်နည်းပညာအကြောင်းကိုဆွေးနွေးကြရာ တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးသည်။

အခမ်းအနားသို့ မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်စာရေးအသင်းဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(၆၀၂)

# သီပေါမြို့နယ် နောင်ကတ်ကျေးရွာ၌ နွေရာသီရှမ်းစာပေအခြေခံသင်တန်းဖွင့်

သီပေါ မတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် နောင်ကတ်ကျေးရွာ ရွှေတောင်စာကြည့်တိုက်ခန်းမ၌ နွေရာသီရှမ်းစာပေအခြေခံသင်တန်းဖွင့်ပွဲကို မတ်လ ၂၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ တိန်းစိကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးသာဦးက အဖွင့်အမှာစကားပြောကြားပြီး နောင်ကတ်ကျေးရွာမှ ရပ်မိရပ်ဖ ဦးဆန်အုန်းက ရှမ်းစာပေအခြေခံသင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နောင်ကတ်ကျေးရွာ ရွှေတောင်စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမြဲသန်းက အဆိုပါသင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းဗိုက သင်တန်းသားများအတွက် လိုအပ်သောစာရေးကိရိယာများနှင့် သင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။

အဆိုပါသင်တန်းအား ရှမ်းစာပေအခြေခံနှင့် ရှမ်းရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုနားလည်သိရှိစေရန်ရည်ရွယ်၍ မတ်လ ၂၀ ရက်မှ မေလ ၂၀ ရက်အထိ သင်တန်းသားဦးရေ ၅၀ ဦးအား သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# မြိတ်မြို့၌ အကြိုအခြေခံမီးသတ်ပညာသင်တန်း(အရာရှိ) ဆင်းပွဲကျင်းပ




မြိတ် မတ် ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ခရိုင်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ အရန်မီးသတ်တပ်ဖွဲ့ဝင်အရာရှိများ ခေါင်းဆောင်မှုနှင့် မီးသတ်လုပ်ငန်းစဉ်များ ကျွမ်းကျင်အောင်မြင်စွာ ဆောင်ရွက်တတ်စေရန် ခရိုင်မီးသတ်ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ခဲ့သော အကြိုအခြေခံမီးသတ်ပညာသင်တန်း (အရာရှိ) (၁/၂၀၂၆)ဆင်းပွဲကို မတ်လ၂၀ ရက်က ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည့်ဟိန်းကျော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား အရန်မီးသတ်တူညီဝတ်စုံများ ပေးအပ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို အရန်မီးသတ်တပ်ဖွဲ့ဝင်အရာရှိများအနေဖြင့် မီးသတ်လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းများကိုသိရှိပြီး ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရန်၊ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်စည်းကမ်းများသိရှိပြီး မိမိတပ်ဖွဲ့ကို ဦးစီးဦးဆောင်ပြုရာတွင် ခေါင်းဆောင်မှုအခြေခံမှုများနှင့်အတူ အောင်မြင်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းတွင် မီးသတ်ပညာရပ်များ၊ မီးလောင်မှုများတွင် ဖြစ်ပွားတတ်သော ဘေးအန္တရာယ်များ၊ တပ်ဖွဲ့ဝင်များ ဆောင်ရန်/ ရှောင်ရန်နှင့် အဆိုအမိန့်များ၊ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်၊ ကျင့်ဝတ်စည်းကမ်းများ၊ အခြေခံလက်နက်မဲ့ စစ်ရေးပြဘာသာရပ်များသင်ကြားပို့ချပေးခဲ့ပြီး ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

(၃၈)ဖြာမင်္ဂလာ

# မြတ်သောအကျင့်ရှိပါ (ပြဟ္မစရိယဥ္စ)



စိုးသူတို့ မိသားစုသုံးယောက် ရွှေဆံတော်ဘုရားသို့ သွားဖူးကြသည်။

"ဆွေဘုရားမျိုးဘုရားဆိုတော့ ဖူးလို့ကို မဝဘူးကွာ" စိုးသူဖေဖေက ဘုရားဝတ်ပြုအပြီးတွင် ပြောလိုက်သည်။ မေမေက ဘုရားညောင်ရေအိုးမှာပန်းများထိုး၍ လှူဒါန်းနေသည်။ ရွှေဆံတော်ဘုရားကို စိုးသူ အခေါက်ပေါင်းများစွာ ရောက်ဖူးသည်။ ရေဝတီမြစ်ကြီးကိုကျော်လွှန်၍ ထိုမှတစ်ဆင့် ရွှေဘုံသာမုနိဘုရားကိုလည်း လှမ်းမျှော်ဖူးဖူးပြီး ရေဝတီနှင့် နဝဒေးတံတား၏ အလှတရားကိုလည်း မရိုးအီနိုင်သောပန်းချီကားတစ်ချပ်နယ် ခံစားဖူးပြီးပြီ၊ သို့သော်လည်း ရွှေဆံတော်ဘုရားသွားဖူးမည်ဆိုလျှင် စိုးသူ ဘယ်တော့မှမငြင်းပါ၊ ဖေဖေပြောသလို ဆွေဘုရားမျိုးဘုရားဖြစ်နေသောကြောင့်ပင်ထင်သည်။

"ဝေပုလ္လရာမကျောင်း ဆရာတော်ကိုသွားဖူးရအောင်ကွာ"

ဘုရားကို လက်ယာရစ် တစ်ပတ်ပတ်အပြီး ဖေဖေစကားစလိုက်ရာ မေမေက "ဖူးလေ" ဟုဆိုသည်။ ဝေပုလ္လရာမကျောင်းသည် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ မင်းကြီးတောင်တော်၌ တည်ရှိသည်။ ဘုရားရင်ပြင်မှ ဆိုက်ကားစီး၍ စိုးသူတို့မိသားစု ဝေပုလ္လရာမကျောင်းသို့ ထွက်ခဲ့သည်။

ဝေပုလ္လရာမဆရာတော်သည် သာသနာပြုဆရာတော်တစ်ပါးဖြစ်ပြီး နိုင်ငံတော်မှ ချီးမြှင့်သော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တစ်ခုဖြစ်သည့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ကိုလည်း အလှူခံရရှိဖူးသည်။

"ဖေဖေ ဆရာတော်လျှူဖို့ ဘာမှလည်း မပါဘူး"ဟု စိုးသူက သတိပေးလိုက်သည်။

ဖေဖေက

"ဖေဖေသတိရပါတယ်ကွာ၊ ဟိုကျရင် ပစ္စည်းလေးပါးရည်မှန်းပြီး တို့မိသားစု ဝတ္ထုကပ်လိုက်ကြတာပေါ့" ဟု ပြန်ပြောပါသည်။

ဝေပုလ္လရာမကျောင်းသို့ရောက်ပြီး လူရှင်းနေသည်မို့ ဆရာတော်ကို အေးဆေးစွာဖူးတွေ့ရသည်။

ဆရာတော်သည်

"တစ်စုံတစ်ခုသော ကြီးမားသည့် အလိုဆန္ဒပြည့်ဝအောင်မြင်ရန်အတွက်၊ အခြားသောဆန္ဒများကို စတေးပစ်ရမည်"ဟု ရှေးစာဆိုတို့၏ အဆိုအမိန့်နှင့်အညီ ဒသမတန်းအောင်မြင်ပြီးနောက် တက္ကသိုလ်ပညာရပ်များကို ဆက်လက်မဆည်းပူးတော့ဘဲ အသက် ၁၈ နှစ်သားအရွယ်ကပင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ သာမဏေလောင်းဘဝသို့ဝင်ရောက်ခဲ့သူဖြစ်လေသည်။ ဆရာတော်က ငါးပါးသီလချီးမြှင့်အပြီးတွင်

"ငါးပါးသီလမြဲတော့ လောကမှာ ဖြစ်တတ်တဲ့အဆိုးဟူသမျှကို ရှောင်ဖယ်နိုင်တာပေါ့၊ မကောင်းမှုကိုပြုလုပ်ရင် အရိုက်အပုတ် အချုပ်အနှောင်ခံရတတ်တယ်၊ သေလွန်ရင်လည်း ရဲရောက်မယ်၊ ဒါကြောင့် မြတ်သောအကျင့်ကိုကျင့်ကြံပြီး မြတ်သောအမှုကိုပြုကြ"

ဆရာတော်က ဩဝါဒချီးမြှင့်ပါသည်။ ဆရာတော်၏ ဩဝါဒမှာ စိုးသူတို့ကျောင်းမှ ကျောင်းအုပ်ဆရာကြီးပြောသည်နှင့်အတူတူပင်ဖြစ်ပါသည်။ ကျောင်းအုပ်ကြီးကလည်း "ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌တည်စေမင်း" ဟု ပြောလေ့ရှိပါသည်။

အပြန်လမ်း၌ ဖေဖေက

"အင်း သံဃာကိုကြည်ညိုရတော့ ပိုပြီးကုသိုလ်ရတာပေါ့၊ မြတ်စွာဘုရားရဲ့ တပည့်သား၊ သံဃာတွေဟာ အကောင်းဆုံးကျင့်တော်မူတတ်ပါပေတယ်၊ ကောက်ကွေ့ခြင်းကင်း၊ ဖြောင့်စင်းတည့်မတ်စွာ ကျင့်တော်မူတတ်ပါပေတယ်။ နိဗ္ဗာန်ဆိုက်ရေး၊ အလေးပေးကာ ကျင့်တော်မူတတ်ပါပေတယ်၊ ရိုသေဖို့တန်၊ ခံယူထိုက်ခွင့်၊ ဂုဏ်ရည်မြင့်စရာ ကျင့်တော်မူပါပေတယ်၊ အဝေးမှဆောင်ယူ အလှူကိုပင် ခံယူထိုက်ပါပေတယ်၊ ဧည့်သည်ကောင်းတို့အတွက် စီမံအပ်သောပစ္စည်းကို ခံယူထိုက်ပါပေတယ်၊ အလှူကောင်းအလှူမွန်ကို ခံယူထိုက်ပါပေတယ်၊ လက်အုပ်ချီမိုးရှိခိုးခြင်းကို ခံယူတော်မူထိုက်ပါပေတယ်၊ ကောင်းမှုမျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်ထိုက်ပါပေတယ်" ဟု သံဃာ့ဂုဏ်တော်ကိုချီးမွမ်းလေသည်။

မေမေက

"ဆရာတော်ဟာ အရင်တုန်းက ပရိယတ္တိကိုလိုက်စားခဲ့တယ်၊ အခုနောက်ပိုင်းမှာတော့ ပဋိပတ်အကျင့်စခန်းကို ဦးတည်လာတယ်။ ဘာပဲဖြစ်ဖြစ် ကြည်ညိုစရာကောင်းတာဟာ သံဃာတွေရဲ့ မြတ်သောအကျင့်ကြောင့်ပါပဲ" ဟု ဖေဖေ့စကားကို ထောက်ခံပြောကြားလိုက်လေသည်။

ကျောင်းအုပ်ကြီးနှင့် ဆရာတော်မိန့်မှာသလို မြတ်သောအကျင့်ရှိနေစေရန်အတွက် ထာဝစဉ်ကြိုးစားပါတော့မည်ဟု စိုးသူအသိတစ်ခုရလိုက်ပါသည်။ ။

ကိုဇော်ဌေး(ယဉ်ကျေးမှု)

မြန်မာ့ရိုးရာကစားနည်း

## ညောင်ပင်တစ္ဆေ

ကစားသူများလျှင် များသည့်အလျောက်နှင့် နည်းလျှင်နည်းသည့်အလျောက် စက်ဝိုင်းပုံသဏ္ဌာန်စည်းကို မြေကြီးပေါ်တွင် ကြီးကြီးရေးဆွဲရသည်။ ထို့နောက် စစ်ဝိုင်း၏အချင်းကိုလည်း ရေးဆွဲရသည်။ ညောင်ပင်တစ္ဆေလုပ်သူက စည်းဝိုင်း၏အပြင်ဘက်တွင် နေရာယူရသည်။ မယ်ထွေးလုပ်သူက စက်ဝိုင်းအတွင်း၌ နေရသည်။ မယ်ထွေးလုပ်သူသည် ကစားသူများထဲတွင် အငယ်ဆုံးဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။ အလှည့်ကျသဘောမျိုးဖြင့် ကစားနိုင်လေသည်။

ကျန်ကစားသူများက မယ်ထွေးလုပ်သူကို ကျောပေး၍ စက်ဝိုင်းအပြင်ဘက်သို့ မျက်နှာမူထားရသည်။ စက်ဝိုင်းအတွင်းရှိ ကစားသူတိုင်းသည် ညောင်ပင်တစ္ဆေလုပ်သူနှင့် အခြားကစားသူများ၏ အမေးအဖြေများကို နားလည်ကြလျှင် နားလည်သည့်ကလေးတိုင်းက ဝင်၍ ဆိုနိုင်လေသည်။ အမေးအဖြေပြုလုပ်ကြပုံမှာ-



**ကစားသူများ** - ညောင်ပင်တစ္ဆေ

**ညောင်ပင်တစ္ဆေလုပ်သူ** - ဝေလေလေ

**ကစားသူများ** - နင် ဘယ်ကိုင်းမှာနေ

**ညောင်ပင်တစ္ဆေလုပ်သူ** - ညောင်ကိုင်းမှာနေ

**ကစားသူများ** - နင် ဘာသီးစား

**ညောင်ပင်တစ္ဆေလုပ်သူ** - ညောင်သီးစား

**ကစားသူများ** - နင် ဘာထမင်းစား

**ညောင်ပင်တစ္ဆေလုပ်သူ** - ညောင်ထမင်းစား

**ကစားသူများ** - နင် ဘာဟင်းစား

**ညောင်ပင်တစ္ဆေလုပ်သူ** - ညောင်ဟင်းစား

**ကစားသူများ** - နင် ဘာရေသောက်

**ညောင်ပင်တစ္ဆေလုပ်သူ** - ညောင်ရေသောက်

**ကစားသူများ** - နင် ဘာကွမ်းသီးစား

**ညောင်ပင်တစ္ဆေလုပ်သူ** - ညောင်ကွမ်းသီးစား

**ကစားသူများ** - ညောင်ပင်တစ္ဆေ နင်ထမင်းစားပြီးပြီလား

**ညောင်ပင်တစ္ဆေလုပ်သူ** - မစားရသေးဘူး၊ ဘာဟင်းချက်သလဲ

**ကစားသူများ** - ကြက်သားဟင်းချက်တယ်

**ညောင်ပင်တစ္ဆေလုပ်သူ** - ငါ့တစ်ခွက်ပေး

**ကစားသူများ** - ဘာလုပ်ဖို့

**ညောင်ပင်တစ္ဆေလုပ်သူ** - ငါစားဖို့

**ကစားသူများ** - မပေးနိုင်ဘူး၊ မယ်ထွေးလေးရလျှင် ယူတော့

ထိုသို့ အပြန်အလှန်ဆိုကြပြီးသော် မယ်ထွေးကို အလယ်၌နေစေ၍ အခြားကစားသူများက မယ်ထွေးဘေးပတ်ပတ်လည်တွင် စည်းကို မထိမိစေဘဲ ကခုန်ကြပြီးလျှင် ညောင်ပင်တစ္ဆေကို လက်ညှိုးထိုးကာ ပြောင်လှောင်ကြလေသည်။ ညောင်ပင်တစ္ဆေလုပ်သူကလည်း မယ်ထွေးကို စည်းဝိုင်းအပြင်သို့ ဆွဲထုတ်နိုင်ရန် ဟိုဘက်မှသည်ဘက်ဝန်း၍ဝိုက်၍ လိုက်လေသည်။ တစ်ယောက်ယောက်လဲသွားလျှင် ညောင်ပင်တစ္ဆေသည် မယ်ထွေးကို ဝင်၍ဆွဲယူလေသည်။ ကစားသူများကလည်း မယ်ထွေးကို စည်းဝိုင်းအလယ်တွင်သာ ရှိနေစေရန် ဆွဲယူကြလေသည်။ နောက်ဆုံးတွင် ညောင်ပင်တစ္ဆေက မယ်ထွေးကို တစ်စိတ်တစ်ဒေသအားဖြင့် စည်းကိုကျော်အောင်ဆွဲယူနိုင်လျှင် မယ်ထွေးက ညောင်ပင်တစ္ဆေလုပ်၍ ကစားပွဲကို အစမှ ပြန်ကစားကြလေသည်။

ညောင်ပင်တစ္ဆေကစားနည်းသည် ကလေးများအချင်းချင်း ချစ်ခင်စည်းလုံးမှုရှိစေခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်စေခြင်း၊ တစ်ဦးကိုတစ်ဦး အကာအကွယ်ပေးတတ်စေခြင်း၊ ကျန်းမာကြံ့ခိုင်စေခြင်းနှင့် ပျော်ရွှင်ကြည်နူးစေခြင်း စသည့်အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သော မြန်မာ့ရိုးရာကစားနည်းတစ်မျိုးဖြစ်ပါသည်။ ။

မောင်ရင်သွေး

လူငယ်နှင့်အောင်မြင်ရေး

## ငြီးငွေ့အောင်မပြောရ

ဝိမိုးနှင်း

လူတို့၏စိတ်၌ မိမိတို့၏အရေးသည် အခြားသူများ၏ အရေးထက် ပိုမို၍ကြီးသည်ဟု မှတ်ထင်တတ်ကြလေသည်။ သို့ဖြစ်ခြင်းကြောင့် စကားပြောရာ၌ မိမိတို့ကိုယ်တိုင်နှင့် မိမိတို့၏ သားသမီးနီးစပ် ရင်းနီးသူတို့၏ အကြောင်းများကိုသာ များစွာပြောတတ်ကြလေသည်။

သို့ပြောသောစကားများသည်နားထောင်၍ မငြီးအောင်ကောင်းလျှင်ကား မဟုတ်တာတွေကိုပင် လုပ်ကြံ၍ ပြောစေကာမူ နားထောင်ရသူတို့မှာ ကျေနပ်ခြင်း ဖြစ်နိုင်လေသည်။ သို့မဟုတ်မူ၍ မိမိတို့၏ ဂုဏ်များကိုသာ ပြောခြင်းဖြစ်ခြေက ငြီးငွေ့ဖွယ်ဖြစ်တတ်လေသည်။

စကားပြောရာ၌ နားထောင်သူသည် ပြောသူထက် ပိုမို၍ ထင်ပေါ်တတ်၏။ အသိအလိမ္မာဉာဏ်နှင့် ပြည့်စုံစွာ နားထောင်တတ်သူနှင့် မသိမလိမ္မာပြောစရာစကားများ မရှိသောကြောင့် နားထောင်ရသော သူတို့မှာ သိသိသာသာ ခြားနားလေသည်။

အသိအလိမ္မာနှင့် နားထောင်လေ့ရှိသောသူသည် ပြောသူထက် လိုလားနှစ်သက်ခြင်းကို ခံရတတ်လေသည်။

ထိုလူမျိုးမှာ မိမိတို့ကိုယ်တိုင်၏အရေးကိုသာ ဂရုစိုက်သူမဟုတ် အခြားသူတို့အရေးကိုလည်း ကောင်းရာကောင်းကြောင်း လိုလားသော စိတ်၊ ဝမ်းမြောက်စရာရှိလျှင် ဝမ်းမြောက်သော စိတ်၊ ချီးမွမ်းဖွယ်ရှိလျှင် ချီးမွမ်းသောစိတ်၊ ဤသို့ မှန်မြတ်ကောင်းမွန်သော စိတ်များနှင့် ပြည့်စုံကြောင်းမပြောဘဲ သိသာနိုင်လေရာ ထိုစိတ်မျိုးမှာ အများချစ်ခင်သော စိတ်မျိုးပင် ဖြစ်ကြလေသည်။

အမြော်အမြင်မကြီးကျယ်သောသူဟူ၍ မရှိ၊ သိသိသာသာ မြော်မြင်ခြင်းကိုကား မည်သူမျှ မလိုလားပေ၊ နားလည်၍ အသိဉာဏ်ရှိစွာ နားထောင်တတ်သောသူသည်စကားမပြောဘဲ အမူအရာဖြင့် များစွာမြော်မြင်နိုင်လေသည်။

စကားပြောရာ၌လည်း တစ်စုံတစ်ယောက်၏ မျက်နှာကိုကြည့်၍ ပြောတတ်သော အလေ့ ရှိစေရမည်။ မည်သူ့ကိုမျှမကြည့်ဘဲ သူ့ကို ပြောသလိုလို ငါ့ကိုပြောသလိုလို မဖြစ်စေရပေ၊ သို့မဟုတ် စဉ်းစား၍ ပြောရသော အချို့သော စကားများမှာကား မည်သူ့ကိုမျှမကြည့်ဘဲ စားပွဲပေါ်၌ရှိသော မင်အိုးကိုကြည့်၍ ပြောနိုင်လေသည်။

**ဆရာကြီးဝိမိုးနှင်း၏ "အောင်စိတ်နှင့်အောင်နည်း" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။**

# ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသည့် ဆရာတော်ကြီးလေးပါးနှင့် သာသနာနွယ်ဝင် သီလရှင်ဆရာကြီးတစ်ပါးတို့အား ထပ်ဆင့်ဂုဏ်ပြု ဂုဏာဝိသိဋ္ဌပူဇော်ပွဲကျင်းပ

နေပြည်တော် မတ် ၂၁

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးလေးပါးနှင့် သာသနာနွယ်ဝင်သီလရှင်ဆရာကြီးတစ်ပါးတို့အား ထပ်ဆင့်ဂုဏ်ပြု ဂုဏာဝိသိဋ္ဌပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိသာသနဗိမာန်တော်ကြီး၌ပြုလုပ်ရာ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒာသိရီ အမှူးပြုသော ဆရာတော်၊ သံဃာတော်များကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက စစ်တွေမြို့၊ နန္ဒာရာမပရိယတ္တိစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မြို့နယ်သြဝါဒါစရိယ စစ်တွေမြို့ ပညာလင်္ကာရကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနာဂိန္ဒက သမ္ဗောဒနီယသြဝါဒကထာကို ချီးမြှင့်တော်မူပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးလေးပါးဖြစ်သည့် စစ်တွေမြို့ ပညာလင်္ကာရကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာဂိန္ဒ၊ မင်းပြားမြို့ ပရိယတ္တိဓမ္မိကာရုံစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဣန္ဒာစရိယ၊ စစ်တွေမြို့ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယ၊ စစ်တွေမြို့ ခေါင်းလောင်းကျောင်းတိုက် ဆရာတော်မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစက္ကိန္ဒနှင့် သာသနာနွယ်ဝင်သီလရှင်ဆရာကြီးတစ်ပါးဖြစ်သော စစ်တွေမြို့ ခေမာသီဝံ သီလရှင် သာသနာပြုကျောင်းတိုက်မှ သီလရှင်ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်သုဓမ္မစာရီတို့အား ထပ်ဆင့်ဂုဏ်ပြုလွှာများ ဆက်ကပ်ပူဇော်၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စစ်တွေမြို့၊ ဝိမလဓမ္မနာဒ(ခတ်လယ်) ကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုဝဏ္ဏထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် သာသနဗိမာန်ရှေ့တွင် ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ဆက်လက်ပြုလုပ်ရာ ဆရာတော်၊ သံဃာတော်များက အလှူခံကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သတင်းရရှိသည်။ (၁၀၀)



၂၀၂၆ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ထပ်ဆင့်ဂုဏ်ပြုလွှာ ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်၊ သံဃာတော်များအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးက ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူစဉ်။

# ရပ်စောက်မြို့နယ်နှင့်မဟာအောင်မြေမြို့နယ်ရှိ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က သာသနာနွယ်ဝင် သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မတ် ၂၁

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ထီးခမ်းကျေးရွာရှိဒေသခံတိုင်းရင်းသားပြည်သူများအား အဆိုပါကျေးရွာရှိ ထီးတစ်ပင်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူ ၂၂၅ ဦးတို့အား အရိုး/အကြောရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗောဓိမဏ္ဍိုင် သီလရှင်စာသင်တိုက်ရှိ သာသနာနွယ်ဝင်သီလရှင်များအား အဆိုပါစာသင်တိုက်ရှိဓမ္မာရုံ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သာသနာနွယ်ဝင် သီလရှင် ၁၁၅ ပါးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခြင်းများဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သာသနာနွယ်ဝင်သီလရှင်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မတ် ၂၁

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

ကမ္ဘာ့ရေနေ့အထိမ်းအမှတ်
ဂုဏ်ပြုဆောင်းပါး

# ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျား၊ မတန်းတူပါဝင်စို့

သဲမောင်

**အကန့်အသတ်ဖြင့်ရှိနေသော ကျွန်ုပ်တို့၏ ရေချို အရင်းအမြစ်**

ကမ္ဘာမြေပေါ်ရှိ ရေသည် အလွန်များပြားသည်ဟု ထင်မြင်ရသော်လည်း လူသားများတိုက်ရိုက် အသုံးချနိုင်သည့် ရေချိုပမာဏမှာ အကန့်အသတ် ဖြင့်သာရှိနေသည်။ သိပ္ပံဆိုင်ရာသုတေသနများအရ ကမ္ဘာပေါ်ရှိ ရေအားလုံး၏ ၉၇ ရာခိုင်နှုန်းခန့်သည် ရေငန်ဖြစ်ပြီး ပင်လယ်များ၊ သမုဒ္ဒရာများအတွင်းတွင် တည်ရှိသည်။ ကမ္ဘာပေါ်ရှိ ရေအားလုံးထဲတွင် ရေချိုပမာဏမှာ ၃ ရာခိုင်နှုန်းခန့်သာရှိပြီး ထိုရေချို ထဲမှလည်း လူသားများတိုက်ရိုက်အသုံးချနိုင်သည့် ရေချိုပမာဏမှာ ၁ ရာခိုင်နှုန်းခန့်သာရှိသည်ကို ပုံ(၁)တွင်ဖော်ပြထားသည်။




**ပုံ(၁)-ကမ္ဘာပေါ်ရှိ ရေအရင်းအမြစ်များ ဖြန့်ကြက်တည်ရှိမှု (လူသားတို့တိုက်ရိုက်အသုံးပြုနိုင်သည့် ရေချိုပမာဏမှာ ၁ ရာခိုင်နှုန်းခန့်သာရှိကြောင်းပြသထားသည့်ပုံစံငယ်) Data Source: USGS (2024)**

ထို့ကြောင့် ရေချိုအရင်းအမြစ်များသည် လူသားများ၏ အသက်ရှင်ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဆုံးသော အခြေခံအရင်းအမြစ်တစ်ခုဖြစ်သော်လည်း စနစ်တကျစီမံခန့်ခွဲမှုမရှိပါက အလွယ်တကူ ချို့ယွင်းပျက်စီးနိုင်သည့် အရင်းအမြစ်လည်းဖြစ်လာနိုင်သည်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှု၊ လူဦးရေတိုးပွားလာမှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုနှင့်စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာမှုတို့ကြောင့် ရေလိုအပ်ချက်သည် ပိုမိုမြင့်တက်လာနေပြီး ရေအရင်းအမြစ်များအပေါ်တွင် ဖိအားများစွာရှိနေတာကိုတွေ့ရှိရသည်။ ထို့ကြောင့် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ ပူးပေါင်းပါဝင်ခြင်းသာမက ကျား၊ မတန်းတူပါဝင်မှုကိုလည်း အဓိကထားဆောင်ရွက်ရန်လိုအပ်လာသည်။ အသုံးချနိုင်သည့် ရေချိုပမာဏမှာ အလွန်နည်းပါးနေသည့်အတွက် ရေကဏ္ဍစုံကို ဖွံ့ဖြိုးတိုးတက်စေရန် ရေကိုစနစ်တကျစီမံခန့်ခွဲရန် မဖြစ်မနေလိုအပ်သည်။ ထိုစီမံခန့်ခွဲမှုအတွင်း လူထုအဆင့်မှ အတွေ့အကြုံများကို ပိုင်ဆိုင်ထားသော အမျိုးသမီးများ၏ အမြင်နှင့်အသံကို မပါဝင်စေပါက ရေကိုထိရောက်စွာအသုံးချနိုင်မည်မဟုတ်ပါ။ ရေသည်လူသားဘဝ၏ အခြေခံအကျဆုံးသော သဘာဝအရင်းအမြစ်တစ်ရပ်ဖြစ်ပြီး သောက်သုံးရေး၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်ရေး၊ ကျန်းမာရေးနှင့် သန့်ရှင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် လူမှုဘဝကဏ္ဍအားလုံးနှင့် တိုက်ရိုက်ဆက်နွယ်နေသည်။ ထို့ပြင် ကမ္ဘာ့ရေအရင်းအမြစ်များ အဆင့်ဆင့်ဖြန့်ကြက်တည်ရှိမှုကို ပုံ(၂)တွင်ပြသထားသည်။

ထို့ကြောင့် ရေကဏ္ဍစုံကို ရေရှည်တည်တံ့စွာဖွံ့ဖြိုးတိုးတက်လိုပါက နည်းပညာနှင့် မူဝါဒများသာမက ကျား၊ မ တန်းတူပါဝင်ရေးကို အဓိကအခြေခံအချက်တစ်ခုအဖြစ် မဖြစ်မနေထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

**၂၁ ရာစုတွင်ကြုံတွေ့နေရသည့် ရေအသုံးချမှုဆိုင်ရာစိန်ခေါ်မှုများ**

၂၁ ရာစုတွင် လူဦးရေတိုးပွားလာခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများမြန်ဆန်လာခြင်း၊ စက်မှုလုပ်ငန်းများတိုးချဲ့လာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ကမ္ဘာအနှံ့တွင် ရေအရင်းအမြစ်ဆိုင်ရာစိန်ခေါ်မှုများသည်ပိုမိုပြင်းထန်လာနေသည်။ ရေရှားပါးမှု၊ ရေအရည်အသွေးကျဆင်းမှု၊ ရေအလဟသသုံးစွဲမှုများ၊ ရေသယံဇာတမညီမျှမှုများနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကြောင့် ဖြစ်ပေါ်လာသော ရေဘေးအန္တရာယ်များ (ခြောက်သွေ့မှု၊ ရေကြီးမှု)တို့သည် လူသားတစ်ရပ်လုံးကိုခြိမ်းခြောက်လျက်ရှိသည်။ ထိုကဲ့သို့သောအခြေအနေများအောက်တွင် ရေကဏ္ဍကို ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးနိုင်ရန်အတွက် နည်းပညာ၊ အရင်းအမြစ်နှင့် မူဝါဒများအပြင် လူသားအရင်းအမြစ်ကို မျှတစွာအသုံးချနိုင်ရေးသည် အလွန်အရေးပါလာသည်။ အထူးသဖြင့် ကျား၊ မတန်းတူပါဝင်ရေး **(Gender Equality)** သည် ရေကဏ္ဍဖွံ့ဖြိုးရေး၏ အဓိကအခြေခံအချက်တစ်ရပ်အဖြစ် ထင်ရှားလာနေသည်။ ထို့ကြောင့် **ကမ္ဘာ့ကုလသမဂ္ဂမှ မတ်လ ၂၂ ရက်နေ့ကို "ကမ္ဘာ့ရေနေ့(World Water Day)"** အဖြစ် သတ်မှတ်ခဲ့ကြပြီး လူသားတိုင်း ရေကို စနစ်တကျထိန်းသိမ်းရန်တာဝန်ရှိကြောင်းကို သတိပေးလျက်ရှိသည်။

**ရေကဏ္ဍ၏အရေးပါမှုနှင့် "ကဏ္ဍစုံ" သဘောတရား**

ရေကဏ္ဍဟုဆိုရာတွင် သောက်သုံးရေထောက်ပံ့ရေးတစ်ခုတည်းကိုမဆိုလိုပါ။ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးအတွက် ရေသုံးစွဲမှု၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းများတွင် ရေသုံးစွဲမှု၊ ရေဆိုးစနစ်နှင့် သန့်ရှင်းရေး (WASH)၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်စနစ်များအားလုံးပါဝင်သည်။ ထိုကဏ္ဍများသည် တစ်ခုနှင့်တစ်ခုအပြန်အလှန်အကျိုးသက်ရောက်မှုရှိပြီး ကဏ္ဍတစ်ခု၏ အားနည်းမှုသည် အခြားကဏ္ဍများကိုပါ ထိခိုက်စေနိုင်သည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးအတွက် ရေလွန်ကဲစွာသုံးစွဲမှုသည် မြစ်၊ ချောင်းများ၏ သဘာဝရေစီးဆင်းမှုကို ထိခိုက်စေပြီး ငါးမွေးမြူရေးနှင့် ရေအရည်အသွေးကိုလည်း ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ရေကဏ္ဍစုံဖွံ့ဖြိုးရေးသည် အစိုးရဌာနများ၊ ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် လူထုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်နိုင်သည်။ ထိုပူးပေါင်းဆောင်ရွက်မှုအတွင်း ကျား၊ မ တန်းတူပါဝင်ရေးကို လျစ်လျူရှုထားပါက ရေစီမံခန့်ခွဲမှုသည် အပြည့်အဝထိရောက်နိုင်မည်မဟုတ်ပါ။

**ကျား၊ မ တန်းတူပါဝင်ရေး၏အယူအဆနှင့် ရေကဏ္ဍတွင်အရေးပါမှု**

ကျား၊ မ တန်းတူပါဝင်ရေးဆိုသည်မှာ အမျိုးသားနှင့် အမျိုးသမီးတို့အား အခွင့်အရေး၊ အာဏာနှင့် တာဝန်များကို မျှတစွာပေးအပ်ခြင်းကိုဆိုလိုသည်။ ယင်းအယူအဆသည် လူ့အခွင့်အရေး၏ အခြေခံယူဆချက်တစ်ရပ်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍကိုလုပ်ဆောင်သည်။ ရေကဏ္ဍတွင် ကျား၊ မ တန်းတူပါဝင်ရေးကို အကောင်အထည်ဖော်ခြင်းသည် လူမှုရေးအရ တရားမျှတမှုကိုသာမက ရေစီမံခန့်ခွဲမှု၏ ထိရောက်မှုကိုပါ တိုးတက်စေနိုင်သည်။ အမျိုးသားနှင့် အမျိုးသမီးတို့၏ အတွေ့အကြုံ၊ လိုအပ်ချက်နှင့် အမြင်များသည် ကွဲပြားမှုရှိသောကြောင့် နှစ်ဖက်စလုံးပါဝင်မှုသာ ပြီးပြည့်စုံသော ဆုံးဖြတ်ချက်များကိုချမှတ်နိုင်ပါမည်။

**ရေနှင့်အမျိုးသမီးများ၏နီးကပ်သောဆက်နွယ်မှု**

အခြေခံလူမှုအသိုင်းအဝိုင်းအဆင့်တွင် ရေနှင့် အနီးစပ်ဆုံးဆက်နွယ်နေသူများမှာ အမျိုးသမီးများဖြစ်ကြသည်။ ကျေးလက်ဒေသများတွင် အိမ်သုံးရေကို ရှာဖွေရန်၊ သယ်ဆောင်ရန်နှင့်စီမံခန့်ခွဲရန်တို့ကို အမျိုးသမီးများက အဓိကတာဝန်ယူလေ့ရှိသည်။ ထို့ပြင် မိသားစုကျန်းမာရေး၊ အိမ်သန့်ရှင်းရေးနှင့် ကလေးများ၏ သန့်ရှင်းကျန်းမာရေးကိုလည်း အမျိုးသမီးများက အဓိကစောင့်ရှောက်ပေးလေ့ရှိသည်။ ထို့ကြောင့် သန့်ရှင်းသောရေရရှိမှု မလုံလောက်ခြင်းနှင့် ရေဆိုးစနစ်မကောင်းမွန်ခြင်းတို့၏ ပထမဆုံးသော ထိခိုက်ခံရသူများမှာလည်း အမျိုးသမီးများနှင့်ကလေးသူငယ်များပင်ဖြစ်သည်။ သို့သော် လက်တွေ့တွင် အမျိုးသမီးများသည် ရေစီမံခန့်ခွဲမှုနှင့် အနီးကပ်ဆုံးဆက်နွယ်နေသူများဖြစ်ကြသော်လည်း ရေအရင်းအမြစ်စီမံခန့်ခွဲရေးနှင့် မူဝါဒချမှတ်ရေးကဲ့သို့သော ဆုံးဖြတ်ချက်ချမှုအဆင့်များတွင် ပါဝင်နိုင်ခြင်းမှာ နည်းပါးနေဆဲဖြစ်သည်။ ထိုကဲ့သို့သော ပါဝင်မှုမလုံလောက်ခြင်းသည် ဒေသခံလိုအပ်ချက်နှင့်ကိုက်ညီသောရေစနစ်များကိုဖန်တီးရာတွင် အခက်အခဲများဖြစ်စေပြီး ရေကဏ္ဍဖွံ့ဖြိုးရေး၏ ထိရောက်မှုနှင့်ရေရှည်တည်တံ့မှုကိုလည်း လျော့နည်းစေသည့် အရေးကြီးသော အားနည်းချက်တစ်ရပ်ဖြစ်သည်။

**ရေကဏ္ဍတွင် ကျား၊ မ မညီမျှမှု၏အကျိုးဆက်များ**

ရေကဏ္ဍတွင် ကျား၊ မ မညီမျှမှုများရှိနေပါက စီမံကိန်းများ၏ ထိရောက်မှုလျော့နည်းခြင်း၊ အမျိုးသမီးများ၏ အချိန်နှင့်အခွင့်အလမ်းဆုံးရှုံးခြင်း၊ ကျန်းမာရေးနှင့် ပညာရေးထိခိုက်မှုများကဲ့သို့သော လူမှုရေးနှင့်စီးပွားရေးဆိုင်ရာအကျိုးဆက်များ များစွာဖြစ်ပေါ်လာနိုင်သည်။

(၁) **စီမံကိန်းများထိရောက်မှုနည်းခြင်း။** ရေစီမံကိန်းများကို အမျိုးသားများသာ ဆုံးဖြတ်ပါက အမျိုးသမီးများ၏လက်တွေ့လိုအပ်ချက်များ (ဥပမာ - ရေသုံးစွဲမှုနေရာ၊ အချိန်၊ ပမာဏ၊ သန့်ရှင်းရေးဆိုင်ရာလိုအပ်ချက်များ)ကို ထည့်သွင်းမစဉ်းစားနိုင်ခြင်းကြောင့် စီမံကိန်းများသည် အသုံးဝင်မှုနည်းပါးလာနိုင်သည်။

(၂) **အမျိုးသမီးများ၏ အချိန်နှင့်အခွင့်အလမ်းဆုံးရှုံးခြင်း။ UNICEF နှင့် WHO (၂၀၂၃)** အစီရင်ခံစာများအရ ရေရှာဖွေရန် အချိန်အလွန်ပေးနေရခြင်းသည် အမျိုးသမီးများ၏ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကို ဆုံးရှုံးစေသည်။ ထို့ပြင် **ကိုဗစ်-၁၉** ရောဂါကာလအတွင်း လက်ဆေးခြင်းကဲ့သို့သော WASH အလေ့အထများ၏ **စာမျက်နှာ ၁၄ သို့** ❑




**ပုံ(၂)-ကမ္ဘာ့ရေအရင်းအမြစ်များ အဆင့်ဆင့်ဖြန့်ကြက်တည်ရှိမှု (သမုဒ္ဒရာရေ ၉၇ ရာခိုင်နှုန်း၊ ရေခဲလွှာနှင့်ရေခဲတောင်များ ၇၀ ရာခိုင်နှုန်းနှင့် မြေအောက်ရေ ၂၉ ရာခိုင်နှုန်းစသည်ဖြင့် အသေးစိတ်ခွဲခြားပြသထားသည့်ပုံ) Data Source: USGS (2024)**

❑ စာမျက်နှာ ၁၃ မှအဆက်

အရေးပါမှု ပိုမိုမြင့်တက်လာခဲ့သော်လည်း လူထု၏ စီးပွားရေးအခက်အခဲများကြောင့် သန့်ရှင်းသောရေဝယ်ယူနိုင်စွမ်းကျဆင်းခြင်းနှင့် စုပေါင်းရေရရှိရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခြင်းတို့ကြောင့်အမျိုးသမီးများသည် မိသားစုအတွက် ရေမလုံလောက်သည့် ဒဏ်ကိုခံစားခဲ့ကြရသည်။ ၂၀၂၃ ခုနှစ် **JMP** အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ၏ ၂၆ ရာခိုင်နှုန်းသည် အိမ်တွင်းသန့်ရှင်းသောရေ မရရှိသေးဘဲ ရေရှားပါးမှုနှင့် ရာသီဥတုပြောင်းလဲမှုသည် ရေဆိုင်ရာ ကျား၊ မ ကွာဟချက်ကို ပိုမိုချဲ့ထွင်စေနိုင်သည်ဟု **UN-Water** က သတိပေးထားသည်။

(၃) **ကျန်းမာရေးနှင့်ပညာရေးထိခိုက်ခြင်း။** သန့်ရှင်းသောရေရရှိမှု မလုံလောက်သောဒေသများတွင် ရေကြောင့်ဖြစ်ပေါ်သောရောဂါများကြောင့် ကလေးငယ်များ၏ ကျန်းမာရေးနှင့် ပညာရေးထိခိုက်မှုများမြင့်မားနေဆဲဖြစ်သည်၊ အမျိုးသမီးများသည်လည်း မိသားစုအတွက် ကျန်းမာရေးစောင့်ရှောက်သူများဖြစ်သောကြောင့် ထိုရောဂါများ၏ ဝန်ထုပ်ဝန်ပိုးကို ပိုမိုခံစားရသည်။ ထို့ကြောင့် ရေကဏ္ဍတွင် ကျား၊ မ မညီမျှမှုများဆက်လက်တည်ရှိနေပါက လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ ဆိုးကျိုးများကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်သည်။

**ကျား၊ မတန်းတူပါဝင်မှု၏အကျိုးကျေးဇူးများ**

ရေကဏ္ဍတွင် ကျား၊ မ တန်းတူပါဝင်ရေးကို အကောင်အထည်ဖော်ခြင်းသည် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) အတွက်အလွန်အရေးပါသည်။

(၁) **ထိရောက်မှုတိုးတက်ခြင်း။** လူထုအဆင့်တွင် အမျိုးသမီးများပါဝင်လာပါက ရေစုဆောင်းသောစနစ်များကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းနိုင်ပြီး ရေသုံးစွဲမှုကိုလည်း ထိရောက်စွာစီမံနိုင်သည်။

(၂) **လူထုယုံကြည်မှုတည်ဆောက်နိုင်ခြင်း။** ကျား၊ မ တန်းတူပါဝင်ရေးသည် လူမှုရေးတည်ငြိမ်မှုနှင့် လူထုယုံကြည်မှုကိုလည်းတိုးတက်စေသည်။ ထိုယုံကြည်မှုသည် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ရေရှည်အောင်မြင်စေသော အခြေခံအချက်တစ်ရပ်ဖြစ်လာနိုင်သည်။

**ရေကဏ္ဍတွင်“အမည်ခံပါဝင်မှု”ပြဿနာ**

အချို့သော ရေကဏ္ဍစီမံကိန်းများတွင် အမျိုးသမီးများပါဝင်သည်ဟု ဖော်ပြထားကြသော်လည်း လက်တွေ့တွင် ဆုံးဖြတ်ချက်ချသောအဆင့်များတွင် ပါဝင်ခွင့်မပေးဘဲ အမည်သဘောအရသာပါဝင်ထားခြင်းများကိုတွေ့ရှိရသည်။ ဥပမာအားဖြင့် ကျေးရွာရေကော်မတီတစ်ခုတွင် အမျိုးသမီးအဖွဲ့ဝင်များပါဝင်နေသော်လည်း စက်ရေတွင်းတည်နေရာရွေးချယ်ခြင်း၊ အိမ်သာစနစ်ဒီဇိုင်းပြုလုပ်ခြင်း၊ ငွေကြေးအသုံးချမှုဆုံးဖြတ်ခြင်း စသည့်အလွန်အရေးကြီးသော အစည်းအဝေးများတွင် အမျိုးသမီးများ၏ သဘောထားကိုမယူဘဲ အမျိုးသားများသာဆုံးဖြတ်သည့်အခြေအနေများရှိနေသည်။ ထိုကဲ့သို့သော ပါဝင်မှုမျိုးသည် ကျား၊ မတန်းတူပါဝင်ရေး၏အဓိပ္ပာယ်ကို မပြည့်စုံစေသကဲ့သို့ ရေစီမံခန့်ခွဲမှု၏ အရည်အသွေးကိုလည်း မတိုးတက်စေနိုင်ပါ။ ထို့ကြောင့် ကျား၊ မတန်းတူပါဝင်ရေးသည် အရေအတွက်တစ်ခုအဖြစ်သာမသတ်မှတ်ဘဲ အာဏာနှင့်ဆုံးဖြတ်ချက်ချနိုင်စွမ်းအထိ ပါဝင်လာနိုင်စေရန်မှာ အရေးကြီးသည်။

**နိုင်ငံတကာအတွေ့အကြုံ - ဘင်္ဂလားဒေ့ရှ်မှ သင်ခန်းစာ**

နိုင်ငံတကာအတွေ့အကြုံများအရ ရေကဏ္ဍတွင် အမျိုးသမီးများကို ဆုံးဖြတ်ချက်ချမှုအဆင့်အထိ ပါဝင်စေသော စီမံကိန်းများသည် ရေရှည်အောင်မြင်မှုများရရှိကြောင်းကို တွေ့ရှိရသည်။ ဥပမာအားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် **Gender Equality and Social Inclusion (GESI)** ကို ထည့်သွင်းထားသော **WASH စီမံကိန်းများ (ဥပမာ SHOMOTA Project)**သည် အမျိုးသမီးများ၏ **“အဓိပ္ပာယ်ပြည့်ဝသောပါဝင်မှု” (meaningful participation)**ကိုတိုးတက်စေပြီး ရေစနစ်ထိန်းသိမ်းမှုနှင့် လူထု၏စိတ်ကျေနပ်မှုအပေါ် အပြုသဘောသက်ရောက်မှုရှိကြောင်းကို ဖော်ပြထားသည်။ ထို့ပြင် ကျေးလက်ဒေသ ရေသုံးစနစ်စီမံကိန်းတစ်ခုတွင် ရေစီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များအနက် ၄၀ ရာခိုင်နှုန်းကို အမျိုးသမီးများဖြင့်ဖွဲ့စည်းခဲ့သည်။ ထိုစီမံကိန်း၏ ထိန်းသိမ်းနိုင်စွမ်းနှင့် အသုံးချမှုအဆင့်တို့သည် ယခင်အမျိုးသားအခြေခံစီမံကိန်းများထက် သိသာစွာတိုးတက်လာခဲ့သည်ကိုတွေ့မြင်ရသည်။

**မြန်မာနိုင်ငံအခြေအနေနှင့် Dry Zone(မကွေးဒေသ) တွင် ရေပြဿနာ**

မြန်မာနိုင်ငံတွင်ရေအရင်းအမြစ်များစွာရှိသော်လည်း ဒေသအလိုက် မညီမျှမှုများရှိနေသည်။ အထူးသဖြင့် မကွေးတိုင်းဒေသကြီးအပါအဝင် Dry Zone ဒေသများတွင် မိုးရေချိန်နည်းပါးခြင်းနှင့် မကြာခဏခြောက်သွေ့မှုများကြောင့် ရေရှားပါးမှုပြဿနာသည် ရေရှည်ဖြစ်ပေါ်လျက်ရှိသည်။ **UNDP** မှလည်း မြန်မာ Dry Zone ဒေသများအတွင်း ရေအရင်းအမြစ်ရရှိမှုတိုးတက်စေရန် ရေကန်များပြုလုပ်ခြင်း၊ ရေတွင်းများတည်ဆောက်ခြင်းနှင့် လူထုအခြေပြုစီမံခန့်ခွဲမှုများကိုဆောင်ရွက်နေကြောင်းဖော်ပြထားသည်။ Dry Zone ကျေးရွာအများစုတွင် အိမ်သုံးရေရရှိရန် ရေကန်၊ ရေတွင်း၊ လက်တွန်းပန့် သို့မဟုတ် အဝေးမှရေကိုသယ်ယူရသော အခြေအနေများကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များသည် နေ့စဉ်ရေရှာဖွေရန်အတွက် အချိန်နှင့်ခန္ဓာကိုယ်အင်အားများကို များစွာအသုံးချနေရသည်။ ထို့ပြင် **WASH (Water, Sanitation and Hygiene)** လက်လှမ်းမီမှုနည်းပါးသော ကျေးရွာများတွင် သန့်ရှင်းရေးစနစ်ကောင်းမွန်ခြင်းမရှိသောကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အူလမ်းကြောင်းဆိုင်ရာရောဂါများကဲ့သို့ ရေမှတစ်ဆင့်ဖြစ်ပွားသော ရောဂါများကိုဖြစ်ပွားစေနိုင်သည်။ ထို့ကြောင့် Dry Zone ရေစီမံကိန်းများတွင် ရေကန်တည်နေရာရွေးချယ်မှု၊ ရေတွင်းတူးဖော်မှု၊ ရေသိုလှောင်မှုစနစ်ဒီဇိုင်းနှင့် သန့်ရှင်းသော အိမ်သာစနစ် စီမံကိန်းများကို ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ လက်တွေ့အတွေ့အကြုံနှင့် ဆုံးဖြတ်ချက်ချမှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ သို့မှသာ ဒေသနှင့်ကိုက်ညီသော ရေစနစ်များကို ဖန်တီးနိုင်ပြီး စီမံကိန်းများ၏ ရေရှည်တည်တံ့မှုကိုပါ မြှင့်တင်နိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် Dry Zone ကျေးရွာ ရေစီမံကိန်းများတွင် **“အမျိုးသမီးရေကော်မတီခေါင်းဆောင်မှုသင်တန်း (Women Leadership Training for Village Water Committees)”** ကို စနစ်တကျ ပို့ချပေးပြီး အမျိုးသမီးများကို ငွေကြေးစီမံခန့်ခွဲမှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ဆုံးဖြတ်ချက်ချမှုအဆင့်အထိ ပါဝင်နိုင်စေရန် အစီအစဉ်များချမှတ်သင့်သည်။ မြန်မာနိုင်ငံ၏ ရေလိုအပ်မှုမှာ ဒေသအလိုက် အလွန်ကွဲပြားသည်။ **မြစ်ဝကျွန်းပေါ်ဒေသများတွင်** ရေရှားပါးမှုထက် ရေကြီးရေလျှံမှု၊ ရေငန်ဝင်ရောက်မှုနှင့် ရေညစ်ညမ်းမှုတို့ကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ကျန်းမာရေးနှင့် လုံခြုံရေးစိန်ခေါ်မှုများ ပိုမိုကြီးမားလာခဲ့သည်။ **တောင်ပေါ်နှင့် နယ်စပ်ဒေသများ**တွင်မူ ရေအရင်းအမြစ်သို့ ရောက်ရှိရန် တောင်တက်တောင်ဆင်း ခရီးလမ်းကြမ်းများကြောင့် ရေသယ်ရန် အချိန်ပိုကြာခြင်းနှင့် အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ပိုမိုရင်ဆိုင်ရသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတွက် တစ်ပုံစံတည်းသော မူဝါဒထက် **ဒေသအလိုက် ကျား၊ မ ဆိုင်ရာလိုအပ်ချက်များကို ချိန်ညှိထားသော ချဉ်းကပ်နည်း (Locally Adapted Gender-Sensitive Approach)** သာလျှင် အလုပ်ဖြစ်နိုင်မည်ဖြစ်သည်။

**“ရေအသက်တစ်မနက်”-သဘောတရားနှင့်လူသားဘဝနှင့်ဆက်စပ်မှု**

“ရေအသက်တစ်မနက်” ဟူသော စကားလုံးသည် ရေ၏အရေးပါမှုကို နက်ရှိုင်းစွာဖော်ပြထားသောကြောင့် အဓိပ္ပာယ်ပြည့်စုံသည့်အယူအဆတစ်ရပ်ပင်ဖြစ်သည်။ လူသားများ၏ အသက်ရှင်ရပ်တည်မှု အစမှ သေဆုံးသည်အထိ ရေမရှိဘဲ မည်သည့်လုပ်ငန်းမျိုးကိုမျှ ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် လူ့ယဉ်ကျေးမှု၊ လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့၏အခြေခံအုတ်မြစ်မှာလည်း ရေဖြစ်သည်။

**SDGs Goal 5 နှင့် Goal 6 ၏ဆက်နွယ်မှု**

**SDG Goal 5 (Gender Equality)** သည် အမျိုးသမီးများ၏ အခွင့်အရေးနှင့်ပါဝင်မှုကိုအလေးထားခြင်းဖြစ်ပြီး ရေအသက်တစ်မနက်ကို လက်တွေ့ကျကျ ကာကွယ်ထိန်းသိမ်းနိုင်ရန် လိုအပ်သောလူသားအင်အားကို အပြည့်အဝအသုံးချရန်ရည်ရွယ်သည်။ **SDG Goal 6 (Clean Water and Sanitation)** သည် လူသားအသက်ကို ထိန်းသိမ်းရန်အတွက် မဖြစ်မနေလိုအပ်သော သန့်ရှင်းသောရေနှင့် သန့်ရှင်းရေးကို အခြေခံထားပြီး “ရေအသက်တစ်မနက်” ဟူသော အယူအဆ၏ကမ္ဘာလုံးဆိုင်ရာအကောင်အထည်ဖော်မှုဖြစ်သည်ဟုဆိုနိုင်သည်။ Goal 5 နှင့် Goal 6 သည် အပြန်အလှန်မခွဲခြားနိုင်သော ဆက်နွယ်မှုရှိသည်။ အမျိုးသမီးများပါဝင်ဆောင်ရွက်မှုမရှိပါက သန့်ရှင်းသောရေရရှိမှုသည် ရေရှည်တည်တံ့နိုင်မည်မဟုတ်ပါ။ ထို့ပြင် သန့်ရှင်းသော ရေရရှိမှုမရှိပါက အမျိုးသမီးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများကိုလည်း အပြည့်အဝ ကာကွယ်နိုင်မည်မဟုတ်ပါ။

**မူဝါဒနှင့်အဖွဲ့အစည်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများ**

ရေကဏ္ဍတွင် ကျား၊ မတန်းတူပါဝင်ရေးကို လက်တွေ့အကောင်အထည်ဖော်ရန် အောက်ဖော်ပြပါအဆင့်များကိုလိုအပ်သည်။

(၁) **မူဝါဒအဆင့်ပြုပြင်ပြောင်းလဲခြင်း။** အစိုးရမူဝါဒများတွင်ကျား၊မ ရေးရာအမြင် **(Gender Perspective)**ကို ထည့်သွင်းစဉ်းစားရန်။ ကျေးရွာသောက်သုံးရေနှင့် သန့်ရှင်းရေးကော်မတီများတွင် အမျိုးသမီးပါဝင်မှု အနည်းဆုံး ၅၀ ရာခိုင်နှုန်းရှိစေရေး ညွှန်ကြားချက်များထုတ်ပြန်ရန်။ ရေစီမံခန့်ခွဲရေးအဖွဲ့အစည်းများတွင် အမျိုးသမီးကိုယ်စားပြုမှုကို ဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ရန် (၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ)။ ယခုလက်ရှိ မြန်မာနိုင်ငံတွင် လူမှုစီးပွားရေးအခြေအနေများကြောင့် ကျေးလက်ဒေသနှင့် ရေရှားပါးမှုဒဏ်ခံရသောဒေသများတွင် WASH ဝန်ဆောင်မှုများ ကျဆင်းလာနိုင်ခြေရှိနေသည်။ ထို့ကြောင့် CSO များ၏ လေ့လာတွေ့ရှိချက်များနှင့် UNDP, FAO စသည့်အဖွဲ့အစည်းများ၏အစီရင်ခံစာများအပေါ်အခြေခံ၍ **ရေရှည်တည်တံ့သော ရေစီမံခန့်ခွဲမှုစနစ်များ** တည်ဆောက်ရာတွင် အမျိုးသမီးများ၏ ဆုံးဖြတ်ပိုင်ခွင့်ကို ဥပဒေလမ်းကြောင်းအရပိုမိုခိုင်မာအောင် ဆောင်ရွက်သင့်သည်။

(၂) **သင်တန်းနှင့် စွမ်းရည်မြှင့်တင်ရေး နည်းပညာဆိုင်ရာ ပညာပေးမှုများကို ကျား၊ မ မရွေး အညီအမျှပေးအပ်ရန်။** ရေအရင်းအမြစ်စီမံခန့်ခွဲရေးသင်တန်းများတွင် အမျိုးသမီးလေ့လာသူ ၄၀ ရာခိုင်နှုန်းပါဝင်ရေးဦးတည်ချက်ချမှတ်ရန်။ အမျိုးသမီးများအား ရေနည်းပညာ၊ စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းများစနစ်တကျပို့ချပေးရန်။

(၃) **လူမှုရေးအသိပညာပေးခြင်း။** လူမှုရေးအယူအဆများကြောင့် ဖြစ်ပေါ်နေသော ကျား၊မ ကန့်သတ်ချက်များကိုပညာပေးမှုမှ တစ်ဆင့်ပြောင်းလဲပေးရန်။

(၄) **သုတေသနနှင့်ပညာရေးတက္ကသိုလ်များရှိ ရေအရင်းအမြစ်စီမံခန့်ခွဲမှု ဘာသာရပ်များတွင် ကျား၊ မရေးရာသဘောတရားများကို ထည့်သွင်းသင်ကြားပေးရန်။** ထို့ကြောင့် မူဝါဒနှင့်အဖွဲ့အစည်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို ကျား၊မ တန်းတူအမြင်ဖြင့် လက်တွေ့ကျကျ ဆောင်ရွက်ခြင်းသည် ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်တစ်ရပ်ပင်ဖြစ်သည်။

ကမ္ဘာမြေပေါ်ရှိရေအရင်းအမြစ်များသည် ပမာဏအရများပြားသော်လည်း လူသားတို့တိုက်ရိုက်အသုံးပြုနိုင်သည့် ရေချိုပမာဏမှာ အလွန်အကန့်အသတ်ဖြင့်ရှိနေသည်ကို သိပ္ပံဆိုင်ရာသုတေသနများက ထင်ရှားစွာပြသထားသည်။ ထိုသို့ရေချိုရရှိနိုင်မှု ကန့်သတ်နေသောအခြေအနေအတွင်း ၂၁ ရာစု၏ ရာသီဥတုပြောင်းလဲမှု၊ ရေရှားပါးမှုနှင့် ရေဘေးအန္တရာယ် စိန်ခေါ်မှုများကိုရင်ဆိုင်ရန် နည်းပညာနှင့် မူဝါဒများကိုသာ မျှော်မှန်းထားခြင်းဖြင့် မလုံလောက်တော့ဘဲ ကျား၊ မတန်းတူပါဝင်နိုင်ရေးကို အဓိကအခြေခံအချက်တစ်ရပ်အဖြစ် မဖြစ်မနေထည့်သွင်းစဉ်းစားရန်လိုအပ်လာသည်။ အထူးသဖြင့် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးအပြောင်းအလဲများကြောင့် WASH ဝန်ဆောင်မှုများ ကျဆင်းလာနိုင်ခြေရှိသည့်အခြေအနေတွင် **အမျိုးသမီးများ၏ ဆုံးဖြတ်ပိုင်ခွင့်ကို ဥပဒေလမ်းကြောင်းအရ ပိုမိုခိုင်မာအောင်ဆောင်ရွက်ခြင်းသည်** ရေရှည်တည်တံ့သော ရေစီမံခန့်ခွဲမှုစနစ်များ တည်ဆောက်နိုင်ရေးအတွက် အရေးပါသော သော့ချက်တစ်ရပ်ပင်ဖြစ်သည်။ Dry Zone ၏ ရေရှားပါးမှု၊ မြစ်ဝကျွန်းပေါ်၏ ရေဘေးနှင့် တောင်ပေါ်ဒေသ၏ ရေရရှိရန်ခက်ခဲမှု စသည့်ဒေသအလိုက်ကွဲပြားသော စိန်ခေါ်မှုများကို အမျိုးသမီးများ၏အသံနှင့် အတွေ့အကြုံများမှတစ်ဆင့် ဖြေရှင်းနိုင်မှသာလျှင် ပိုမိုထိရောက်သော ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ အနှစ်ချုပ်အားဖြင့် “ရေအသက်တစ်မနက်” ဟူသော သဘောတရားကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် SDGs Goal 5 နှင့် Goal 6 တို့ကို အပြန်အလှန်ထောက်ပံ့ပေးသော ရည်မှန်းချက်များအဖြစ် ချိတ်ဆက်စဉ်းစားရမည်ဖြစ်သည်။ ထို့ကြောင့် ရေကဏ္ဍစုံဖွံ့ဖြိုးရေးသည် နည်းပညာရှင်များ၏ တာဝန်သာမက အမျိုးသား၊ အမျိုးသမီးအားလုံး တန်းတူညီမျှ လက်တွဲဆောင်ရွက်ရမည့် **အမျိုးသားရေးတာဝန်တစ်ရပ်** အဖြစ်တင်ပြအပ်ပါသည်။ ။

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့်ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် မတ် ၂၁

ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ၌ ကျောင်းဝင်းအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးဆောင်ရွက်စဉ်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အပါအဝင် မြို့နယ် ၈ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ သာသနာ့ဗိမာန်များ၊ ဘိုးဘွားရိပ်သာများနှင့်လမ်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက တောင်ငူမြို့ရှိ လမ်းများ၌ ချုံနွယ်ပေါင်းမြက်များရှင်းလင်းပေးစဉ်။

---

❐ **ကျောဖုံးမှအဆက်**

အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲများကို နံနက် ၄ နာရီခွဲတွင် အမျိုးသား၊ အမျိုးသမီး ၁၀ မိုင်အပြေးပြိုင်ပွဲကိုလည်းကောင်း၊ နံနက် ၄ နာရီ ၄၅ မိနစ်တွင် အမျိုးသား၊ အမျိုးသမီး ၅ မိုင် အပြေးပြိုင်ပွဲကိုလည်းကောင်း၊ နံနက် ၅ နာရီတွင် အမျိုးသား၊ အမျိုးသမီး ၃ မိုင် အပျော်တမ်းပြိုင်ပွဲများကိုလည်းကောင်း အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှေ့မှစတင်၍တာလွှတ်ပေးရာအပြေးသမားများက ဝေဇယန္တာလမ်း၊ သံသုမာလမ်း၊ ဂန္ဓမာလမ်း၊ ရတနာလမ်းမှသတ်မှတ်လမ်းကြောင်းအတိုင်း အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သို့ ပြန်လည်ပန်းဝင်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရာ အမျိုးသား၊ အမျိုးသမီး ၁၀ မိုင်အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယရရှိသူများအား ဆုတံဆိပ်နှင့်ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ စတုတ္ထမှ ဒသမအထိပန်းဝင်သူများကိုလည်းကောင်း၊ ၁၁ မှ ၁၅ အထိပန်းဝင်သူများကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး ၅ မိုင်အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယရရှိသူများအား ဆုတံဆိပ်နှင့်ဂုဏ်ပြုဆုငွေကိုလည်းကောင်း၊ စတုတ္ထမှဒသမအထိပန်းဝင်သူများကို ဆုတံဆိပ်နှင့်ဂုဏ်ပြုဆုငွေကိုလည်းကောင်း၊ ၁၁ မှ ၁၅ အထိပန်းဝင်သူများအား ဆုတံဆိပ်နှင့်ဂုဏ်ပြုဆုငွေကိုလည်းကောင်း၊ အမျိုးသား၊ အမျိုးသမီး ၃ မိုင်အပျော်တမ်းပြိုင်ပွဲတွင် ပထမမှပဉ္စမအထိပန်းဝင်သူများအား ဆုတံဆိပ်နှင့်ဂုဏ်ပြုဆုငွေကိုလည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများကပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**လင်းခန့်**

---

● **စိတ်ကြွရူးသွပ်ဆေးပြားများမှ**

ပိတောက်လမ်း၊ မြလင်းပွင့်မိုတယ်အနီး၌ မသင်္ကာဖွယ်မော်တော်ယာဉ် ၃ စီးရပ်တန့်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရှာဖွေရာ Toyota Fortuners အမျိုးအစား (လိုင်စင်မဲ့)အဖြူရောင်မော်တော်ယာဉ်ပေါ်မှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားများ ထည့်ထားသည့် ဆာလာအိတ် ၃၀ လုံး (ဆာလာအိတ် ၁ လုံးလျှင် ၂ သိန်းပြားပါ) စိတ်ကြွရူးသွပ်ဆေးပြားသိန်း ၆၀ ပြား၊ Toyota Hilux Single Cub အမျိုးအစား(လိုင်စင်မဲ့) ခဲရောင်မော်တော်ယာဉ်ပေါ်မှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားများ ထည့်ထားသည့် ဆာလာအိတ် ၃၇ လုံး (ဆာလာအိတ် ၁ လုံးလျှင် ၂ သိန်းပြားပါ) စိတ်ကြွရူးသွပ်ဆေးပြား ၇၄ သိန်းပြားနှင့် Ford အမျိုးအစား (လိုင်စင်မဲ့) အဖြူရောင်မော်တော်ယာဉ်ပေါ်မှ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားများထည့်ထားသည့် ဆာလာအိတ် ၂၂ လုံး (ဆာလာအိတ် ၁ လုံးလျှင် ၂ သိန်းပြားပါ) စိတ်ကြွရူးသွပ်ဆေးပြား ၄၄ သိန်းပြား၊ စုစုပေါင်း WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၇၈ သိန်းပြား( ခန့်မှန်းငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်)တန်ဖိုးရှိ မူးယစ်ဆေးဝါးများအား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မော်တော်ယာဉ်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားခံများအား ဖမ်းဆီးရမိရေး ပူးပေါင်းအဖွဲ့ဖြင့် ဆက်လက်ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

---

# ONE FRIDAY FIGHTS 147 တွင် မြန်မာဖိုက်တာကျော်စွာဝင်း ဝါရင့်မွေထိုင်းဖိုက်တာ ဆမင်ဒမ်ကို အမှတ်ဖြင့်ရှုံးနိမ့်

ရန်ကုန် မတ် ၂၁

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ယမန်နေ့ညပိုင်းကကျင်းပသည့် ONE FRIDAY FIGHTS 147 တွင် မြန်မာဖိုက်တာ ကျော်စွာဝင်း ဝါရင့်မွေထိုင်းဖိုက်တာ ဆမင်ဒမ်ကို အမှတ်ဖြင့်ရှုံးနိမ့်ခဲ့သည်။

ဆမင်ဒမ်သည် ကျော်စွာဝင်းထက် ဝမ်းအတွေ့အကြုံပိုများပြီး မိုးထက်အောင်၊ ဆွန်ရတ်တိုကို အနိုင်ရရှိထားသူဖြစ်သည်။ ကျော်စွာဝင်းသည် ဝမ်းတွင် ဂျပန်ဖိုက်တာ မူဂါဆီတိုနဲ့တစ်ပွဲတည်းသာ ထိုးသတ်အနိုင်ရရှိထားသော်လည်း ရိုးရာလက်ဝှေ့ပြိုင်ပွဲများတွင် ထိုင်းပြိုင်ဘက်ကစားသမားများကို အလဲလဲအကွဲကွဲထိုးသတ်အနိုင်ယူထားသူဖြစ်၍ ဆမင်ဒမ်နှင့်ပွဲသည်လည်း ပရိသတ်အကြိုက်တွေ့သည့် အကြိတ်အနယ်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

ပထမအချီစကတည်းက ကျော်စွာဝင်းသည်ဖိုက်တာကစားပြီး ပြိုင်ဘက်ကိုဖိအားပေးလိုက်ထိုးသည်။ ကောင်တာကစားသည့် ဆမင်ဒမ်က ယနေ့ပွဲတွင် ဆိုင်ထိုးရန်ကြိုးစားခဲ့သော်လည်း အခြေအနေမဟန်သည့်အတွက် ဆမင်ဒမ်ထုံးစံအတိုင်း ပါးပါးနပ်နပ်နှင့် ကောင်တာဖမ်းကစားခဲ့ရာ ကျော်စွာဝင်း မကြာခဏဆိုသလို ထိခဲ့သည်။

ဒုတိယအချီတွင် ကျော်စွာဝင်း ခြေကန်လိုက်တိုင်း ဆမင်ဒမ်ကဖမ်းဆွဲပြီးကောင်တာကစားနိုင်ခဲ့သည်။ ဆမင်ဒမ်သည်ပြိုင်ဘက်ကို အတင်းပူးကပ်ပြီး ချုပ်ဒူးကွက်များသုံးကာ ပြန်အခွာတွင် ဒူးတိုက်ချက်များနှင့် အမှတ်ယူနိုင်ခဲ့သည်။ ယနေ့ပွဲတွင် ကျော်စွာဝင်း၏တိုက်စစ်ကြောင့် ခတ်ခြေကောင်းသည့်ဆမင်ဒမ် ခြေထုတ်ချိန်သိပ်မရလိုက်ပေ။

တတိယအချီတွင်ကျော်စွာဝင်းအနာခံပြီး ပြိုင်ဘက်ကို တရစပ်လိုက်ထိုး၍ ဆမင်ဒမ် ပြန်မခုခံနိုင်ဘဲ မျက်နှာကိုကာပြီး ခေါင်းငုံ့ထားရသည်အထိဖြစ်ခဲ့သည်။ နောက်ဆုံးအချီတွင် ဆမင်ဒမ်ပွဲကိုထိန်းကာ ကြိုးဝိုင်းပတ်ရှောင်ပြေးနေ၍ ကျော်စွာဝင်း၏ စိန်ခေါ်ခဲ့ပုံသည်ပရိသတ်ရင်ထဲအမှတ်ရစေသည့် ပုံရိပ်တစ်ခုဖြစ်ခဲ့သည်။ မြန်မာဖိုက်တာ ကျော်စွာဝင်းသည် ပွဲစကတည်းက နောက်ဆုံးအချီ နောက်ဆုံးစက္ကန့်အထိ ပြိုင်ဘက်ဆမင်ဒမ်ကို ဖိအားပေးထိုးသတ်နိုင်ခဲ့သော်လည်း ပွဲအပြီးတွင် အမှတ်ဖြင့်ရှုံးနိမ့်ခဲ့ရသည်။

**ဝန်းရုံခ**



---

**ထူးခြားသည့် နေ့အပူချိန်များ**

၂၁-၃-၂၀၂၆

| | | | | |
|---|---|---|---|---|
| မင်းဘူး | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၉ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ဇောင်းတူ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| သာယာဝတီ | ၃၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ပဲခူး | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| (စိုက်ပျိုးရေးမိုးလေဝသ) | | | | |
| အောင်လံ | ၃၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ကြို့ပင်ကောက် | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဇလွန် | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

# ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး လွှတ်တော်ကိုယ်စားလှယ်များတည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ(၂)သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် မတ် ၂၁

ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးသည် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးသန်းထွန်းဦး၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာ(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် လွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေးနှင့် သွားလာရေးကိစ္စရပ်များကိုဆွေးနွေးမေးမြန်းပြီး လွှတ်တော်ကိုယ်စားလှယ်များတည်းခိုသည့် အဆောင်များ၊ ကိုယ်စားလှယ်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ လွှတ်တော်ကိုယ်စားလှယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ



# (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း



ရန်ကုန် မတ် ၂၁

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံကြီး ခုတင် - ၁၀၀၀ ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ သွေးလှူရှင်များအဖြစ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ရှိ မီးသတ်တပ်ဖွဲ့ဝင် ၆၀ ဦး၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးကွပ်ကဲမှုအောက်ရှိ မီးသတ်တပ်ဖွဲ့ဝင် ၂၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး စုစုပေါင်း သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် ၉၀ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ သွေးလှူဒါန်းပွဲအခမ်းအနားကို တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ တပ်မှူး ဗိုလ်မှူးချုပ် မြင့်ဇော်နှင့် တာဝန်ရှိသူများက သွေးလှူရှင် မီးသတ်တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာ များထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နေကိုထိုက်

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ➢ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ➢ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များ မောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလှေလှော်ပေးခြင်း စသည့် နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ➢ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ➢ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ➢ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ➢ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀)စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ➢ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါဇေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ➢ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ➢ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ➢ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ➢ ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် မတ် ၂၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေသကဲ့သို့ ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများစိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေ လုံလောက်စွာရရှိစေရေးတို့အတွက် ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ နှစ်စဉ်အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် လွယ်ကိုးကျေးရွာအုပ်စု လှည်းတိုးကျေးရွာရှိ စိုက်ပျိုးမြေဧက ၂၀ အတွက် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုအခြေအနေကို မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရေရရှိရေးလုပ်ငန်း ရေရှည်တည်မြဲကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်နိုင်စေရန်အတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှတ်တမ်းများကို ကျေးရွာစိုက်ပျိုးရေးတာဝန်ခံများထံ စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ၂၉ ခုအား ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် တောင်သူ ၁၇၁ ဦးတို့၏ စိုက်ပျိုးမြေ ၄၆၆ ဒသမ ၅ ဧကအတွက် စိုက်ပျိုးရေ ဖူလုံစွာရရှိ၍ ရာသီမရွေးသီးနှံများစိုက်ပျိုးနိုင်ပြီးဖြစ်သည့်အတွက် ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

မြဝတီ

# ညောင်ရွှေမြို့နယ် အင်းလေးကန်ပတ်လည်တွင် မြေအသုံးချမှုပြောင်းလဲမှုများအား ဝေဟင်မှကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၁

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ သစ်တောဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် အင်းလေးကန်ပတ်လည်တွင် မြေအသုံးချမှုပြောင်းလဲမှုများအား ဝေဟင်မှ ကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ချက်နိုင်ငံထုတ် Let L 410 အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။





ဟဲဟိုးလေဆိပ်၌ ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနညွှန်ကြားရေးမှူးနှင့် ရှမ်းပြည်နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ညောင်ရွှေမြို့နယ် အင်းလေးကန်တစ်ဝိုက်အား ဝေဟင်မှ လှည့်လည်ကြည့်ရှုစစ်ဆေးမည့်အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ်အတွင်းရှိ သစ်တောမြေဖြစ်သော ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများအတွင်း တရားမဝင်ကျူးကျော်ဝင်ရောက်နေမှုများ၊ မြေလွတ်မြေရိုင်းနှင့် လယ်ယာမြေများအား ခွင့်ပြုချက်မရှိဘဲ အခြားမြေအသုံးချမှုအဖြစ် ပြောင်းလဲအသုံးချနေမှုများနှင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများတွင် ခွင့်ပြုချက်မရှိဘဲ မြေအသုံးချနေမှုများအား ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟဲဟိုးလေဆိပ်မှ ချက်နိုင်ငံထုတ် သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင်နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့်ညောင်ရွှေမြို့နယ်အတွင်း သစ်တောဖုံးလွှမ်းမှုတိုးပွားလာစေရေးနှင့်စိမ်းလန်းစိုပြည်စေရေးအတွက် သဘာဝတောများထိန်းသိမ်းခြင်း၊ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ အင်းလေးကန် ရေဝေရေလဲထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့အား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကျူးကျော်အခြေချခြင်းများနှင့် တရားမဝင်မြေအသုံးချခြင်းများမရှိစေရန်၊ မြေအသုံးချနေမှုများ ဥပဒေနှင့်အညီ



စနစ်ကျမှန်ကန်စေရန် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များစုဖွဲ့ပြီး မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့်သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် တောမီးနှင့်မီးခိုးမြူငွေ့အန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် ဝေဟင်မှကြည့်ရှုစစ်ဆေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မြဝတီ**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လွိုင်လင်မြို့၌ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲ ကျင်းပ



(၈၁)နှစ်မြောက်တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့်လွိုင်လင်မြို့၌(၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲ ကျင်းပစဉ်။

နေပြည်တော် မတ် ၂၁

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လွိုင်လင်မြို့၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ်ဖွင့်ပွဲအား ယနေ့နံနက်ပိုင်းတွင် အဆိုပါအဆောက်အအုံသစ်ရှေ့တွင်ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အဆိုပါဆေးရုံသစ်အား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆေးရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များနှင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အဆိုပါဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားအား ဆက်လက်ကျင်းပရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဆေးရုံသစ်ဖွင့်လှစ်ပေးရခြင်း၏ အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံသစ်အား လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ■ ရှေ့ဖုံးမှအဆက်

နွေစပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ လိုအပ်တဲ့သွင်းအားစုတွေကိုလည်း စပါးစတင်မစိုက်ပျိုးမီအချိန်ကတည်းက ပံ့ပိုးပေးခဲ့ပါတယ်။ စပါးတွေအပါအဝင် နွေသီးနှံတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့အတူ တခြားစိုက်ပျိုးရေးနဲ့ ဆက်စပ်တဲ့ဌာနတွေကလည်း ပူးပေါင်းဆောင်ရွက်နေပါတယ်”ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်၌ အထွက်နှုန်းကောင်းမွန်ပြီး ဈေးကွက်ခိုင်မာသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သုတကျော်**



လဲချားမြို့နယ်၊ ကောင်းစံကျေးရွာအနီး၌ဖမ်းဆီးရမိသည့် တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူ တရုတ်နိုင်ငံသားအမျိုးသား ၂၃ ဦးကိုတွေ့ရစဉ်။

## ▼ ကျောဖုံးမှအဆက်

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်၊ ကောင်းစံကျေးရွာအနီးတစ်ဝိုက်တွင် နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ်မတ်လ ၂၀ ရက် ညနေပိုင်း၌ အဆိုပါကျေးရွာ၏အနောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့သည့်သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လဲချားမြို့နယ်၊ ကောင်းစံကျေးရွာအနီးတစ်ဝိုက်အား နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် မတ်လ ၂၀ ရက် ည ၉ နာရီခွဲခန့်တွင် ပထမဖမ်းဆီးရမိသည့်နေရာ၏ အနောက်ဘက် မီတာ ၁၇၀၀ ခန့်အကွာသို့အရောက်၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူ တရုတ်နိုင်ငံသား အမျိုးသား ၂၃ ဦးနှင့် ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁ ဦးတို့ကိုလည်းကောင်း၊ ဒုတိယဖမ်းဆီးရမိနေရာ၏မြောက်ဘက် မီတာ ၁၁၀၀ ခန့်အကွာသို့အရောက်၌ တရုတ်နိုင်ငံသား ၂၆ ဦးတို့ကိုလည်းကောင်း အသီးသီးထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ဖမ်းဆီးရမိသူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

**သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများ အလင်းရပါစေ။**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Illegal foreigners conducting online scam and gambling near Kaung San Village, Laihka arrested

NAY PYI TAW March 21

The Myanmar government has been annihilating online scam and gambling and cooperating and coordinating with governments of the neighbouring countries, alongside the internal forces in energetically crushing and totally preventing the illegal business from taking foothold in Myanmar. At the same time, the departmental combined teams from regions and states are also conducting detailed checks and proper supervision in launching anti-online scam and gambling and preventing foreigners from illegally entering and residing in Myanmar.

The news report on the seizure of residential buildings used in conducting illegal online business and related materials by a security forces on 20 March evening at about 3,000 meters west of Kaung San Village, Laihka, Shan State (South) while on area clearing duty in and around the areas of the village had already been released.

While continuing their area clearing operations at the area, they found and arrested 23 male Chinese citizens and one female Vietnamese citizen, who were illegal online scammers, at the place 1,700 meters west of the place where they made the first seizure, and 26 male Chinese citizens at a place about 1,100 meters north of the place where they made the second seizure at about 9.30 pm the same day. Action will be taken against the arrested persons in accord with the procedures.

Myanmar is actively launching operations to eliminate online scam and gambling in cooperation with neighbouring countries, regional countries and international organizations to eliminate the criminal business and prevent it from taking foothold in Myanmar. **100**



A Vietnamese online scammer.

Online scammer arrested near Kaung San Village, Laihka.



The arrested 26 Chinese online scammers.

Online scammers arrested near Kaung San Village, Laihka.

# Kidney bean planted in Indaw Township exceeding the target cultivation

INDAW March 21

Local farmers planted kidney bean as cold season crop in Indaw Township of Sagaing Region, exceeding the target cultivation this cold season, according to the Township Agriculture Department.

During the 2025-2026 winter crop planting season, Indaw Township planned to cultivate kidney beans on 3,314 acres. Planting began in October 2025, and as of now, 3,430 acres have been successfully planted.

"During the winter crop season in Indaw Township, 3,314 acres of kidney beans were planned, and we have managed to plant 3,430 acres, exceeding the planned allocation. To ensure good yields and high-quality beans, we are working closely with farmers to provide them with high-quality seeds, fertilizers, and post-harvest technical guidance," said U Thein Zaw, Head of the Indaw Township Agriculture Department.

In Indaw Township, farmers planting kidney beans receive guidance from the Township Agriculture Department to expand planting areas, achieve high yields, implement GAP (Good Agricultural Practices) techniques, use high-quality seeds, and cultivate varieties with good productivity.

Crops grown using GAP techniques have higher quality and command better prices compared to those grown with other methods. Because of their superior quality, these crops can be sold not only in domestic markets but also exported to international markets. Farmers who adopt these techniques are therefore able to increase their benefits and profits. **SK**

# Chickpea planted more than 9,000 acres of croplands in Kanbalu Township

KANBALU March 21

Local farmers could grow 6,952 acres of chickpea as cold season in Kanbalu Township of Sagaing Region, according to the Township Agriculture Department.

During the 2025-2026 winter cropping season, Kanbalu Township has planned to cultivate 7,089 acres of chickpea. Cultivation began in October 2025, and as of now, a total of 6,952 acres have already been planted.

For chickpea cultivation, farmers select locally suitable, high-yielding varieties such as Yezin-8 and Yezin-11. The cultivation cost per acre exceeds Ks-300,000, according to available information.

In Kanbalu Township, during the winter cropping season, efforts are being made in cooperation with farmers to improve the yield and quality of various pulse crops by supplying quality seeds, agricultural inputs, and post-harvest technologies. In addition, awareness-raising activities are being carried out in collaboration with model farmers to encourage the use of beneficial Trichoderma fungi during pulse crop cultivation, it is reported.

Sagaing Region is the leading region nationwide in terms of cultivated area for pulse crops. In addition to being grown as a main crop, pulses can also be cultivated as double or intercropped crops, making them an important income-generating crop for farmers. **SMK**

# Farmers grow maize in Taze Township exceeding the target



TAZE March 21

According to YeU District Agriculture Department, local farmers exceeded the target cultivation of maize in Taze Township of Sagaing Region this year.

During the 2025-2026 winter cropping season, Taze Township has planned to cultivate a total of 1,849 acres of maize, comprising 320 acres of maize and 1,529 acres of sweet corn. Cultivation began in October 2025, and as of now, 314 acres of maize and 3,127 acres of sweet corn have been planted, bringing the total cultivated area to 3,441 acres.

"In the winter cropping season in Taze Township, a total of 1,849 acres of maize and sweet corn were planned for cultivation, but 3,441 acres have already been planted. At present, maize cultivation has exceeded the planned acreage. To ensure successful crop development, we are providing farmers with technical guidance and conducting awareness-raising activities to prevent pest and disease outbreaks," said U Zaw Myint Tun, District Head of the Department of Agriculture in YeU District.

In Taze Township, the Township Department of Agriculture is providing support to farmers cultivating maize and sweet corn by offering training courses, conducting field demonstrations, implementing preventive measures against fall armyworm, and promoting integrated crop protection practices. These include the use of neem-based pesticides as well as ginger- and chili-based pest control methods, along with broader agricultural awareness activities, it is reported.

In terms of production, maize yields exceed 50 baskets per acre in Taze Township, with cultivation costs estimated at around Ks-500,000 per acre. Sweet corn yields average about 15,000 cobs per acre, with cultivation costs exceeding Ks-500,000 per acre, according to available information.

**SMK**

# Pwintbyu Township earmarks cultivation of summer sesame on more than 30,000 acres of land

PWINTBYU March 21

Pwintbyu Township Agriculture Department mentioned that local authorities earmarked cultivation of 33,737 acres of summer sesame with the irrigation facilities from Mezali Diversion Weir in Pwintbyu Township of Magway Region this year.

In Pwintbyu Township, local farmers make effective use of government irrigation water, electric pumping systems, and groundwater throughout the year to cultivate oilseed crops such as groundnut, sesame, sunflower, and safflower, with the aim of ensuring sufficient local edible oil supplies and increasing crop income. During this year's summer crop cultivation season, local farmers plan to cultivate up to 33,737 acres of summer sesame using water from the Mezalir diversion weir.

Local farmers in Pwintbyu Township reportedly rely on water from the Mezalir diversion weir each year during the summer crop season to cultivate paddy, sesame, and other summer crops. The main sesame varieties grown include Samonnet black sesame, black sesame, and Sin Ya Tana-4. During last year's summer crop season, 27,193 acres were originally planned for summer sesame cultivation, but actual planting expanded to as much as 57,616 acres, with an average yield of 9.52 baskets per acre.

If farmers are able to increase sesame yields, it will help ensure sufficient domestic edible oil supplies, improve production, reduce reliance on imported edible oils, balance market demand, stabilize prices, increase farmers' crop income, and improve socio-economic conditions. Therefore, efforts should be made to further expand sesame cultivation in all suitable areas, Daw Moe Moe Wai.

**SMK**

# Mawlamyinegyun Township supplies hilsa fish to Yangon market



MAWLAMYINEGYUN March 21

Local merchants of Mawlamyinegyun Township of Ayeyawady Region sent large volume of hilsa fish to Yangon market said Daw Lei Lei, the owner of fishery product trading wholesale in Mawlamyinegyun Township.

Mawlamyinegyun Township was able to transport and sell up to 65,000 viss of hilsa fish to the Yangon market.

"We regularly transport and sell seafood products from the region to Yangon. Yangon is the main market for hilsa fish. Last month, we managed to transport and sell up to 65,000 viss of hilsa," said Daw Lei Lei.

In Mawlamyinegyun Township, small hilsa fish sell for Ks-19,500 per viss, medium-sized ones range from Ks-25,000 to Ks-35,000 per viss, and large ones range from Ks-55,000 to Ks-75,000 per viss, depending on size. Since hilsa trade is conducted regularly, local fishermen, independent traders, trading center entrepreneurs, merchants, and transport vehicle rental operators are all operating smoothly.

**SK**

# KhinU Township plants more than 1,000 acres of wheat

KHINU March 21

According to the Township Agriculture Department, local farmers of KhinU Township in Sagaing Region planted more than 1,000 acres of wheat as cold season crop this year.

During the 2025-2026 winter cropping season, KhinU Township has planned to cultivate 2,788 acres of wheat. Wheat cultivation began in October 2025, and as of now, 1,012 acres have already been planted, according to reports.

"In the winter cropping season in KhinU Township, we have set a target of cultivating more than 2,000 acres of wheat. To date, over 1,000 acres have been successfully planted. We are continuing efforts to meet the planned acreage target. With regard to wheat cultivation, we are conducting awareness-raising discussions with farmers. We are providing guidance on irrigation, fertilizer application, and weed control to increase wheat yields. We are also encouraging the use of high-quality and pure seed varieties to improve production," said U Nay Win Naing, Head of the Township Department of Agriculture in KhinU.

In KhinU Township, measures will be implemented during the cropping season to ensure that all winter crops are cultivated in line with planned acreage targets, to improve wheat yields, to systematically produce high-quality wheat, and to prevent pest infestations, it is reported.

For wheat cultivation, the cost of planting one acre is estimated at around Ks-300,000. One acre of wheat yields approximately 21 baskets. Wheat is planted annually during October, November, and December, and harvested during February, March, and April, according to available information.

The KhinU Township Department of Agriculture is also providing support to farmers planning to cultivate wheat by offering training courses to increase yields, facilitating access to quality seed varieties, and selling pearl fertilizers at affordable prices.

**SK**

# Western silence allows Israel to get away with killing journalists

JERUSALEM March 21

On March 19, RT war correspondent Steve Sweeney and his cameraman Ali Rida Sbeity were injured by an Israeli strike meters from where they stood in southern Lebanon.

Sweeney was on camera reporting on recent Israeli attacks on southern Lebanese towns and infrastructure when he heard the sound of an incoming projectile. Ducking and running, he managed to escape the brunt of the impact.

According to the journalists, an Israeli aircraft fired a missile at their filming position near Al-Qasmiya Bridge, where Sweeney was reporting on, "the targeting of bridges and the forced displacement of one million people, an ethnic cleansing operation on a larger scale than the Nakba," as he later stated, referencing the violent displacement of Palestinians which accompanied the creation of the Jewish State in the late 1940s.

The men were treated for shrapnel injuries. Sweeney said, adding "I'm amazed that we survived. We were incredibly lucky to come away with the injuries we did."

Just a day prior, Sweeney had posted on X about the Israeli targeted airstrike on Lebanese journalist and Al-Manar TV presenter Mohammad Sherri and his wife. Both were killed. Sweeney reposted the news with the words, "Targeting journalists is a war crime."

The next day, he himself was targeted.

This deliberate targeting of journalists wearing press vests is another Israeli war crime, in a long list of Israeli war crimes which include killing at least 261 Palestinian journalists in Gaza in the past two years alone, as well as previously killing Lebanese journalists and bombing Iranian media repeatedly.

Targeted assassinations of journalists by the Israeli army are not new. Back in 2008, Fadel Shana, a Reuters cameraman in Gaza, was killed by a flechette shell fired by an Israeli tank as he worked.

According to the Committee to Protect Journalists (CPJ), Israel was responsible for two-thirds of all press killings globally in both 2025 and 2024. CPJ notes that the Israeli army has committed more targeted killings of journalists than any other government's military since the CPJ began documentation in 1992.

**RT**

# Attack on Natanz facility blatant violation of international law - Russia's MFA Spox

MOSCOW March 21

The attack on the Natanz uranium enrichment facility in Iran is a blatant violation of international law, Russian Foreign Ministry spokeswoman Maria Zakharova said on Saturday.

Earlier in the day, the Atomic Energy Organization of Iran (AEOI) said that Israel and the United States attacked the Natanz uranium enrichment facility, with no leaks reported.

"This is a blatant violation of international law, the charters of the UN and the IAEA [International Atomic Energy Agency], as well as relevant resolutions of the UN Security Council and the Agency's General Conference," Zakharova said in a statement.

The US and Israel continue to launch massive strikes against Iranian military, civilian, and "most dangerously of all-nuclear facilities, with no regard for civilian casualties or the potential radiological and environmental consequences," the spokeswoman added.

The UN and the IAEA must objectively assess the US and Israeli attack on the uranium enrichment facility in Iran, Zakharova said. **Sputnik**




# Forest fire breaks out in Japan's Gunma Prefecture



TOKYO March 21

A forest fire broke out in Japan's Gunma Prefecture, north of Tokyo, on Saturday, with no injuries confirmed so far, local media reported.

According to public broadcaster NHK, at around 11:30 am. local time, a passerby alerted the local fire department after spotting flames rising from the forest in Ueno Village, Gunma Prefecture.

Firefighters and disaster-response helicopters were sent to contain the flames, but the fire showed no signs of abating.

As of 2:30 pm., the fire had burned at least 1.5 hectares of woodland, the report said, adding that the prefectural government has requested the deployment of the Self-Defence Forces for disaster relief.

The affected area lies in a mountainous zone with few nearby residential properties. No injuries or damage to buildings have been reported so far.

The fire is still spreading. While aerial water-dropping from helicopters was suspended at sunset, firefighters will continue ground-based operations through the night.

**Xinhua**

# Big fire breaks out in Amsterdam

AMSTERDAM March 21

A large fire broke out on Friday at the Westpoort industrial estate in western Amsterdam, sending thick clouds of smoke into the air, according to Dutch public broadcaster NOS.

The blaze started at a storage site for electric scooters, with heavy smoke drifting over parts of the capital. No injuries were reported, the broadcaster said.

The fire began shortly after 3:00 pm. (1400 GMT) among electric scooters parked outside a storage facility, before spreading to the building, a fire brigade spokesperson said. "We are doing our best to bring the fire under control," the spokesperson added. **Xinhua**

# Iran has no intention of conflicting with neighbouring states - President

DUBAI March 21

Iranian President Masoud Pezeshkian said on Saturday in an address to neighbouring Muslim countries that Iran has no intention of entering into conflict with its neighbors.

"You are our brothers - we have no intention of entering into conflict with you," Pezeshkian said on X in a post marking the end of Ramadan.

Only Israel stands to benefit from any confrontation between Iran and its neighbouring Muslim countries, the president added.

On February 28, the United States and Israel began striking targets in Iran, including in Tehran, causing damage and civilian casualties. Iran has carried out retaliatory strikes on Israeli territory, as well as on US military targets in the Middle East.

The US and Israel initially claimed their "preemptive" attack was necessary to counter the perceived threat coming from Iran's nuclear program, but they soon made it clear that they want to see a change of power in Iran. **Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 46 **have** something **done**

**C** **get something done**

You can say '**get** something done' instead of '**have** something done':

Compare:

- When are you going to **get the roof repaired**? (= have the roof repaired)
- I think you should **get your hair cut** really short.

**D** We also use **have something done** with a different meaning. For example:

- Paul and Karen **had their bags stolen** while they were travelling.

This does not mean that they arranged for somebody to steal their bags. 'They **had their bags stolen**' means only: 'Their bags were stolen'.

With this meaning, we use **have something done** to say that something happens to somebody or their belongings:

- Gary **had** his nose **broken** in a fight. (= his nose was broken)
- Have you ever **had** your bike **stolen**?

# Exercises

**46.1** **Tick (✓) the correct sentence, (a) or (b), for each picture:**




**46.2** **Put the words in the correct order.**

1 (painted / had / a few weeks ago / the house)
We had the house painted a few weeks ago.
2 (serviced / car / once a year / her / has)
Sarah ............................................................ .
3 (had / your / recently / tested / eyes / you?)
Have ................................................................. .
4 (like / cut / my / having / don't / hair)
I ...................................................................... .
5 (fift een pounds / have / cleaned / my suit / cost / to)
It ........................................................................................ .
6 (as soon as possible / need / translated / to get / this document)
You ........................................................................................................ .

**46.3** **Write sentences in the way shown.**

1 Lisa didn't repair the roof herself. She had it repaired.
2 I didn't cut my hair myself. I ........................................................................................... .
3 We didn't clean the carpets ourselves. We ......................................................................... .
4 Ben didn't build that wall himself. He ............................................................................... .
5 I didn't deliver the flowers myself. I ................................................................................... .
6 Sarah didn't repair her shoes herself. She .......................................................................... .

**Raymond Murphy**

# တစ်ကမ္ဘာလုံးရဲ့ စွမ်းအင်ဖူလုံရေးမူဝါဒကို ပြန်လည်ချိန်ဆရစေတဲ့ အရှေ့အလယ်ပိုင်းပဋိပက္ခ




ဖေ နှစ်ဖေဖော်ဝါရီလကုန်ကတည်းက ဖြစ်ပွားလျက်ရှိတဲ့ အရှေ့အလယ်ပိုင်းဒေသတွင်းမာမှုတွေဟာ သာမန်ရိုးရိုးပဋိပက္ခအဆင့်ကနေ ကမ္ဘာ့စီးပွားရေးရဲ့ အသက်သွေးကြောအဖြစ်တည်ရှိနေတဲ့စွမ်းအင်ကဏ္ဍကို တိုက်ရိုက်ခြိမ်းခြောက်လာတဲ့ အနေအထားရောက်လာခဲ့ပါပြီ။ အထူးသဖြင့် ပါရှန်းပင်လယ်ကွေ့အတွင်းက စွမ်းအင်အခြေခံအဆောက်အအုံတွေအနေနဲ့ ဒုံးကျည်နဲ့ဒရုန်းတိုက်ခိုက်မှုတွေခံရတာဟာ အမေရိကန်-အစ္စရေးပူးပေါင်းအင်အားစုနဲ့ အီရန်တို့ကြားအားပြိုင်မှုကို ကမ္ဘာ့ရေနံလမ်းကြောင်းတွေရဲ့မဏ္ဍိုင်ဆီ ဆွဲခေါ်သွားသလိုဖြစ်နေပါတယ်။

ဒီအခြေအနေကြောင့်ပဲ ကမ္ဘာ့နိုင်ငံများစွာအနေနဲ့ သူတို့ရဲ့ စွမ်းအင်ဖူလုံရေးမူဝါဒတွေကို အရင်ကထက်ပိုမိုတင်းကျပ်ပြီး အသစ်တစ်ဖန်ပြန်လည်ရေးဆွဲဖို့ တွန်းအားပေးခြင်း ခံနေရတာပါ။ လွန်ခဲ့တဲ့ သုံးပတ်အတွင်းမှာတင် အရှေ့အလယ်ပိုင်းဒေသအခြေအနေဟာ သိသိသာသာပြောင်းလဲသွားခဲ့ပါတယ်။ အရင်က ပင်လယ်ကွေ့ဒေသဟာ အန္တရာယ်ရှိနိုင်တယ်လို့ မှန်းဆထားတဲ့ ဇုန်တစ်ခုအဖြစ်သာရှိပေမယ့်လည်း အခုတော့ ကမ္ဘာ့စွမ်းအင်အခြေခံအဆောက်အအုံနဲ့ ကုန်သွယ်သင်္ဘောလိုင်းတွေအတွက် တကယ့်ကို ထိပ်တိုက်ရင်ဆိုင်နေရတဲ့လုံခြုံရေးအရ အစိုးရိမ်ရဆုံး ဗဟိုချက်ဖြစ်လာပါတယ်။ ဒီပြောင်းလဲမှုဟာ ရေနံဈေးနှုန်းတွေအပေါ်တင်မကဘဲ နိုင်ငံတကာရဲ့ စွမ်းအင်ဖြန့်ဖြူးမှုစနစ်တစ်ခုလုံးကိုပါ အကြီးအကျယ်ရိုက်ခတ်နေတာတွေ့ရပါတယ်။

အထူးသဖြင့် ကမ္ဘာ့လောင်စာစွမ်းအင်စုစုပေါင်းရဲ့ ၂၁ ရာခိုင်နှုန်းခန့် ဖြတ်သန်းသွားလာနေရတဲ့ ဟော်မုရေလက်ကြားဟာ အရင်ကနောက်ကွယ်ကနေစိုးရိမ်ရုံလောက်သာရှိခဲ့ရာကနေ အခုတော့ အထင်အရှားကို အန္တရာယ်ရှိတဲ့လမ်းကြောင်းကြီးဖြစ်လာပါပြီ။ အာမခံကုမ္ပဏီတွေကလည်း လက်ရှိအခြေအနေတွေကို အသည်းအသန် ပြန်သုံးသပ်နေကြသလို ရေနံတင်သင်္ဘောတွေ သွားလာမှုလည်း တုံ့ဆိုင်းနှေးကွေးသွားခဲ့ပါတယ်။ ဒီလိုနဲ့ ဒီရေလက်ကြားဟာ ပထဝီနိုင်ငံရေးမီးပွားတွေမှတစ်ဆင့် စွမ်းအင်ဈေးကွက်ဆီသို့ ကူးစက်လောင်ကျွမ်းစေတဲ့ အဓိကအချက်အချာနေရာတစ်ခုဖြစ်လာခဲ့ရပါတယ်။ ပဋိပက္ခဖြစ်ပြီး တစ်ပတ်အကြာမှာ အမေရိကန်က ရေတပ်ရဲ့အစောင့်အရှောက်တွေနဲ့ ထောက်ပံ့ရေးအစီအမံတွေလုပ်ပေးမယ်လို့ ကတိပြုခဲ့ပေမယ့် ဥရောပမဟာမိတ်တွေဆီကနေ စစ်ရေးအရ ပါဝင်ဖို့ ထောက်ခံမှုမရခဲ့ပါဘူး။ မတ်လ ၁၉ ရက်မှာ ဥရောပနိုင်ငံတော်တော်များများအပြင် ဂျပန်နိုင်ငံနဲ့ ကနေဒါနိုင်ငံတို့က ရေလက်ကြားမှာ ဘေးကင်းလုံခြုံစွာသွားလာနိုင်ဖို့ ကြိုးပမ်းမှုတွေမှာပါဝင်ဖို့ အသင့်ရှိကြောင်း ပြောခဲ့ကြပါတယ်။ ဒါပေမဲ့ ဂျာမနီဝန်ကြီးချုပ် ဖရိုင်းဒရစ်မာ့ကတော့ သေနတ်သံတွေတိတ်သွားမှပဲ ဂျာမနီအနေနဲ့ ဒီဒေသမှာပါဝင်ပတ်သက်နိုင်မယ်လို့ ပြတ်ပြတ်သားသား ပြောဆိုခဲ့ပါတယ်။

အစီရင်ခံစာအချို့ကိုကြည့်မယ်ဆိုရင် ပါကစ္စတန်၊ တရုတ်၊ အီရတ်နဲ့ မလေးရှားတို့က အီရန်နဲ့ဆွေးနွေးပြီး သင်္ဘောအချို့ဖြတ်သန်းနိုင်နေပြီလို့ဆိုပေမယ့် လမ်းကြောင်းတစ်ခုလုံးကတော့ အပြည့်အဝဘေးမကင်းသေးပါဘူး။ ဈေးကွက်ကလည်း သံတမန်ရေးအရ ပြောရုံနဲ့တော့ စက်သုံးဆီစီးဆင်းမှု ပြန်မှန်လာမယ်လို့မယုံကြည်ကြပါဘူး။ ရေနံဈေးကွက်မှာလည်း ချက်ချင်းဆိုသလိုတုံ့ပြန်မှုဖြစ်ပေါ်ပြီး ဘရန့်ရေနံစိမ်းဈေးဟာ မတ်လ ၁၉ ရက်မှာ တစ်စည်ကို ၁၁၉ ဒေါ်လာအထိ တက်သွားခဲ့ပါတယ်၊ အထူးသဖြင့် အရှေ့အလယ်ပိုင်း ဒူဘိုင်းရေနံစိမ်းဈေးဟာ တစ်စည်ကို ၁၆၆ ဒသမ ၈၀ ဒေါ်လာအထိ စံချိန်တင်မြင့်တက်သွားတာက ရေနံအမှန်တကယ်လိုအပ်ချက်ဟာ ကြိုတင်ရောင်းဝယ်တဲ့ဈေးကွက်ထက်တောင် ပိုမြန်နေတာကိုပြနေပါတယ်။

ပင်လယ်ရေကြောင်းပိတ်ဆို့မှု လုံးဝမဖြစ်သေးရင်တောင်မှ သင်္ဘောခတွေ၊ အာမခံကြေးတွေ မြင့်တက်လာတာနဲ့ လမ်းကြောင်းလွှဲရတာတွေကြောင့် ရေနံဈေးနှုန်းမှာ စစ်ပွဲကြောင့်တက်တဲ့ အပိုဈေးနှုန်းက ကြာရှည်ကပ်ပါလာမှာဖြစ်ပါတယ်။ ဒါဟာ OPEC+ ရဲ့ အခန်းကဏ္ဍ အထူးသဖြင့် ဆော်ဒီ-ရုရှား ပူးပေါင်းမှုကို ရေနံဈေးထိန်းသူတွေတင်မဟုတ်ဘဲ ပင်လယ်ကွေ့ရေကြောင်းလုံခြုံရေးကိုပါ စောင့်ရှောက်သူတွေအဖြစ် ပုံဖော်ပေးလိုက်တာဖြစ်ပါတယ်။ ဒီပဋိပက္ခမှာ ရေနံစက်ရုံတွေနဲ့သင်္ဘောတွေ တိုက်ခိုက်ခံရတာထက် ပိုဆိုးတဲ့ဈေးကွက်တုန်လှုပ်မှုကတော့ ပင်လယ်ကွေ့တစ်ခုလုံးရဲ့ သယ်ယူပို့ဆောင်ရေးစနစ်၊ သင်္ဘောလမ်းကြောင်းတွေ၊ အာမခံဈေးကွက်နဲ့ ထောက်ပံ့ပို့ဆောင်ရေးတွေ ပျက်စီးသွားတာပဲ ဖြစ်ပါတယ်။ လေကြောင်းပိုင်နက်၊ ဆိပ်ကမ်း၊ သင်္ဘောအာမခံနဲ့ လမ်းကြောင်းတွေအားလုံးက ပဋိပက္ခဇုန်ထဲ တိုက်ရိုက်ဆွဲသွင်းခံလိုက်ရပါတယ်။

ပဋိပက္ခစတင်ကတည်းက ပါရှန်းပင်လယ်ကွေ့နဲ့ ဟော်မုရေလက်ကြားမှာ ရေနံတင်သင်္ဘောတွေအပါအဝင် အရပ်ဘက်သင်္ဘော အနည်းဆုံးအစင်း ၂၀ ကျော် တိုက်ခိုက်ခံခဲ့ရပါတယ်။ သင်္ဘောကိုခြေရာခံအချက်အလက်တွေအရ အန္တရာယ်ရှိရေပြင်ထဲမဝင်ရဲဘဲ အပြင်မှာစောင့်နေရတဲ့သင်္ဘောတွေ ဒါဇင်နဲ့ချီရှိနေပါတယ်။ ဖေဖော်ဝါရီလနှောင်းပိုင်းကစပြီး ဟော်မုရေလက်ကြားမှာ တန်းစီစောင့်ဆိုင်းနေတဲ့ သင်္ဘောတန်းတွေ ပိုရှည်လာခဲ့ပါတယ်။ ဘေးကင်းတဲ့လမ်းကြောင်းကို ညှိနှိုင်းလို့ရသွားရင်တောင်မှ ပျက်စီးသွားတဲ့ ထောက်ပံ့ပို့ဆောင်ရေးစနစ်ကို ပြန်ပြင်ဖို့က လူတွေထင်ထားတာထက်ကို ပိုကြာနိုင်ပါတယ်။

အခုလို အခြေအနေမဆိုးခင်ကတည်းက ဘရန့်ရေနံစိမ်းဈေးဟာ ဒေါ်လာ ၇၀ ဝန်းကျင်ရှိနေတာပါ။ အခုပြောင်းလဲတာက လက်တွေ့ရေနံအမှန်တကယ်ပို့ဆောင်နိုင်မှုက စက္ကူပေါ်ကဈေးကွက်ထက် ပိုပြီးကျပ်တည်းလာတာပဲဖြစ်ပါတယ်။ Petro-Logistics ရဲ့ အဆိုအရ ရေနံစိမ်းစီးဆင်းမှုက တစ်ရက်ကို စည်ပေါင်း ၁၂ သန်းလောက်လျော့ကျသွားပြီး ဒါဟာကမ္ဘာ့နေ့စဉ် လိုအပ်ချက်ရဲ့ ၁၂ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဒါဟာကမ္ဘာ့ရေနံထောက်ပံ့မှုစာရင်းဇယားနဲ့တကယ့်လက်တွေ့ပို့ဆောင်နိုင်မှုကြားက ကွာဟချက်ကို ပိုသိသာစေပါတယ်။ စာရင်းဇယားတွေအရတော့ ၂၀၂၆ ခုနှစ်မှာ ရေနံပိုလျှံမယ်လို့ ခန့်မှန်းထားကြပေမယ့် လက်တွေ့မှာတော့ အဲဒီရေနံတွေကို ဘေးကင်းကင်းနဲ့ အချိန်မီပို့နိုင်ပါ့မလားဆိုတာက ပိုအရေးကြီးလာပါတယ်၊ ကမ္ဘာ့ရေနံရဲ့ငါးပုံတစ်ပုံဟာ ဟော်မုရေလက်ကြားကို ဖြတ်နေရဆဲဖြစ်လို့ ဒီလမ်းကြောင်းပိတ်ဆို့တာဟာ ပိုလျှံမယ့်ရေနံပမာဏကိုပါ ဝါးမျိုသွားနိုင်ပါတယ်၊

စာရင်းဇယားအရ ဟော်မုရေလက်ကြားကို ပိတ်လိုက်ရင် တစ်ရက်ကို ရေနံစည် ၂၁ သန်းလောက် ပိတ်မိသွားမှာပါ။ ဆော်ဒီနဲ့ ယူအေအီး ရေနံပိုက်လိုင်းတွေက တစ်ရက်ကို စည်၆ သန်းကနေ ၈ သန်းလောက်ပဲ လွှဲပို့နိုင်တာကြောင့် ကျန်တဲ့စည်ကတော့ လုံးဝပိတ်မိနေမှာဖြစ်ပါတယ်။ အရေးပေါ် ရေနံသိုလှောင်မှုတွေကို ထုတ်သုံးရင်တောင်မှ ဒီလိုအကျပ်အတည်းမျိုးမှာ တစ်ရက်ကို ရေနံစည် ၈ သန်းကနေ ၁၀ သန်းလောက်အထိ အသားတင်လျော့နည်းသွားနိုင်ပါတယ်။ ဒါဟာ ၂၀၂၆ ခုနှစ်မှာ ပိုလျှံမယ့်ရေနံပမာဏကို အကုန်ဖျက်ဆီးပစ်နိုင်ပြီး ရေနံဈေးကိုလည်း အကြီးအကျယ်မြင့်တက်စေမှာဖြစ်ပါတယ်။ ဒီအကျပ်အတည်းဟာ OPEC+ အဖွဲ့က ဈေးနှုန်းထိန်းညှိသူအဆင့်ကနေ စုပေါင်းစီမံခန့်ခွဲသူအဆင့်ကို ပြောင်းလဲဖို့ကြိုးစားနေချိန်မှာ ဖြစ်လာတာပါ။ ဆော်ဒီအာရေဗျနဲ့ ရုရှားတို့အတွက်တော့ ဒါဟာရေနံထုတ်လုပ်မှုပမာဏကို ချိန်ညှိရုံတင်မဟုတ်ဘဲ ပထဝီနိုင်ငံရေးအရပါ ဩဇာသက်ရောက်ဖို့ ကြိုးစားတာဖြစ်ပါတယ်။

ဆော်ဒီနဲ့ ယူအေအီးတို့မှာပိုလျှံနေတဲ့ ထုတ်လုပ်နိုင်စွမ်းဟာ အကျပ်အတည်းကို တည်ငြိမ်အောင်လုပ်နိုင်မယ့် အဓိကလက်နက်ဖြစ်လာပါတယ်။ ဒါပေမဲ့ OPEC+ အနေနဲ့ သင်္ဘောတွေကိုအာမခံပေးတာ ဒါမှမဟုတ် စစ်ရေးခြိမ်းခြောက်မှုတွေကို ဖယ်ရှားတာမျိုးတော့ မလုပ်နိုင်ပါဘူး။ သူတို့လုပ်နိုင်တာက ရေနံထုတ်ပေးနိုင်တဲ့ပမာဏကို ချိန်ညှိပေးရုံပဲရှိပါတယ်။ ရုရှားရဲ့ ရေနံလမ်းကြောင်းတွေကတော့ ဟော်မုရေလက်ကြားနဲ့တိုက်ရိုက်မပတ်သက်တဲ့အတွက် အိန္ဒိယလို အာရှနိုင်ငံတွေအတွက်တော့ ရုရှားရေနံကတည်ငြိမ်မှုပေးနိုင်တဲ့နေရာမှာ ရှိနေပါတယ်၊ ဆော်ဒီ၊ ယူအေအီးနဲ့ ရုရှားတို့ ဘယ်လိုညှိနှိုင်းမလဲဆိုတာက ရေနံဈေးနှုန်းတည်ငြိမ်မလား၊ မြင့်တက်နေမလားဆိုတာကိုအဆုံးအဖြတ်ပေးပါလိမ့်မယ်။ အခုလိုအခြေအနေကြောင့် ပင်လယ်ကွေ့အကျပ်အတည်းဟာ ကမ္ဘာ့စွမ်းအင်နိုင်ငံရေးမှာ ကြီးမားတဲ့အပြောင်းအလဲတစ်ခုကို ဖော်ပြနေပါတယ်၊ အဓိကအချက်က ရေနံပမာဏတစ်ခုတည်းသာမဟုတ်ဘဲ သင်္ဘောလမ်းကြောင်းတွေ တည်ငြိမ်ဖို့နဲ့ အဲဒီလမ်းကြောင်းတွေကို ဘယ်သူကအကာအကွယ်ပေးနိုင်မလဲဆိုတာ ဖြစ်လာပါတယ်။

အချုပ်အားဖြင့်ဆိုရရင် အခုဖြစ်ပွားနေတဲ့ ပင်လယ်ကွေ့အကျပ်အတည်းဟာ ကမ္ဘာ့စွမ်းအင်နိုင်ငံရေးမှာ ကြီးမားတဲ့ အချိုးအကွေ့တစ်ခုဖြစ်ပါတယ်။ အဓိကအချက်က ရေနံဘယ်လောက်ထွက်သလဲဆိုတာထက် ရေနံသယ်ယူပို့ဆောင်တဲ့ လမ်းကြောင်းတွေက ဘယ်လောက်တည်ငြိမ်သလဲ၊ အဲဒီလမ်းကြောင်းတွေကို ဘယ်သူကအကာအကွယ်ပေးနိုင်မလဲဆိုတာ ပိုပြီးအရေးပါလာတာဖြစ်ပါတယ်။ ရေနံစက်ရုံတွေ မပျက်စီးရင်တောင်မှ လမ်းကြောင်းတွေမှာ တင်းမာမှုရှိနေသရွေ့ ရေနံဈေးနှုန်းတွေ မြင့်တက်နေဦးမှာဖြစ်သလို စွမ်းအင်ဖူလုံရေးအတွက်လည်း စိန်ခေါ်မှုတွေရှိနေဦးမှာပါ။ ဒါကြောင့် OPEC+ လို အဖွဲ့အစည်းတွေဟာ ဈေးနှုန်းထိန်းကျောင်းတဲ့အဆင့်ကနေ စွမ်းအင်ဖူလုံရေးကို ဝိုင်းဝန်းစီမံခန့်ခွဲတဲ့ အဖွဲ့အစည်းတွေအဖြစ် ပြောင်းလဲလာနေတာကို တွေ့ရပါတယ်။ တစ်ဖက်မှာလည်းရေနံတင်သွင်းတဲ့ အာရှနိုင်ငံတွေဟာ သူတို့ရဲ့ စွမ်းအင်မူဝါဒတွေကို ရေနံရရှိဖို့တင်မကတော့ဘဲ လမ်းကြောင်းတွေ ဘေးကင်းဖို့၊ လမ်းကြောင်းအသစ်တွေရှာဖွေဖို့နဲ့ အရေးပေါ်အရန်စနစ်တွေ ထားရှိဖို့အထိပါ အလေးပေးစဉ်းစားလာရပါတယ်။ ဒါဟာ ကမ္ဘာ့စွမ်းအင်အခင်းအကျင်းအသစ်ရဲ့ အစောပိုင်းစမ်းသပ်ချက်တစ်ခုလည်း ဖြစ်ပါတယ်။ နောက်ဆုံးမှာ အခုရင်ဆိုင်နေရတဲ့ ပြဿနာဟာ ရေနံပြတ်လပ်တာမဟုတ်ဘဲ ဘေးကင်းစွာရယူနိုင်ခွင့်ပြတ်လပ်နေတာပဲဖြစ်ပါတယ်။ ထုတ်လုပ်သူ၊ တင်သွင်းသူနဲ့ ရေကြောင်းအင်အားကြီးနိုင်ငံတွေ အားလုံးအတွက် စိန်ခေါ်မှုက ရေနံကို လိုသလောက်ထုတ်လုပ်နိုင်ဖို့တင်မဟုတ်တော့ဘဲ အဲဒီရေနံတွေဖြတ်သန်းသွားမယ့် လမ်းကြောင်းတွေကို ယုံကြည်စိတ်ချမှုရှိအောင် ဘယ်လိုတည်ဆောက်မလဲဆိုတာပဲဖြစ်ပါတယ်။ ဒါဟာ အနာဂတ်ကမ္ဘာ့စွမ်းအင်ဖူလုံရေးကို အဆုံးအဖြတ်ပေးမယ့် အဓိကအချက်ဖြစ်လာပါလိမ့်မယ်။ ။

Ref: RT

ထက်မြတ်

# အရှေ့အလယ်ပိုင်းအရေး နောက်ဆုံးရသတင်းများ စုစည်းမှု

➠ အရေးပါသော ဟော်မုဇ်ရေလက်ကြား၌ဘေးကင်းလုံခြုံစွာ ဖြတ်သန်းသွားလာနိုင်ရေးကြိုးပမ်းမှုများတွင် ပါဝင်ကူညီမည်ဖြစ်ကြောင်း နိုင်ငံပေါင်း ၂၀ ကျော်က မတ်လ ၂၁ ရက်တွင် ပြောသည်။ သင်္ဘောသွားလာမှုအချက်အလက်များအရ မတ်လ ၁ ရက်မှ ၁၉ ရက်အထိ ကုန်စည်တင်သင်္ဘော ၁၁၆ စင်းသာ ဖြတ်သန်းနိုင်ပြီး ၎င်းသည် ပုံမှန်အခြေအနေထက် ၉၅ ရာခိုင်နှုန်းခန့် လျော့ကျခြင်းဖြစ်ကြောင်း သိရသည်။

➠ အီရန်နိုင်ငံအနေဖြင့် အပစ်အခတ်ရပ်စဲရေးထက် စစ်ပွဲကိုအလုံးစုံလွှမ်းခြုံပြီး ရေရှည်တည်တံ့သော အပြီးတိုင်ရပ်တန့်မှုကိုသာ ရှာဖွေနေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးက ကျိုဒိုသတင်းဌာနသို့ ပြောသည်။ အမေရိကန်နှင့် အစ္စရေးတို့က အီရန်အပေါ်တိုက်ခိုက်မှုများသည် တရားမဝင်ဘဲ ရန်စသောကျူးကျော်မှုများဖြစ်ကြောင်း ၎င်းက သတင်းဌာနနှင့် အင်တာဗျူးတွင် ထည့်သွင်းပြောခြင်းဖြစ်သည်။

➠ အီရန်နိုင်ငံရှိနာတန့်ယူရေနီယံသန့်စင်စက်ရုံကို အမေရိကန်နှင့် အစ္စရေးတို့က မတ်လ ၂၁ ရက် နံနက်ပိုင်းတွင် တိုက်ခိုက်ကြောင်း အီရန်ဒေသတွင်းသတင်းဌာနများက ဖော်ပြထားသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ရေဒီယိုသတ္တိကြွယိုစိမ့်မှုများမရှိကြောင်း သတင်းရရှိပြီး စက်ရုံအနီးရှိဒေသခံပြည်သူများမှာလည်း ဘေးအန္တရာယ်ကင်းရှင်းကြောင်း သိရသည်။

➠ အမေရိကန်တပ်မတော်အနေဖြင့် အီရန်၏အရာအားလုံးကို ချေမှုန်းဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် တစ်ဖက်ရန်သူကို အမြစ်ပြတ်ချေမှုန်းနေချိန်တွင် အပစ်အခတ်ရပ်စဲရေးလုပ်ဆောင်ရန် မလိုအပ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောသည်။ ထို့ကြောင့် လက်ရှိဖြစ်ပွားနေသောပဋိပက္ခကို ခေတ္တရပ်တန့်ရန် အစီအစဉ်မရှိကြောင်း ၎င်းက အတိအလင်းငြင်းဆိုထားသည်။

➠ လက်ရှိတွင် အိန္ဒိယနိုင်ငံက သဘာပတိအဖြစ် တာဝန်ယူထားသည့် BRICS အဖွဲ့အနေဖြင့် အမေရိကန်နှင့်အစ္စရေးတို့၏ အီရန်အပေါ် ကျူးကျော်တိုက်ခိုက်မှုများကိုရပ်တန့်စေရန် လွတ်လပ်သောအခန်းကဏ္ဍမှနေ၍ ပါဝင်ဆောင်ရွက်သင့်ကြောင်း အီရန်သမ္မတ ပီဇက်ရှကီယန်က ပြောသည်။ ပီဇက်ရှကီယန်သည် အိန္ဒိယဝန်ကြီးချုပ်မိုဒီနှင့် ဖုန်းဖြင့်ဆွေးနွေးရာတွင် ယခုကဲ့သို့အဆိုပြုခဲ့ခြင်းဖြစ်သည်။

➠ အစ္စရေး၏ F–16 တိုက်လေယာဉ်တစ်စင်းကို အီရန်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က မတ်လ ၂၁ ရက်အစောပိုင်းတွင် ပစ်ချဖျက်ဆီးလိုက်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ ထုတ်ပြန်ချက်ကိုကိုးကား၍ IRNA သတင်းဌာနက ဖော်ပြထားသည်။

**Ref: Xinhua, RT**

# အိန္ဒိယနှင့် အာရှဒေသမှ ရေနံချက်စက်ရုံများ အီရန်၏ရေနံကို ပြန်လည်ဝယ်ယူရန် ပြင်ဆင်နေ



**နယူးဒေလီ၊ ကုန်သွယ်ရေး**

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအပေါ်ချမှတ်ထားသော ပိတ်ဆို့မှုများကို ယာယီဖြေလျှော့ပေးပြီးနောက် အိန္ဒိယနှင့် အာရှဒေသရှိရေနံချက်စက်ရုံများက အီရန်၏ရေနံများကိုပြန်လည်ဝယ်ယူရန် စီစဉ်နေကြောင်း မတ်လ ၂၁ ရက်တွင် ကုန်သည်များကပြောသည်။

အမေရိကန်–အစ္စရေးနှင့် အီရန်တို့ကြားဖြစ်ပွားနေသောစစ်ပွဲကြောင့် ဖြစ်ပေါ်လာသည့် စွမ်းအင်ပြတ်လပ်မှုကို ကုစားနိုင်ရေးအတွက် အမေရိကန်က ပိတ်ဆို့မှုများကို ယာယီဖယ်ရှားပေးခြင်းဖြစ်သည်။ ယင်းနောက် အိန္ဒိယရေနံချက်စက်ရုံများအနေဖြင့် အီရန်၏ရေနံများကိုဝယ်ယူမည်ဖြစ်ကြောင်းနှင့် ငွေပေးချေမှုဆိုင်ရာ အသေးစိတ်အချက်အလက်များအတွက် အစိုးရနှင့် အမေရိကန်မှ ထုတ်ပြန်ချက်များကိုစောင့်ဆိုင်းနေကြောင်း သတင်းအရင်းအမြစ်များကပြောသည်။

ထို့ပြင် အာရှဒေသရှိ အခြားသော ရေနံချက်စက်ရုံများကလည်း အီရန်၏ရေနံကို ဝယ်ယူနိုင်ခြင်း ရှိ၊ မရှိစစ်ဆေးနေသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏အစိုးရအဖွဲ့သည် ပင်လယ်ပြင်သို့ရောက်ရှိနေပြီးဖြစ်သော အီရန်၏ရေနံများကိုဝယ်ယူနိုင်ရန် ရက်ပေါင်း ၃၀ ကြာ ပိတ်ဆို့မှုကင်းလွတ်ခွင့်ကို မတ်လ ၂၀ ရက်တွင် ထုတ်ပြန်ထားကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးစကော့ဘက်ဆင့်ကပြောသည်။

အမေရိကန်အစိုးရ၏ အဆိုပါကင်းလွတ်ခွင့်တွင် မတ်လ ၂၀ ရက်နှင့် ယင်းမတိုင်မီ သင်္ဘောများပေါ်သို့တင်ဆောင်ထားသောရေနံများအတွက်အကျုံးဝင်ပြီး ဧပြီလ ၁၉ ရက်တွင် သင်္ဘောပေါ်မှအပြီးသတ်ချရမည်ဟုဖော်ပြထားသည်။ **Ref: ST**

# အမေရိကန်နိုင်ငံ အနောက်ပိုင်း၌ အပူလှိုင်းဖြတ်သန်းမှု အပူချိန်များ အလွန်မြင့်တက်လာ

**နယူးယောက်၊ ရာသီဥတု**

အမေရိကန်အနောက်ပိုင်း၌ မတ်လ ၂၁ ရက်တွင် စတင်ဖြစ်ပွားသော စံချိန်တင်အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်အလွန်အမင်းမြင့်တက်ကြောင်းနှင့် ထိုသို့သောအပူလှိုင်းဖြတ်သန်းမှုပုံစံသည် နှစ် ၅၀၀ လျှင် တစ်ကြိမ်သာဖြစ်ပွားလေ့ရှိသည့်ပုံစံမျိုးဖြစ်ကြောင်းကျွမ်းကျင်သူများက မတ်လ ၂၁ ရက်တွင်ပြောသည်။ ကယ်လီဖိုးနီးယားနှင့် အာရီဇိုးနားပြည်နယ်အစပ်ရှိ သဲကန္တာရဒေသလေးခု၌ အပူချိန် ၄၄ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ရှိပြီး ယင်းအပူချိန်သည် အမေရိကန်၏ မတ်လအတွင်း အမြင့်ဆုံးအပူချိန်စံချိန်သစ်ဖြစ်သည်။

မိုးလေဝသဌာနသည် အနောက်တောင်ဘက်ဒေသအများစုအတွက် အလွန်အမင်းအပူချိန်မြင့်တက်မည့် သတိပေးချက်များကို ထုတ်ပြန် ထားသည်။ ကမ္ဘာ့မိုးလေဝသဆိုင်ရာသိပ္ပံပညာရှင်များအဖွဲ့၏ အစီရင်ခံစာအရ ဤအပူလှိုင်းသည် ရာသီဥတုပြောင်းလဲမှုမရှိသောကမ္ဘာတွင် ဖြစ်ပေါ်ရန်မဖြစ်နိုင်ကြောင်းသိရသည်။ **Ref: BP**

# မြေအောက်ဈေးဝယ်စင်တာများနှင့် ဘူတာရုံများကို အရေးပေါ်ဘန်ကာများအဖြစ်သုံးရန် ဂျပန်တိုက်တွန်းမည်



**တိုကျို၊ ပြည်တွင်းရေး**

ဂျပန်အစိုးရသည် တိုက်ခိုက်ခံရသည့်အခြေအနေ သို့မဟုတ် အရေးပေါ်အခြေအနေများဖြစ်ပေါ်လာပါက မြေအောက်ဈေးဝယ်စင်တာများနှင့်ရထားဘူတာရုံများကို အရေးပေါ်ဘန်ကာများအဖြစ် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များက မတ်လ ၂၁ ရက်တွင်ပြောသည်။

လက်ရှိသတ်မှတ်ထားသော အရေးပေါ်ခိုလှုံရာနေရာ ၉၀ ရာခိုင်နှုန်းနီးပါးသည် စာသင်ကျောင်းများကဲ့သို့ အစိုးရပိုင်နေရာများဖြစ်နေသဖြင့် ပိုမိုဘေးကင်းလုံခြုံသည်ဟုယူဆရသော မြေအောက်နေရာများကို အသုံးချရန် ဂျပန်အစိုးရက မျှော်လင့်ထားခြင်းဖြစ်သည်။ ဝန်ကြီးအဖွဲ့သည် အဆိုပါအစီအမံကို မတ်လနှောင်းပိုင်းတွင် အတည်ပြုရန်မျှော်မှန်းထားပြီး ငါးနှစ်လျှင်တစ်ကြိမ်ပြန်လည်သုံးသပ်သွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ဧပြီလအထိ စာရင်းများအရ ဂျပန်နိုင်ငံတွင် ပစ်ခတ်တိုက်ခိုက်မှုဒဏ်ခံနိုင်သော ယာယီခိုလှုံရာနေရာ ၆၁၀၀၀ ခန့်ရှိသော်လည်း မြေအောက်အဆောက်အအုံများမှာ ၄၀၀၀ ခန့်သာရှိသည်။ အဆိုပါအဆိုပြုချက်အရ မြေအောက်ဈေးဝယ်စင်တာများ၊ မြေအောက်ရထားလမ်းများနှင့် ကားပါကင်ပိုင်ရှင်များအနေဖြင့် နာရီအနည်းငယ်မှ ရက်အနည်းငယ်အထိ ကြာမြင့်နိုင်သော အရေးပေါ်အခြေအနေများအတွက် လိုအပ်သောပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများကို ပြင်ဆင်ထားရမည်ဖြစ်ကြောင်းသိရသည်။ **Ref: ST**

# ဗြိတိန်၌ ဦးနှောက်အမြှေးရောင်ရောဂါ ကူးစက်သူ ၃၄ ဦးအထိ မြင့်တက်လာ

**လန်ဒန်၊ ကျန်းမာရေး**

အင်္ဂလန်နိုင်ငံအရှေ့တောင်ပိုင်းရှိ နိုက်ကလပ်တစ်ခုနှင့်ဆက်စပ်၍ သေဆုံးမှုများရှိနေသော ဦးနှောက်အမြှေးရောင်ရောဂါကူးစက်ခံရသူအရေအတွက်သည် ၂၉ ဦးမှ ၃၄ ဦးအထိ မြင့်တက်လာကြောင်း ဗြိတိန်ကျန်းမာရေးတာဝန်ရှိသူများက မတ်လ ၂၁ ရက်တွင်ထုတ်ပြန်သည်။ အဆိုပါကူးစက်မှုများဖြစ်သည့် ကန့်တက္ကသိုလ်၌ ကျောင်းသားရာပေါင်းများစွာသည် မတ်လ ၂၁ ရက် နံနက်ပိုင်းတွင် တန်းစီ၍ကာကွယ်ဆေးထိုးရသည်။

ရောဂါကူးစက်မှုဗဟိုချက်ဖြစ်သော ကန့်ဒေသတွင် ကာကွယ်ဆေးအလုံးရေ ၅၇၀၀ ကျော်နှင့် ပဋိဇီဝဆေးအလုံးရေ ၁၁၀၀၀ ကျော် ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။ လွန်ခဲ့သောသီတင်းပတ်အကျော်တွင်စတင်သည့် ကူးစက်မှု၌ တက္ကသိုလ်ကျောင်းသားတစ်ဦးနှင့် ကျောင်းသူတစ်ဦးသေဆုံးပြီး အခြားလူငယ်အများအပြားလည်း ဆေးရုံတင်ထားရသည်။

ကူးစက်မှုစတင်ဖြစ်ပွားသည့်နေရာမှာ Club Chemistry အမည်ရှိ နိုက်ကလပ်ဖြစ်သည်ဟုယူဆရသဖြင့် မတ်လ ၅ ရက်မှ ၇ ရက်အတွင်း ထိုနေရာသို့သွားရောက်ခဲ့သူများအနေဖြင့် ဆေးဝါးများလာရောက်ရယူရန် တာဝန်ရှိသူများက တိုက်တွန်းသည်။ လက်ရှိတွင် အတည်ပြုလူနာ ၂၃ ဦးနှင့် သံသယလူနာ ၁၁ ဦးရှိကြောင်း သိရသည်။

**Ref: Xinhua**



# ဆင်သေချောင်းရေကြီးရေလျှံမှုလျော့ပါးရေးလုပ်ငန်းများနှင့် စစ်တောင်းမြစ်ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော်　မတ် ၂၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ဆင်သေချောင်းရေစီးရေလာကောင်းမွန်ရေးနှင့် ရေကြီးရေလျှံမှုလျော့ပါးစေရေးအတွက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ဥယျာဉ်တံတားအဝင် ရေလမ်းနှင့် သိုက်ချောင်းတံတားအဝင် ရေလမ်းပိုင်းနေရာများအတွင်း သောင်တူးဖော်ခြင်း၊ အထောက်အကူပြုရေကာများတည်ဆောက်ခြင်းလုပ်ငန်းများနှင့် စစ်တောင်းမြစ်ရေစီးရေလာကောင်းမွန်စေရေးအတွက် သောင်တူးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် လုပ်ငန်းခွင်တွင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူတို့က ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်လျက်ရှိသည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယခုကဲ့သို့ ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ဆင်သေချောင်းတစ်လျှောက်နှင့် စစ်တောင်းမြစ်ကြောင်းတစ်လျှောက် နေထိုင်ကြသော ပြည်သူများ၏စိုက်ပျိုးမြေများ၊ ကျေးရွာများ၊ ရေတိုက်စားမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်၍ ရေစီးရေလာကောင်းမွန်မှန်ကန်ပြီး ကမ်းပြိုကမ်းစားမှုများ လျော့နည်းလာစေမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# သန်လျင်မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၅၀ ကျော်အား ဆွမ်းဆန်တော်နှင့်စားသုံးဆီဆက်ကပ်လှူဒါန်း



ရန်ကုန်　မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းပေါင်း ၅၀ ကျော်အား ဆွမ်းဆန်တော်နှင့် စားသုံးဆီ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် သန်လျင်မြို့ နတ်စင်တစ်ရာကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါဆွမ်းဆန်တော်နှင့်စားသုံးဆီဆက်ကပ်လှူဒါန်းပွဲတွင် ပင်မနယ်လှည့်သစ္စာဓိဋ္ဌာန်စတုဒိသာ နတ်စင်တစ်ရာဆရာတော်အား အမှူးထားပြီး သန်လျင်မြို့နယ် ဝါးကျောင်းဆရာတော်၊ စစ်စီးတောကျောင်းဆရာတော်နှင့်ပင့်သံဃာတော်များကြွရောက်တော်မူကြသည်။

နတ်စင်တစ်ရာကျောင်းနှင့်အနီးပတ်ဝန်းကျင်ဘုန်းကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသည့် သံဃာတော်များ ဆွမ်းကိစ္စပိုမိုအဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ စားသုံးဆီနှင့်နဝကမ္မအလှူတော်ငွေဆက်ကပ်လှူဒါန်းခြင်းဖြစ်ကြောင်း၊ ကျောင်းပေါင်း ၅၅ ကျောင်းမှ သံဃာတော်များကိုပင့်ဖိတ်ပြီး ဆက်ကပ်လှူဒါန်းခြင်းဖြစ်ကြောင်း နတ်စင်တစ်ရာဆရာတော်ကြီးက မိန့်ကြားတော်မူသည်။

ဆွမ်းဆန်တော်နှင့်စားသုံးဆီဆက်ကပ်လှူဒါန်းပွဲတွင် ပင့်သံဃာတော်များက ပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ကြပြီး ကြွရောက်တော်မူလာကြသည့် သံဃာတော်များအား နတ်စင်တစ်ရာဆရာတော်ကြီး၏တပည့်ဒါယကာများက ဆွမ်းဆန်တော်များ ဆက်ကပ်ခြင်း၊ နေ့ဆွမ်းဆက်ကပ်ခြင်းများဆောင်ရွက်ကြကြောင်း သိရသည်။

လင်းခန့်

# ချောင်းမငယ်နှင့် မဒန်းဆည်ရေသောက်စနစ်အတွင်း နွေစပါးနှင့်နွေအခြားသီးနှံမြောင်းအဖျားပိုင်းဧရိယာများအထိ စိုက်ပျိုးရေပေးဝေနေမှုကြည့်ရှုစစ်ဆေး

နေပြည်တော်　မတ် ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်ရှိ သီးနှံစိုက်ဧကများ ပိုမိုတိုးတက်စေရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်စေရေးအတွက် ချောင်းမငယ်နှင့်မဒန်းဆည်ရေသောက်စနစ်အတွင်း မြောင်းအဖျားပိုင်းဧရိယာများအထိ နွေစပါးနှင့်နွေအခြားသီးနှံစိုက်ပျိုးရေလုံလောက်စွာ ပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ချောင်းမငယ်ဆည်ရေသောက်စနစ်(ဆင်အုံကန်အောက်ပိုင်း) တူးမြောင်းမကြီးပေတိုင်- (၅၃၃၅)နေရာနှင့်လက်တံမြောင်းအမှတ်(၁၁)၊ ပေတိုင် (၁၆၀၀၀)မှ စိုက်ပျိုးရေပေးဝေလျက်ရှိသည့် စနစ်ကျလယ်ယာမြေ ဧက ၁၂၁ သို့ရောက်ရှိရာ တာဝန်ရှိသူများက ချောင်းမငယ်ရေလှောင်တမံမှ လက်ရှိရေသိုလှောင်ထားရှိမှုအခြေအနေနှင့် အသုံးပြုနိုင်မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် နွေအခြားသီးနှံစိုက်ပျိုးရန်လျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက နွေစပါးနှင့်နွေအခြားသီးနှံများ အောင်မြင်ဖြစ်ထွန်းသည်အထိ အောင်ရေကို စနစ်တကျပေးဝေသွားရန်၊ စိုက်ပျိုးရေပေးဝေရာတွင် အလေအလွင့်အနည်းဆုံးဖြစ်ရန်နှင့် ရေပေးရာသီတစ်လျှောက် မြောင်းများကြံ့ခိုင်ကောင်းမွန်မှုရှိစေရေးကို အမြဲမပြတ်စစ်ဆေးပြုပြင်ထိန်းသိမ်းသွားကြရန် မှာကြားသည်။

ထို့နောက် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေကို စနစ်တကျအကျိုးရှိစွာသုံးစွဲကြရန်၊ အထွက်နှုန်းကောင်း၍ သက်တမ်းတိုသည့်မျိုးကောင်းမျိုးသန့်များပြောင်းလဲစိုက်ပျိုးကြရန်၊ ဓာတုပိုးသတ်ဆေးနှင့်ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲခြင်းမှာ မြေဆီလွှာပျက်စီးစေနိုင်သဖြင့် သဘာဝမြေဩဇာများကို မျှတစွာသုံးစွဲရန်နှင့် နွေစပါးနှင့် နွေအခြားသီးနှံလျာထားဧကများပြည့်မီ၍ ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးကြရန်လိုကြောင်း ဆွေးနွေးမှာကြားပြီး နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးသည်။

ချောင်းမငယ်ဆည်ရေသောက်ဧရိယာအတွင်း နွေစပါးနှင့်နွေအခြားသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေကို မတ်လ ၁ ရက်မှစတင်၍ ပေးဝေလျက်ရှိပြီး ချောင်းမငယ်ဆည်ရေသောက်အနေဖြင့် နွေစပါး ဧက ၅၀၀၀ နှင့် နွေအခြားသီးနှံ ဧက ၁၀၀၀ စုစုပေါင်းဧက ၆၀၀၀ ကို စိုက်ပျိုးရန်လျာထားလျက်ရှိကြောင်းသိရသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် မဒန်းဆည်ရေသောက်စနစ် လက်ယာမြောင်း(၁)မြောင်းအဖျားပိုင်းအထိ နွေစပါးနှင့်နွေအခြားသီးနှံစိုက်ပျိုးရေပေးဝေနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေကို စနစ်တကျအကျိုးရှိစွာသုံးစွဲကြရန်၊ သတ်မှတ်ထားသည့် ရေပေးဝေမှုအစီအမံများအတိုင်း မြောင်းအဖျားပိုင်းလယ်ကွက်များအထိ စိုက်ပျိုးရေညီတူညီမျှရရှိရေးအတွက် တောင်သူများအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန်၊ နွေစပါးနှင့်နွေအခြားသီးနှံများစိုက်ပျိုးထုတ်လုပ်ရာတွင် ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန်စေရေးနှင့် စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများ၏လိုအပ်ချက်များအပေါ် ညှိနှိုင်းစီမံပေးသည်။

အဆိုပါ မဒန်းဆည်ရေသောက်စနစ်အတွင်း နွေစပါး ၂၁၁၅ ဧကနှင့် နွေအခြားသီးနှံ ၁၆၁ ဧက စုစုပေါင်းဧက ၂၂၇၆ အား အချိန်မီစိုက်ပျိုးနိုင်ရန် မဒန်းရေလွှဲဆည် ရေပေးတူးမြောင်းမကြီးမှ ဖေဖော်ဝါရီလ ၅ ရက်မှစတင်၍ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်းသိရသည်။

မြဝတီ

# အဆင့်မြင့်ပညာဦးစီးဌာန ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း(၁ / ၂၀၂၆) ဖွင့်လှစ်

နေပြည်တော်　မတ် ၂၁

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုဖွင့်လှစ်သည့်သင်တန်းသည် ပိုက်ကျော်ခြင်းအားကစားနည်း၏ ဒိုင်လူကြီးနှင့် နည်းပြအရည်အသွေးများကို ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း၊ တက္ကသိုလ်တိုင်းတွင် အားကစားနည်းပြများရှိမှသာလျှင် တက္ကသိုလ်များ၏ အားကစားအဆင့်အတန်းလည်း တိုးတက်လာမည်ဖြစ်သဖြင့် အားကစားနည်းမျိုးစုံ ကျွမ်းကျင်သော ဒိုင်လူကြီးများ၊ အားကစားနည်းပြများကို ဆက်လက်လေ့ကျင့်မွေးထုတ်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာသည့် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း(၁/၂၀၂၆)ကို မတ်လ ၂၁ ရက်မှ ၂၅ ရက်အထိ ၅ ရက်ကြာ ပို့ချသွားမည်ဖြစ်ရာ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၅ ဦးတက်ရောက်ကြပြီး မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ကျွမ်းကျင်ပညာရှင်နည်းပြဆရာနှစ်ဦးက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**



# (၁၀၇) ကြိမ်မြောက် တောင်သူနည်းပညာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၂၁

တောင်သူများအနေဖြင့် လယ်ယာစွန့်ပစ်ပစ္စည်း၊ သီးနှံအကြွင်းအကျန်ဘေးထွက်ပစ္စည်းများကိုအသုံးချကာ အရည်အသွေးမီသဘာဝမြေဩဇာများ ကိုယ်တိုင်ထုတ်လုပ်နိုင်စေရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုအတွက် ဂေဟစနစ်ကိုဖွံ့ဖြိုးစေရန်နှင့် ကျေးလက် MSME လုပ်ငန်းများဖွံ့ဖြိုးလာစေရန် ရည်ရွယ်ချက်ဖြင့် အပတ်စဉ်ကျင်းပသည့် (၁၀၇) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ အွန်လိုင်းဖြင့် ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မြေဆွေးပုံပြုလုပ်ရာတွင် နည်းစနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လာမည့် ၂၀၂၆-၂၀၂၇ ခုနှစ်မိုးရာသီမှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် "မြေဆီလွှာအာဟာရဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ထိန်းသိမ်းရေးစီမံကိန်း" (Soil Fertility Improvement Program) ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်မြှင့်တင်ရန်နှင့်ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝများကို ပိုမိုကောင်းမွန်စေရန် မြို့နယ်အလိုက်၊ ဒေသအလိုက် တီထွင်ဆန်းသစ်မှုရှိသည့် စိုက်ပျိုးရေးစီမံကိန်း (Township Innovation Program)များ ဖော်ဆောင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက "စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဘေးထွက်ပစ္စည်းများအား အသုံးပြု၍ လေပေးစနစ်နှင့် In-Vessel စနစ်တို့ဖြင့် သဘာဝမြေဆွေးထုတ်လုပ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးအဏုဇီဝဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ယုယုမင်းက "ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အဏုဇီဝသက်ရှိများ၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးရာတွင် ဘိုကာရှီနှင့် သဘာဝမြေဆွေးတို့၏ ကွဲပြားခြားနားမှု၊ လေပေး၍မြေဆွေးစေသည့် ASP နည်းပညာ၏အရေးပါပုံ၊ ဓာတုမြေဩဇာသုံးစွဲမှုကို လျှော့ချပြီး မြေဆီလွှာရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လယ်ယာစွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်းနှင့် သဘာဝမြေဩဇာထုတ်လုပ်သည့် နည်းပညာများအကြောင်းကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ပဲခူးအချုပ်ထောင်နှင့် ပဲခူးမြို့မရဲစခန်းအချုပ်ခန်းတို့ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၂၁

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ပဲခူးအချုပ်ထောင်နှင့် ပဲခူးမြို့မရဲစခန်း အချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပဲခူးအချုပ်ထောင်၌ အကျဉ်းသားများကို အိပ်ဆောင်များတွင် တွေ့ဆုံပြီး အဆင်ပြေမှု ရှိ၊ မရှိ မေးမြန်းကာ တင်ပြချက်များကို မှတ်တမ်းတင်သည်။

ထို့နောက် အချုပ်သား၊ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေ/ ချိုးရေကန်များနှင့် အတွင်း/ အပြင် မိလ္လာများသန့်ရှင်းမှု ရှိ၊ မရှိနှင့် ထောင်ဝင်စာတွေ့ဆုံနေမှု အခြေအနေ၊ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူတို့ နေ့လယ်စာသုံးဆောင်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယခင်စစ်ဆေးစဉ်က တွေ့ရှိချက်အပေါ် အကြံပြုချက်များဆောင်ရွက်ပြီးစီးမှုကိုလည်း ကြည့်ရှုစစ်ဆေးကာ အချုပ်သားများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေအုပ်ရေ ၅၀ ကို ကော်မရှင်မှပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပဲခူးမြို့မရဲစခန်းအချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ် ရမန်ကာလအခြေအနေ၊ အချုပ်ခန်းများအတွင်း နေထိုင်စဉ်နှင့် အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ နေထိုင်စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ၊ မရှိနှင့် တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု အခြေအနေတို့အား အချုပ်သား၊ အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ကွန်ပျူတာ၊ အခြေခံစက်ချုပ်သင်တန်း၊ အလှခြင်းရက်သင်တန်းနှင့် Bow ကလစ်သင်တန်းများ သင်တန်းဆင်းပွဲအခမ်းအနားပြုလုပ်

ပဲခူး မတ် ၂၁

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ တိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခဲ့သော ကွန်ပျူတာအခြေခံသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ အလှခြင်းရက်သင်တန်းနှင့် Bow ကလစ်သင်တန်းများ သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီးလူငယ်စင်တာခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက သင်တန်းနည်းပြဆရာမများကို ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က ကွန်ပျူတာသင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအားလည်းကောင်း၊ ဥပဒေချုပ် ဦးခင်မောင်တင့်က အခြေခံစက်ချုပ်သင်တန်း၊ အလှခြင်းရက်သင်တန်းနှင့် Bow ကလစ်သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအားလည်းကောင်း သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် သယံဇာတရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ဥပဒေချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက အခြေခံစက်ချုပ်၊ အလှခြင်းရက်နှင့် Bow ကလစ်သင်တန်းသားများ၏ ကိုယ်တိုင်ပြုလုပ်ထားသော အင်္ကျီ၊ ခြင်း၊ ကလစ် အနုပညာလက်ရာများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(၄၁၀)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၃-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၆၁၀ | ၃၇၂၅ | ၃၆၉၀ | ၃၆၂၅ | ၃၇၃၀ | ၃၇၄၅ | ၃၇၆၅ | ၃၆၈၀ | ၄၅၀၅ | ၃၉၇၅ | ၃၇၀၀ | ၃၇၆၅ | ၃၇၇၀ | ၃၇၃၅ | ၃၇၅၅ | ၄၀၁၅ |
| 95 Ron | ၃၈၅၀ | ၃၉၆၀ | ၃၉၃၀ | ၃၈၆၅ | ၃၉၇၀ | ၃၉၈၅ | ၄၀၀၀ | ၃၉၂၀ | ၄၅၆၀ | ၄၂၁၅ | ၃၉၃၅ | ၃၉၉၅ | ၄၀၁၀ | ၃၉၇၅ | ၃၉၉၅ | ၄၂၅၀ |
| HSD (500 ppm) | ၄၃၉၀ | ၄၅၀၀ | ၄၄၇၀ | ၄၄၀၅ | ၄၅၁၀ | ၄၅၂၅ | ၄၅၄၀ | ၄၄၆၀ | - | ၄၇၅၅ | ၄၄၇၅ | ၄၉၉၀ | ၄၅၅၀ | ၄၅၁၅ | ၄၅၃၅ | ၄၇၉၀ |
| HSD (50 ppm) | ၄၈၂၀ | ၄၉၃၅ | ၄၉၀၀ | ၄၈၃၅ | ၄၉၄၀ | ၄၉၅၅ | ၄၉၇၅ | ၄၈၉၀ | ၄၈၃၀ | ၅၁၈၅ | ၄၉၁၀ | ၅၀၃၀ | ၄၉၈၀ | ၄၉၄၅ | ၄၉၇၀ | ၅၂၂၅ |
| HSD (10 ppm) | ၄၈၂၀ | ၄၉၃၅ | ၄၉၀၀ | ၄၈၃၅ | ၄၉၄၀ | ၄၉၅၅ | ၄၉၇၅ | ၄၈၉၀ | - | ၅၁၈၅ | ၄၉၁၀ | ၅၀၄၅ | ၄၉၈၀ | ၄၉၄၅ | ၄၉၇၀ | ၅၂၂၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၄၁၉ | ၃၅၂၁ |
| 95 Ron | ၃၆၅၀ | ၃၇၅၇ |
| HSD (500 ppm) | ၄၁၇၃ | ၄၂၈၆ |
| HSD (50 ppm) | ၄၅၉၂ | ၄၇၁၃ |
| HSD (10 ppm) | ၄၅၉၂ | ၄၇၁၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၁

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁၃) သင်တန်းဖွင့်ပွဲကျင်းပ




ရန်ကုန် မတ် ၂၁

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း(စနေ၊ တနင်္ဂနွေ) အမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး ညီလာခံခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်သစ်များကို ပြုစုပျိုးထောင်ရန်အတွက် ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် လုပ်ငန်းနယ်ပယ်အသီးသီးရှိ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဧပြီလမှစတင်ကာ ကုန်သွယ်မှုသင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ရာ လက်ရှိကာလအထိ ကုန်သွယ်မှုအခြေခံသင်တန်း (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) ၁၂ ကြိမ်၊ အဆင့်မြင့်သင်တန်းသုံးကြိမ်၊ ကုန်သွယ်မှုအခြေခံသင်တန်း(စနေ၊ တနင်္ဂနွေ) ၁၂ ကြိမ်၊ ရက်တိုသင်တန်း ၁၉ ကြိမ်၊ နယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ငန်းစဉ်များအကြောင်း သင်တန်းတစ်ကြိမ် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပြီး စုစုပေါင်း သင်တန်းသားဦးရေ ၃၇၇၄ ဦး အထိသင်ကြားပို့ချပေးနိုင်ခဲ့ကြောင်းပြောကြားသည်။

အဆိုပါသင်တန်းကို တစ်နေ့ ၃ နာရီဖြင့် စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ကာ စုစုပေါင်းသင်တန်းသားဦးရေ ၁၂၁ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။ **မြဝတီ**

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA) လစဉ်ပုံမှန်အစည်းအဝေးကျင်းပ

ပဲခူး မတ် ၂၁

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)ပဲခူးတိုင်းဒေသကြီး အလုပ်အမှုဆောင်များ၏ လစဉ်ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် မဇင်း ၁ လမ်းထိပ်ရှိ အသင်းပိုင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA) ပဲခူးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးဖြိုးကိုလင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသော အလုပ်အမှုဆောင်အဖွဲ့များက မိမိတို့၏တာဝန်ကဏ္ဍများအလိုက် အကြံပြုချက်များ၊ လိုလားချက်များအား အသီးသီးတင်ပြဆွေးနွေးကာ အစည်းအဝေးဆုံးဖြတ်ချက်များကို မှတ်တမ်းတင်မဲခွဲဆုံးဖြတ်ခဲ့ကြကြောင်းသိရသည်။

အဆိုပါအစည်းအဝေးတွင် အသင်းကြီး၏ လှုပ်ရှားဆောင်ရွက်နေမှုများ၊ စဉ်ဆက်မပြတ် သင်တန်းများပို့ချနေမှုများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ သတင်းမီဒီယာကဏ္ဍအတွက် ရှေ့ဆက်၍ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ၊ အသင်းကြီး၏ ဗဟိုဥက္ကဋ္ဌဖြစ်သူ ဦးမြတ်ခိုင်၏မှာကြားချက်များ၊ တိုင်းဒေသကြီးအသင်း၏ နာယကကြီးများ၏လုပ်ငန်းအကြံပြုချက်များ၊ အသင်းအနေဖြင့် နှစ်စဉ်ပါဝင်လှူဒါန်းလျက်ရှိသော ပဲခူးမြို့ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ယခုနှစ်တွင်ကျရောက်သော (၂၆၀၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးတွင် အစဉ်အလာမပျက်ပါဝင်၍ လှူဒါန်းနိုင်ရေး၊ ယခုလမှစတင်၍ အသင်း(ဗဟို)မှ ဖွင့်လှစ်မည့်သင်တန်းများတွင် ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြု လူငယ်မျိုးဆက်သစ်သတင်းသမားများအား ပေးပို့စေလွှတ်နိုင်ရေး၊ ပြောင်းလဲလာသော နိုင်ငံရေးအခင်းအကျင်းများနှင့် တိုင်းဒေသကြီးလွှတ်တော်၌ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ သတင်းများရယူနိုင်ရေး၊ တိုင်းအလုပ်အမှုဆောင်အဖွဲ့၏ ခွဲဝေတာဝန်ပေးအပ်ထားသော ကဏ္ဍအလိုက်တာဝန်များအား ကျေပွန်နိုင်ရေး၊ အသင်း၏ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(၄၁၀)

# တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ လှော်ကားသဘာဝဥယျာဉ်သို့ Mountain Bike (MTB)လူသစ်တန်း စက်ဘီးပြိုင်ပွဲကျင်းပမည်



ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သစ်တောဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ လှော်ကားသဘာဝဥယျာဉ်သို့ Mountain Bike (MTB) လူသစ်တန်းစက်ဘီးပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသည် မတ်လ ၂၉ ရက် နံနက်၆ နာရီတွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) မှတာထွက်ပြီး လှော်ကားသဘာဝဥယျာဉ်တွင် ပန်းဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် အသက် ၁၈ နှစ်အထက်ဖြစ်ပြီး MTB စက်ဘီး Tyre Size 1.95 ထက်မသေးရ၊ ရှေ့ရှော့ဘားပါရှိရမည်၊ ပြိုင်ဘီးလက်ကိုင်များ တပ်ဆင်ခွင့်မပြု၊ 700 CC Mountain ဘီးများယှဉ်ပြိုင်ခွင့်မပြု၊ Motor သို့မဟုတ် Battery ကဲ့သို့သော လျှပ်စစ်အထောက်အကူပြုစနစ်များပါဝင်သည့် စက်ဘီးများခွင့်မပြုကြောင်း သတ်မှတ်ထားသည်။ ထို့ပြင် လူသစ်တန်းပြိုင်ပွဲဖြစ်သည့်အတွက် နိုင်ငံလက်ရွေးစင်အားကစားသမားများ၊ စက်ဘီးပြိုင်ပွဲအသီးသီးတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိဖူးသူများလည်း ပါဝင်ယှဉ်ပြိုင်ခွင့်မပြုကြောင်း ကန့်သတ်ထားသည်။

ပြိုင်ပွဲဆုကြေးငွေအဖြစ် ပထမဆုငွေကျပ်ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်း၊ တတိယဆု ငွေကျပ်လေးသိန်း၊ စတုတ္ထဆု ငွေကျပ်သုံးသိန်း၊ ပဉ္စမဆု ငွေကျပ်နှစ်သိန်း၊ အဆင့်(၆)မှအဆင့်(၁၀)ထိဝင်သူများအတွက် ငွေကျပ် တစ်သိန်းစီနှင့် အဆင့်(၁၁)မှအဆင့်(၃၀)အထိဝင်သူများအတွက် ငွေကျပ်သုံးသောင်းစီချီးမြှင့်မည်ဖြစ်သည်။ ၎င်းအပြင် ပြိုင်ပွဲဝင် ၃၀၀ ဦးအထိ ပန်းဝင်ရောက်သူတိုင်းကို ပန်းဝင်ဆုတံဆိပ်များ ဂုဏ်ပြုချီးမြှင့်သွားမည်လည်းဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသူ စက်ဘီးစီးဝါသနာရှင်များအနေဖြင့် https://docs.google.com/forms/d/e/1FAIpQLSf4BfZ3nZz3hGQPhYzxKREExV9MUHrQF0GhIvYCKEOqUxvug/viewform?usp=dialog သို့စာရင်းပေးသွင်းနိုင်ပြီး လူကိုယ်တိုင်လာရောက်စာရင်းပေးသွင်းလိုသူများအနေဖြင့်လည်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)နှင့် လှော်ကားသဘာဝဥယျာဉ်တို့တွင် လာရောက်စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။ စာရင်းပေးသွင်းပြီးသူများအတွက် ပြိုင်ပွဲဝင်နံပါတ်ပြားများကို မတ်လ ၂၃ ရက်မှစတင်၍ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် ထုတ်ယူနိုင်ပြီး မတ်လ ၂၇ ရက် နောက်ဆုံးထားထုတ်ယူကြရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဖုန်း ၀၉-၄၀၁၅၄၆၈၄၇၊ ၀၉-၄၂၁-၀၂၈၇၁၁၊ လှော်ကားဥယျာဉ် ၀၉-၄၂၂-၉၇၀၇၁၇၊ ၀၉-၆၆၂၀၆၃၂၃၂၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ၀၉-၂၅၀၇၂၉၂၀၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

အဆိုပါစက်ဘီးပြိုင်ပွဲသည် မျိုးဆက်သစ် လူငယ်စက်ဘီးအားကစားသမားကောင်းများပေါ်ထွက်လာစေရန်နှင့် မြန်မာ့စက်ဘီးအားကစားကဏ္ဍ အဆင့်အတန်းမြင့်မားလာစေရန် အဓိကရည်ရွယ်ကာ မြန်မာနိုင်ငံ၏အဖိုးတန်သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များကို ပြည်သူများပိုမိုသိရှိတန်ဖိုးထားလာစေရန်၊ စိမ်းလန်းစိုပြည်သော သဘာဝအခြေခံခရီးသွားလုပ်ငန်းများအား ရေရှည်အောင်မြင်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂˚c | / | ၃၆˚c |
| ရန်ကုန် | ၂၃˚c | / | ၃၆˚c |
| မန္တလေး | ၂၅˚c | / | ၃၇˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# မြောင်းမြမြို့ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများက ကြို့ကုန်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူ ၆၀၀ ခန့်အား အခမဲ့ဆေးကုသပေးနိုင်ခဲ့



အိမ်မဲ မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ကြို့ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကြို့ကုန်းကျောင်း၌ စုရပ်ပြုလုပ်ပြီး မြောင်းမြမြို့ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများကကွင်းဆင်း၍ ကြို့ကုန်းကျေးရွာအုပ်စုအတွင်းရှိပြည်သူများအား အခမဲ့ဆေးကုသပေးခြင်းကို ယနေ့နံနက် ၈ နာရီမှစတင်၍ ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆေးကုသပေးရာတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ကြီးကြပ်မှုဖြင့် ပြည်သူ့ဆေးရုံကြီး မြောင်းမြမြို့မှ ဆေးရုံအုပ်ကြီးဦးဆောင်၍ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ အရိုးအထူးကုဆရာဝန်ကြီး၊ အထွေထွေရောဂါကုသမားတော်၊ ကလေးအထူးကုဆရာဝန်၊ မျက်စိအထူးကုဆရာဝန်၊ အရေပြားအထူးကုဆရာဝန်၊ သွားဘက်ဆိုင်ရာအထူးကုဆရာဝန်နှင့် နား/နှာခေါင်း/လည်ချောင်းအထူးကုဆရာဝန်၊ ခွဲစိတ်ဆရာဝန်တို့ပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့သည် အထွေထွေရောဂါလူနာ ၁၄၄ ဦး၊ မျက်စိလူနာ ၁၀၁ ဦး၊ အရိုးအကြောလူနာ ၁၅၇ ဦး၊ သွားနှင့်ခံတွင်းလူနာ ၃၆ ဦး၊ ကလေးရောဂါလူနာ ၂၆ ဦး၊ အရေပြားလူနာ ၃၀ ဦး၊ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးလူနာ ၃၇ ဦး၊ နား/နှာခေါင်း/လည်ချောင်းလူနာ ၂၇ ဦး၊ သားဖွားမီးယပ်လူနာ ၁၁ ဦး၊ ခွဲစိတ်လူနာ ၁၆ ဦးတို့ကိုကြည့်ရှုကုသပေးပြီး ညွှန်းပို့လူနာ သုံးဦးအား မြောင်းမြမြို့ ပြည်သူ့ဆေးရုံကြီး၌ လိုအပ်သောကုသမှုများ ဆက်လက်ဆောင်ရွက်နိုင်ရန်စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆေးကုသမှုဆောင်ရွက်နေမှုကို မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကကြည့်ရှုပြီး လာရောက်ပြသသည့်ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲ)

# ထန်းတပင်မြို့နယ်၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာနှင့် ကိုယ်ကာယကြံ့ခိုင်ရေးသင်တန်းဖွင့်လှစ်

ထန်းတပင် မတ် ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီ နေထိုင်တတ်စေရန်ရည်ရွယ်၍ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာနှင့် ကိုယ်ကာယကြံ့ခိုင်ရေးသင်တန်းကို မတ်လ ၂၁ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(ထန်းတပင်)၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်စန္ဒာထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး(စီမံ/ဘဏ္ဍာ)မှ သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့



# ဆောက်လုပ်ရေးလုပ်ငန်းများ လည်ပတ်နိုင်ရန် ဆောက်လုပ်ရေးချေးငွေ ဝန်ဆောင်မှုများ ချထားပေးမည်

ရန်ကုန် မတ် ၂၁

ဆောက်လုပ်ရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် ဆောက်လုပ်ရေးစီမံကိန်းများဆောင်ရွက်ရာတွင် လုပ်ငန်းများလည်ပတ်နိုင်ရန် ဆောက်လုပ်ရေးချေးငွေဝန်ဆောင်မှုများ ချထားပေးမည်ဖြစ်ကြောင်း CHID Bank မှသိရသည်။

"ဆောက်လုပ်ရေးလုပ်ငန်းတွေ နှောင့်နှေးကြန့်ကြာမှုမရှိစေဖို့ CHID Bank ကနေ ဆောက်လုပ်ရေးစီမံကိန်းတွေဆောင်ရွက်မယ့် လုပ်ငန်းရှင်တွေအတွက် ဆောက်လုပ်ရေးချေးငွေ ဝန်ဆောင်မှုကို ပံ့ပိုးကူညီပေးနေပါတယ်။ ချေးငွေအနိမ့်အမြင့်ကို သတ်မှတ်ထားတာမရှိပါဘူး။ အာမခံထားတဲ့ပစ္စည်းပေါ်မူတည်ပြီး ဆုံးဖြတ်ပေးတာပါ။ အာမခံထားတဲ့အခါ အာမခံထားတဲ့ပစ္စည်းတန်ဖိုးပေါ်မူတည်ပြီး ချေးငွေပမာဏကို တွက်ချက်ပေးတာပါ"ဟု CHID Bank မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

CHID Bank ၏ ဆောက်လုပ်ရေးချေးငွေ လျှောက်ထားမည်ဆိုပါက ချေးငွေလျှောက်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ၊ Audited Financial Statement၊ Management Financial Report၊ Cash Flow အခွန်ပြေစာ သုံးနှစ်၊ ခြောက်လအတွင်း ရိုက်ကူးထားသည့် မြေပုံရာဇဝင် (ပုံစံ ၁၀၅၊ ၁၀၆)၊ လုပ်ငန်း/ကုမ္ပဏီနှင့်ပတ်သက်သည့် စာရွက်စာတမ်းအထောက်အထားများ၊ အာမခံပစ္စည်းဓာတ်ပုံများနှင့် တခြားဆက်စပ်စာရွက်စာတမ်းများ စသည့်အထောက်အထားများ လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ဖြူဖြူ

# ကျုံပျော်မြို့နယ်၌ ကောက်ရိုးပဲမှော်ဖြင့်သဘာဝမြေဩဇာပြုလုပ်ခြင်း လက်တွေ့သရုပ်ပြ

ကျုံပျော် မတ် ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ် ဘုရားကလေးဆိပ်ကျေးရွာ၌ မြေဆီလွှာပျက်စီးခြင်းအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် ကောက်ရိုး၊ ပဲမှော်ဖြင့် သဘာဝမြေဩဇာပြုလုပ်ခြင်း လက်တွေ့သရုပ်ပြခြင်းကို မတ်လ ၂၀ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ထိုက်က သီးနှံအကြွင်းအကျန်များ၊ စွန့်ပစ်ပစ္စည်းများအား မြေဆွေးပုံများ ပြုလုပ်သုံးစွဲခြင်းဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိများ တိုးတက်လာမည်ဖြစ်ကြောင်းနှင့်ပေါင်းသတ်ဆေးများအလွန်အကျွံသုံးစွဲခြင်းကြောင့် မြေဆီလွှာများပျက်စီးလာပုံတို့ကို ပြောကြားသည်။

ထို့နောက် ကျုံပျော်ခရိုင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းနောင်က မြေဆွေးပုံပြုလုပ်နည်းအကြောင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကောက်ရိုး၊ ပဲမှော်ဖြင့် မြေဆွေးပြုလုပ်ခြင်းအား လက်တွေ့သရုပ်ပြကြသည်။ အဆိုပါအခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန် နယ်လှည့်စာကြည့်တိုက်လှုပ်ရှားမှုဆောင်ရွက်

ရွှေကျင် မတ် ၂၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှုအဖြစ် စာအုပ်စာစောင်များ လှည့်လည်ငှားရမ်းပေးလျက်ရှိရာ မတ်လ ၂၀ ရက်က အနောက်ဘက်ကျေးရွာအုပ်စု သောင်လယ်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးငြိမ်းဦးဆောင်သော ဝန်ထမ်းများက နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ အသိပညာဗဟုသုတရရှိစေမည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/ကော်မတီများမှ ထုတ်ဝေသည့် ရုပ်ပြ၊ ကဗျာစာအုပ်များ၊ သုတ/ရသစာအုပ်များကို ခင်းကျင်းပြသရာ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြသည်။

အဆိုပါ နယ်လှည့်စာကြည့်တိုက်ကို ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်၊ စာပေကိုချစ်မြတ်နိုးတတ်စေရန်နှင့် အမှား၊ အမှန်ဝေဖန်ပိုင်းခြားတတ်စေရန်ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

# ကာရာဘောင်းဖလားဗိုလ်လုပွဲ ပရီးမီးယားလိဂ်ပြိုင်ပွဲနှင့် စပိန်လာလီဂါပြိုင်ပွဲများ ပွဲကြိုသုံးသပ်ချက်



## အာဆင်နယ် Vs မန်စီးတီး

**ကစားမည့် ရက် / အချိန်**

(၂၂-၃-၂၀၂၆ ရက် ည ၁၁:၀၀ နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

အာဆင်နယ် ၁ - ၁ မန်စီးတီး

အာဆင်နယ် ၅ - ၁ မန်စီးတီး

မန်စီးတီး ၂ - ၂ အာဆင်နယ်

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| အာဆင်နယ် | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(နိုင်) |
| မန်စီးတီး | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(ရှုံး) |

**ခန့်မှန်းရလဒ်**

အာဆင်နယ် ၃ - ၁ မန်စီးတီး

အာဆင်နယ်အသင်းက မန်စီးတီးအသင်းနဲ့ တွေ့ဆုံခဲ့တဲ့ နောက်ဆုံးငါးကြိမ်မှာ တစ်ပွဲမှမရှုံးနိမ့်အောင် စွမ်းဆောင်ထားတဲ့အထိ တွေ့ဆုံမှုအပိုင်းမှာ အသာစီးရအောင် စွမ်းဆောင်ထားနိုင်ခဲ့ပါတယ်။ လက်ရှိ အာဆင်နယ်အသင်း ခြေစွမ်းပိုင်းကလည်း မန်စီးတီးအသင်းကို အနိုင်ရယူနိုင်ဖို့အတွက် လုံလောက်နေတာကို တွေ့ရမှာပါ။ အာဆင်နယ်အသင်းတိုက်စစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ဂိုးသွင်းအား ပြန်လည်ကောင်းမွန်နေလို့ မန်စီးတီးအသင်းခံစစ်ပိုင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ အခုပွဲစဉ်ကလည်း ကာရာဘောင်းဖလားဗိုလ်လုပွဲဖြစ်နေလို့ အာဆင်နယ်အသင်းအတွက် ဆုဖလားတစ်လုံးရရှိဖို့အတွက် အမှားခံမှာမဟုတ်ပါဘူး။ အာဆင်နယ်အသင်းက လက်ရှိ တိုက်စစ်၊ ကွင်းလယ်၊ ခံစစ်ပိုင်းအားလုံး ဟန်ချက်ညီနေတာကိုတွေ့ရမှာပါ။

မန်စီးတီးအသင်းကတော့ နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်းပြန်လည်ကျဆင်းနေပြီး ရလဒ်တွေမတည်မငြိမ်ဖြစ်နေတာကို တွေ့ရမှာပါ။ ဟာလန်းဦးဆောင်နေတဲ့ မန်စီးတီးအသင်းတိုက်စစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ သွင်းဂိုးတွေရရှိဖို့ ရုန်းကန်နေရပါတယ်။ မန်စီးတီးအသင်းက ၂၀၂၃ ခုနှစ်က အာဆင်နယ်အသင်းကို အနိုင်ရရှိပြီး နောက်ပိုင်းပွဲစဉ်တွေမှာ နိုင်ပွဲရယူနိုင်ခြင်းမရှိခဲ့တဲ့အထိ ထိပ်တိုက်တွေ့ဆုံမှုတွေမှာ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ ဒ့ါပြင် မန်စီးတီးအသင်းခံစစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ အမှားယွင်းများနေလို့ ဂရိုကီယက်ဦးဆောင်လာမယ့် အာဆင်နယ်အသင်းကို ထိန်းချုပ်ဖို့အတွက်ကတော့ ခက်ခဲမှာပါ။ မန်စီးတီးအသင်းတိုက်စစ်ပိုင်းကလည်း သွင်းဂိုးတွေရရှိဖို့အတွက် ဆီမီညိုကိုသာ အားထားနေရတဲ့အထိ တိုက်စစ်ပိုင်းက လိုအပ်ချက်တွေရှိနေပါတယ်။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် မန်စီးတီးအသင်းက ၂၁ ကြိမ်အနိုင်ရရှိထားပါတယ်။ အာဆင်နယ်အသင်းကတော့ ၁၁ကြိမ် အနိုင်ရရှိကာ ၁၀ ကြိမ်သရေရလဒ်ထွက်ပေါ်ထားလို့မန်စီးတီးအသင်းက အသာစီးမှာရှိနေပါတယ်။ ဒါပေမဲ့ လက်ရှိခြေစွမ်းပိုင်းအရ အာဆင်နယ်အသင်းကအသာစီးမှာရှိနေလို့ အာဆင်နယ်အသင်းပဲအနိုင်ရယူပြီး ဆုဖလားဆွတ်ခူးသွားပါလိမ့်မယ်။

## စပါး Vs နော်တင်ဟမ်

**ကစားမည့် ရက် / အချိန်**

(၂၂-၃-၂၀၂၆ ရက် ည ၈:၄၅နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

နော်တင်ဟမ် ၃ - ၀ စပါး

စပါး ၁ - ၂ နော်တင်ဟမ်

စပါး ၃ - ၁ နော်တင်ဟမ်

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| စပါး | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |
| နော်တင်ဟမ် | အိမ်(ရှုံး) | အိမ်(သရေ) | ဝေး(နိုင်) |

**ခန့်မှန်းရလဒ်**

စပါး ၂ - ၁ နော်တင်ဟမ်

ပရီးမီးယားလိဂ် ၁၁ ပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့စပါးအသင်းအတွက် အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရရှိအောင် အကောင်းဆုံးပြင်ဆင်လာမှာပါ။ စပါးအသင်းအတွက် တန်းဆင်းဇုန်က ဝက်စ်ဟမ်းအသင်းနဲ့ ရမှတ်တစ်မှတ်သာကွာဟပြီး တန်းဆင်းဇုန်ဖိအားတွေရှိနေလို့ တန်းမဆင်းရဖို့အတွက်ဆိုရင် လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့ လိုအပ်နေပါတယ်။ စပါးအသင်းမှာ အဓိကကစားသမားအများစုဒဏ်ရာရရှိနေတာက အသင်းရလဒ်ပိုင်းကို ဆိုးရွားစေတာကို တွေ့ရမှာပါ။ စပါးအသင်းက ဒီဘောလုံးရာသီ အိမ်ကွင်း ၁၅ ပွဲမှာ နှစ်ပွဲသာအနိုင်ရရှိပြီး လေးပွဲသရေရလဒ်နဲ့ ကိုးပွဲရှုံးနိမ့်ထားပြီး အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်း အဆိုးရွားဆုံးအသင်းအဖြစ် ရပ်တည်နေတယ်ဆိုပေမယ့် အခုပွဲစဉ်မှာသာ ရလဒ်ဆိုးရွားခဲ့မယ်ဆိုရင် တန်းဆင်းဇုန်ထဲရောက်နိုင်တဲ့အခြေအနေတွေကြောင့် အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။

နော်တင်ဟမ်အသင်းကလည်း တန်းဆင်းဇုန်ဖိအားရှိနေလို့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိသေးဘဲ ရုန်းကန်နေရဆဲပါ။ နော်တင်ဟမ်အသင်းရဲ့ ဒီဘောလုံးရာသီ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၅ ပွဲ ကစားပြီးချိန်မှာ ငါးပွဲအနိုင်ရရှိပြီး ငါးပွဲသရေရလဒ်နဲ့ ငါးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိတာကို တွေ့ရမှာပါ။ နော်တင်ဟမ်အသင်းကလည်း ပရီးမီးယားလိဂ်နောက်ဆုံးခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတဲ့အထိ ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလည်းရုန်းကန်ရဖို့ရှိနေသလို ပြိုင်ဘက်အသင်းကလည်း တန်းဆင်းဇုန်ဖိအားရှိနေတဲ့ အသင်းဖြစ်နေလို့ သရေရလဒ်တောင်မျှော်လင့်ဖို့အတွက် ခက်ခဲနေမှာပါ။ နော်တင်ဟမ်အသင်းခံစစ်ပိုင်းကလည်း အမှားအယွင်းတွေများနေလို့ စပါးအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် စပါးအသင်းက ငါးကြိမ်အနိုင်ရရှိထားပါတယ်။ နော်တင်ဟမ်အသင်းက လေးကြိမ်အနိုင်ရရှိပြီး သရေရလဒ်ထွက်ပေါ်ထားခြင်းမရှိခဲ့ဘဲ အနိုင်အရှုံးရလဒ်ပြတ်သားခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိသလို ရမှတ်လိုအပ်ချက်ရှိနေတဲ့အသင်းတွေဖြစ်လို့ အိမ်ရှင်အားသာချက်နဲ့ ကစားလာမယ့် စပါးအသင်းကပဲ အိမ်ကွင်းမှာ ရလဒ်ကောင်းသွားပါလိမ့်မယ်။



## ရီးယဲလ်မက်ဒရစ် Vs အက်သလက်တီကို

**ကစားမည့် ရက် / အချိန်**

(၂၃-၃-၂၀၂၆ ရက် နံနက် ၂:၃၀နာရီ)

**နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**

အက်သလက်တီကို ၁ - ၂ ရီးယဲလ်မက်ဒရစ်

ရီးယဲလ်မက်ဒရစ် ၅ - ၂ အက်သလက်တီကို

အက်သလက်တီကို ၁ - ၀ ရီးယဲလ်မက်ဒရစ်

**နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ**

| | | | |
|---|---|---|---|
| ရီးယဲလ်မက်ဒရစ် | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| အက်သလက်တီကို | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

**ခန့်မှန်းရလဒ်**

ရီးယဲလ်မက်ဒရစ် ၂ - ၁ အက်သလက်တီကို

လာလီဂါချန်ပီယံဆုအတွက် ဘာစီလိုနာအသင်းနဲ့ အားပြိုင်နေရတဲ့ ရီးယဲလ်မက်ဒရစ်အသင်းက အိမ်ကွင်းမှာ အနိုင်ရလဒ်အတွက် အကောင်းဆုံးပြင်ဆင်လာမှာပါ။ ရီးယဲလ်မက်ဒရစ်အသင်းက နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်နိုင်ပွဲရရှိခဲ့ပြီး ပုံစံကောင်းပြန်လည်ပြသနေလို့ အခုပွဲစဉ်မှာလည်း အက်သလက်တီကိုအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ ဒီဘောလုံးရာသီ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ စပိန်လာလီဂါအိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၄ ပွဲကစားပြီးချိန်မှာ ၁၂ ပွဲနိုင် နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းက အကောင်းဆုံးပုံစံမှာရှိနေတာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်းမှာ အမ်ဘတ်ပီပြန်လည်ပါဝင်နိုင်မှာဖြစ်လို့ တိုက်စစ်ပိုင်းပိုမိုအားကောင်းလာနိုင်မှာပါ။ ရီးယဲလ်မက်ဒရစ်အသင်းက အိမ်ကွင်းမှာ အက်သလက်တီကိုအသင်းကို ၂၀၁၆ ခုနှစ်က ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့အထိ အိမ်ကွင်းမှာ အသာစီးရယူထားတာကို တွေ့ရမှာပါ။

အက်သလက်တီကိုအသင်းကတော့ အိမ်ကွင်းဆိုရင်သာ ခြေစွမ်းပိုင်းကောင်းမွန်ပေမယ့် အဝေးကွင်းဆိုရင် ရုန်းကန်နေရပြီး နောက်ပိုင်းနှစ်တွေမှာ ရီးယဲလ်မက်ဒရစ်အသင်းအိမ်ကွင်းမှာ သွားရောက်ကစားရတိုင်း ရုန်းကန်နေရလို့ အခုပွဲစဉ်မှာလည်း ရုန်းကန်ရဖို့ရှိနေပါတယ်။ အက်သလက်တီကိုအသင်းရဲ့ ဒီဘောလုံးရာသီ စပိန်လာလီဂါအဝေးကွင်းစွမ်းဆောင်ရည်ပိုင်းကို ကြည့်မယ်ဆိုရင် ၁၃ ပွဲ ကစားပြီးချိန်မှာ လေးပွဲအနိုင်ရရှိပြီး ငါးပွဲသရေရလဒ်နဲ့ လေးပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းခြေစွမ်းပိုင်းကတော့ အားရစရာမရှိပါဘူး။ ဒ့ါပြင် အက်သလက်တီကိုအသင်း ခံစစ်ပိုင်းကလည်း အဝေးကွင်းပွဲစဉ်တွေဆိုရင် အမှားအယွင်းများလေ့ရှိလို့ ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲမှာပါ။ ဒ့ါပြင် အက်သလက်တီကိုအသင်းတိုက်စစ်ပိုင်းကလည်း အဝေးကွင်းပွဲစဉ်တွေမှာ ဂိုးသွင်းအားကျဆင်းနေတာကို တွေ့ရမှာပါ။

ဒီနှစ်သင်းကြား ထိပ်တိုက်တွေ့ဆုံမှုအပိုင်းကို ကြည့်မယ်ဆိုရင် ရီးယဲလ်မက်ဒရစ်အသင်းက ၂၃ ကြိမ်အနိုင်ရရှိထားပါတယ်။ အက်သလက်တီကိုအသင်းက ၁၅ ကြိမ် အနိုင်ရရှိကာ ၁၇ ကြိမ် သရေရလဒ်ထွက်ပေါ်ထားတာကို တွေ့ရမှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းက ကွာခြားမှုမရှိဘူးဆိုပေမယ့် အိမ်ရှင်အားသာချက်နဲ့ ကစားလာမယ့် ရီးယဲလ်မက်ဒရစ်အသင်းပဲ အနိုင်ရမှာ သေချာပါတယ်။

**စည်သူအောင်**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့်ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကိုရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(မတ်လ၊ ၂၀၂၆)

## အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာန

### ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

၁

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

### အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ

- ➢ တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- ➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ➢ မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ➢ ရေများများသောက်ပါ။



၂

### အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- ➢ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ➢ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ➢ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- ➢ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

### သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- ➢ အလွန်အမင်းရေဆာခြင်း၊
- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ တက်ခြင်း၊ သတိလစ်ခြင်း။

၄

### အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



### အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ➢ သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ➢ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ➢ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- ➢ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

၅

### အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- ➢ လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- ➢ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ➢ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ➢ လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- ➢ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- ➢ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# ၂၀၂၆ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ၆ မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ၂၁-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ၂၀၂၆ ခုနှစ် မတ်လ တတိယ (၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော် မတ် ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၇၄ ဒီဂရီဖာရင်ဟိုက်မှ ၈၃ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၈၄ ဒီဂရီဖာရင်ဟိုက်မှ ၉၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ၉၄ ဒီဂရီဖာရင်ဟိုက်မှ ၁၀၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၂ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၆ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက်မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၄၅ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မွန်ပြည်နယ်တို့တွင် ၅၆ ရာခိုင်နှုန်းမှ ၆၅ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၆၆ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ၃၁ မီလီမီတာမှ ၄၁ မီလီမီတာအတွင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၄၂ မီလီမီတာမှ ၅၁ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၅၂ မီလီမီတာမှ ၆၁ မီလီမီတာအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၆၂ မီလီမီတာမှ ၇၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်(ခြောက်သွေ့)အခြေအနေအသီးသီးရှိနိုင်ပါသည်။

(မိုး/ဇလ)

**YULCHON MYANMAR COMPANY LIMITED**

(In Members' voluntary winding-up under section 147(a)(ii) of Myanmar Insolvency Law)

Pursuant to Section 147 (a)(ii) and Section 152 of Myanmar Insolvency Law, Section 156(d) of Myanmar Companies Law, the fowllowing resolution is passed by members("Members")of the Company.

(1) Resolved that the company be and is here by wound-up as Members' Voluntary winding-up under section 147(a)(ii)of Myanmar Insolvency Law as at the date(19th Day of March 2026).

(2) Resolved that Ms.Seim Le Le Yin, Member of Myanmar Association of Insolvency Practitioners,(IP Registration No.105954)holding of Citizenship Scrutiny Card No.7/ LaPaTa(N)114813, Certified Public Accountant of True & Trust Audit Firm of No.51, 5th Floor, Gant Gaw Street, Sanchaung Township, Yangon Region, Myanmar is hereby appointed as the liquidator to wind up the Company's affairs and distribute its property in accordance with Section 152 of the Myanmar Insolvency Law.

(3) The Insolvency Practitioner of the Company has notified that all debtors and creditors of the company may submit that claim within one month along with supporting documents.

Liquidator office : No.51, 5th Floor, Gant Gaw Street, Wailuwun North Ward, Sanchaung Township, Yangon Region, Myanmar

Phone No. : +95-9-453393372,+95-9-423682897

E-mail Address : seimlai@true-trust.com.mm

**ပျောက်ဆုံးကြောင်း**

နော်မွန်မွန်သက်(ဘ)ဦးထွေးမြင့် ၃/လဘန(နိုင်)၀၈၂၇၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 762193)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ONE & ONE MYANMAR COMPANY LIMITED**

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇) အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၂၆ ခုနှစ်၊ မတ်လ(၂၁)ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော ဒါရိုက်တာအဖွဲ့ဝင်များ၏အထူးအစည်းအဝေးတွင် မန်နေးဂျင်းဒါရိုက်တာဖြစ်သူဒေါ်သန်းရီမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး အောက်ဖော်ပြပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်။

၁။ ကုမ္ပဏီကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အစုရှယ်ယာရှင်များ၏ဆန္ဒအရ ၂၀၂၆ ခုနှစ်၊ မတ်လ(၂၁)ရက်နေ့မှစ၍ စာရင်းရှင်းဖျက်သိမ်းရန် သဘောတူဆုံးဖြတ်ကြပါသည်။

၂။ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စအား ဆောင်ရွက်နိုင်ရန်အတွက် ဦးရှင်ငြိမ်း Insolvency Practitioner No.103594 အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ Liquidator အဖြစ်ခန့်အပ်ရန် သဘောတူဆုံးဖြတ်ကြပါသည်။

၃။ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ကုမ္ပဏီမြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၁)လအတွင်းနောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

U SHIN NYEIN (H.G.P.,LL.,B )
HIGH COURT ADVOCATE
INSOLVENCY PRACTITIONER(103594)
YANGON, MYANMAR. TEL: 09-5043046

Daw Than Yi
Managing Director
One & One Myanmar Co.,Ltd

**ပျောက်ဆုံးကြောင်း**

သွယ်သွယ်အောင်(ဘ)ဦးရဲအောင် ၁၄/ကခန(နိုင်)၁၂၇၅၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**အလိမ္မာစာမှာရှိ**

**ပျောက်ဆုံးကြောင်း**

မိုင်းကိုင်မြို့နေ မနန်းဝင်းစန္ဒာထွေး(ဘ)ဦးစိုင်းလှအောင်၁၃/မကန(ပြု)၀၀၀၂၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၀၀၆၃၁၁၁

**ပျောက်ဆုံးကြောင်း**

အောင်ဖြိုးမင်း(ဘ)ဦးစိန်ဝင်း ၇/ပခန(နိုင်)၃၁၇၁၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**

အောင်ပြည့်ဖြိုး(ဘ)ဦးသူရဇော် ၁၂/ကကန(နိုင်)၁၃၃၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 146585) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၅၄၆၉၀၄၆

**ပျောက်ဆုံးကြောင်း**

ဇာဖြူလွင်(ဘ)ဦးသန်းလွင် ၁၄/သပန(နိုင်)၀၇၆၅၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဘိုးဘေးအညာစုကျေးရွာနေ မရွှေစင်ဖြိုး(ဘ)ဦးညီအေး ၁၄/ဝခမ(နိုင်)၃၃၄၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၀၄၆၁၅၁

**ပျောက်ဆုံးကြောင်း**

ယုနန္ဒာကျော်(ဘ)ဦးတင်စိုး ၁၂/ကတန(နိုင်)၁၂၉၅၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 167836)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၄၁၃၇၈၂

**ပျောက်ဆုံးကြောင်း**

မိုးမိုးဆန်း(ဘ)ဦးမောင်ဆန်းဝင်း ၁၂/ဒဂရ(နိုင်)၀၂၃၅၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 429418)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၇၀၅၅၄၄

**ပျောက်ဆုံးကြောင်း**

မစန္ဒာအေး(ဘ)ဦးပါအဲ ၁၃/မတန(နိုင်)၀၂၆၉၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၃၂၈၀၈

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ သီရိမဟာရပ်ကွက်နေ လော်လောက်ဝူ(ဘ)လော်ရှောက်ယွင် ၁၃/ကကန(နိုင်)၀၀၅၂၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၇၈၃၃၂


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
" မှန်သည် မြန်သည် မြဝတီ "
24 ~ (01) 2301421, 2317166
Phone No : (01) 2301367, 2301368, 2301452, 2301378
Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
MPU
UnionPay


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258


NAY PYI TAW
STARMART Nay Pyi Taw
STARMART nine mile Showroom
KHA YAE PIN MART
STARMART MANDALAY Wholesale


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
KHA YAE PIN MART
STARMART MANDALAY Wholesale
STARMART nine mile Showroom
STARMART Nay Pyi Taw

❖ ယနေ့ခေတ်မှ ပညာခေတ်မဟုတ်ကြောင်း၊ ကမ္ဘာဦးကာလကတည်းက ပညာကိုအခြေပြုပြီး လူ့ဘောင်လောကကို တည်ဆောက်ခဲ့ကြခြင်းဖြစ် . . .
❖ ပညာကြောင့်ပင် လူသားတို့ယဉ်ကျေးမှုသမိုင်း ပြောင်းလဲတိုးတက်ခဲ့ခြင်းဖြစ် . . .
❖ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများကိုလေ့လာကြည့်ပါက ပညာတတ်များပေါ်ကြွယ်ဝခြင်းနှင့် ပညာရေးကို နှစ်ကာလများစွာကတည်းက အားပေးခဲ့ကြခြင်းကြောင့်ဖြစ်သည်ကိုတွေ့နိုင် . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင်ပြုလုပ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု(၃၈)ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## လဲချားမြို့နယ်၊ ကောင်းစံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသည့် တရားမဝင် ပြည်ပနိုင်ငံသားများအားဖမ်းဆီးရမိ



လဲချားမြို့နယ်၊ ကောင်းစံကျေးရွာအနီး၌ဖမ်းဆီးရမိသည့် တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူ တရုတ်နိုင်ငံသားအမျိုးသား ၂၆ ဦးကို တွေ့ရစဉ်။

နေပြည်တော် မတ် ၂၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၇ ကော်လံ ၃▼

## တာချီလိတ်မြို့၌ ငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၁

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့်တရားမဝင်ရောင်းဝယ်မှုတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက်စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊

စာမျက်နှာ ၁၅ ကော်လံ ၁ ●



သိမ်းဆည်းရမိသည့် မော်တော်ယာဉ်များနှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို တွေ့ရစဉ်။

## KBZ Community 10 Mile Run 2026 အပြေးပြိုင်ပွဲ အပြေးသမားသုံးထောင်ကျော်ပါဝင်ဆင်နွှဲ



ရန်ကုန် မတ် ၂၁

RUNderful Myanmar အပြေးအားကစားအဖွဲ့နှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အားကစားသမားဟောင်းများ လူမှုရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် KBZ Community 10 mile Run 2026 ပြိုင်ပွဲကို ယနေ့နံနက် ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ

စာမျက်နှာ ၁၅ ကော်လံ ၁ ❐

### စနေနေ့ဘောလုံးပွဲရလဒ်များ

| | | |
|---|---|---|
| အင်္ဂလန်ပရီးမီးယားလိဂ် | | |
| ဘုန်းမောက် | ၂ - ၂ | မန်ယူ |
| ဘရိုက်တန် | ၂ - ၁ | လီဗာပူး |
| ဖူဟမ် | ၃ - ၁ | ဘန်လေ |
| စပိန်လာလီဂါ | | |
| ဗီလာရီးရဲ | ၃ - ၁ | ဆိုစီဒက် |
| အယ်ချီ | ၂ - ၁ | မာယော့ကာ |
| ဂျာမန်ဘွန်ဒက်လီဂါ | | |
| လိုက်ပဇစ် | ၅ - ၀ | ဟော့ဖန်ဟိမ်း |
| ဘိုင်ယန် | ၄ - ၀ | ယူနီယံဘာလင် |

